မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၁၇၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၂၇ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံငြိမ်းချမ်းရေး သဘောတူညီချက်အတွက် သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၇

ဖိလစ်ပိုင်သမ္မတနိုင်ငံ ဘန်ဆာမိုရိုသမိုင်းဝင် ငြိမ်းချမ်းရေးသဘောတူညီချက်စာချုပ်ကို ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် လက်မှတ်ရေးထိုးမည်ဟုသိရှိရသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမစ္စတာဘီနင်နိုအကွီနို(၃)နှင့် ဖိလစ်ပိုင်ပြည်သူများထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံရဲ့ သမိုင်းစဉ်မှာ အကောင်းဆုံးနဲ့အရေးကြီးဆုံးအချိန်အခါကို ရောက်ရှိနေပြီ မိမိတို့ စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ကို တည်ဆောက်ကြရမယ့် အချိန်အခါကောင်းဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ထမ်းဆောင်မှုသက်တမ်း သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့တွင် တာဝန်ထမ်းဆောင်မှုသက်တမ်းသုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါမိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ထမ်းဆောင်မှုသက်တမ်း သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

နာယကကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီလွှတ်တော်ကြီးထဲမှာ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုပြီးတဲ့နောက် ကျွန်တော်တို့အစိုးရလက်ထက်မှာ လျှောက်လှမ်းမယ့် မူဝါဒသဘောထားလမ်းစဉ်တွေကို ထုတ်ဖော်ကြေညာခဲ့ပါတယ်။ အခုလာမယ့် မတ်လ ၃၀ ရက်နေ့ဆိုရင် တာဝန်ထမ်းဆောင်ခဲ့တာ သုံးနှစ်တင်းတင်း ပြည့်မြောက်ပြီ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်းပြည်ပက လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေအားလုံးကို တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး လက်ကမ်းကြိုဆိုခဲ့ပါတယ်။ သုံးနှစ်ပြည့်မြောက်ချိန်မှာ ဒီသဘောထားကို ဘယ်လောက်အထိ ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီလဲဆိုတာ ပြန်လည်သုံးသပ်ရင် ကျေနပ်အားရဖွယ်ကောင်းတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့ ဆောင်ရွက်နိုင်တာကို တွေ့ရှိနိုင်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

- ☆ ၂၀၁၂ ခုနှစ်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ဝင်ရောက်ခဲ့
- ☆ ၂၀၁၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိ တိုးတက်ဝင်ရောက်လာ
- ☆ ၂၀၁၃ ခုနှစ်မှာ ကုန်ထုတ်လုပ်မှု၊ ဟိုတယ်လုပ်ငန်းတွေမှာ အလုံးအရင်းနဲ့ လာရောက်ရင်းနှီးမြှုပ်နှံလာခဲ့ပြီးတော့ ဒီနှစ်ဆိုရင် တယ်လီကွန်းကဏ္ဍ၊ လေဆိပ်စီမံကိန်းတွေနဲ့ အထူးစီးပွားရေးဇုန်တွေ၊ အထည်ချုပ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပြီးစီးဝင်လာဖို့ရှိ

နိုင်ငံတော်သမ္မတကြီးလက်မှတ်ရေးထိုးထားသည့် အောင်နိုင်ရေးအလံအား ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်တွင်လွှင့်ထူရန် တောင်တက်သမားငါးဦး ကြိုးပမ်းမည်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

နိုင်ငံသား တောင်တက်သမားငါးဦးသည် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်ကာ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပေးထားသော မြန်မာနိုင်ငံတော်အလံကို **(ယာပုံ)** လွှင့်ထူမှတ်တမ်းတင်နိုင်ရန် ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။

"ကျွန်တော်တို့ ဧဝရက်တောင်ထိပ်မှာ မြန်မာနိုင်ငံအလံကို လွှင့်ထူ မှတ်တမ်းတင်လိုပါတယ်။ တောင်တက်သမားတွေရဲ့ အကြီးမားဆုံး စိတ်ဆန္ဒက ပေနှစ်သောင်းကျော်မြင့်တဲ့ ကမ္ဘာ့အမြင့်ဆုံးတောင်ကြီးကို အောင်မြင်စွာ တက်ရောက်နိုင်ဖို့ ဖြစ်ပါတယ်။ လိုအပ်တဲ့ လေ့ကျင့်မှုတွေအားလုံးလုပ်ဆောင်ပြီးပြီမို့ ကျွန်တော်တို့ငါးယောက် အဆင်သင့်ဖြစ်နေပါပြီ။ သမ္မတကြီးနဲ့ ဗိုလ်ချုပ်မှူးကြီးတို့က အောင်နိုင်ရေးအလံကို ပေးအပ်ခဲ့လို့ အလွန်ဝမ်းသာပြီး တောင်တက်သမားတွေအတွက် အင်အားတစ်ခုဖြစ်စေပါတယ်"ဟု ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်သို့တက်ရောက်မည့် တောင်တက်သမားတစ်ဦးဖြစ်သူ ကချင်

စာမျက်နှာ ၆ ကော်လံ ၁ ✴

ပြည်သူ့လွှတ်တော်အစည်းအဝေး

လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပြီး မြေငှားဂရန်ချထားပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိ စာ » ၇

အမျိုးသားလွှတ်တော်အစည်းအဝေး

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့အာဏာထက်မြက်ရေးအတွက် ကျိုးနွံစွာဖော်ဆောင်ကြရန်တာဝန်ရှိ စာ » ၇

ဥပဒေ

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း စာ » ၁၅

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အလေးပြု ဂုဏ်ပြုထိုက်သူများ

မည်သည့်နိုင်ငံမဆို လုံခြုံမှုရှိပါမှ တည်ငြိမ်အေးချမ်းမှုကို ဖြစ်စေပြီး တိုးတက်အောင်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး လုံခြုံအေးချမ်းရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။ ယနေ့လူတိုင်းလူတိုင်း ကောင်းစွာအိပ်စက်နေရခြင်း၊ မိမိအလုပ်ကို အနှောင့်အယှက်ကင်းအောင် ဆောင်ရွက်နိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားစည်ပင်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခြင်းတို့မှာ လုံခြုံအေးချမ်းမှု၏ အကြောင်းတရားများသာ ဖြစ်ပေသည်။

ဤသို့ လုံခြုံအေးချမ်းအောင် ဆောင်ရွက်နေကြသူများမှာ အခြားမဟုတ်။ တပ်မတော်သားများပင် ဖြစ်ပါသည်။ ယနေ့ တပ်မတော်သားများသည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးနေကြသူများပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနေကြသူများပင် ဖြစ်ပါသည်။

တပ်မတော်သားများသည် "ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်နေကြသူများပင်ဖြစ်ပါသည်။ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနေရုံမက ပြည်တွင်း ပြည်ပအဖျက်အမှောင့်ရန်စွယ်အန္တရာယ်များ ကြုံကြိုက်လာလျှင်လည်း ရှေ့ကမားမားမတ်မတ်ရပ်တည်လျက် အသက်ကိုစွန့်ကာ ကာကွယ်ပေးနေကြသူများ ဖြစ်ပါသည်။

ထိုမျှမက တပ်မတော်သားများသည် သဘာဝဘေးကဲ့သို့သော အန္တရာယ်များနှင့်ကြုံကြိုက်လာလျှင်လည်း ရှေ့ဆုံးက ရဲရဲဝံ့ဝံ့ ကူညီပေးတတ်ကြပါသည်။ "နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး"ဆိုသည်မှာ ယခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော (၆၉)နှစ်မြောက် တပ်မတော်နေ့၏ ဦးတည်ချက်တစ်ခုပင်ဖြစ်သည်။ ဤအချက်ကို ထောက်ရှုလျက် တပ်မတော်သားများသည် ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနေသည်ဆိုသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

ဤသို့ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရင်း အသက်ကို စတေးပေးဆပ်ခဲ့ရသူများ၊ ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူများ တပ်မတော်တွင် မြောက်မြားစွာရှိပါသည်။ တိုက်ပွဲအသီးသီးတွင် အသက်နှင့်ရင်း၍ တိုက်ပွဲဝင်ခဲ့ကြသော်လည်း ဘေးမသီ ရန်မခဘဲ အသက်ရှင်ကျန်ရစ်သူများလည်း ရှိပါသည်။ ထိုတပ်မတော်သားအားလုံးသည် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးအတွက် ကာကွယ်စောင့်ရှောက်ပေးနေသော အာဇာနည်သူရဲကောင်းများပင် ဖြစ်ပါသည်။

ထိုအာဇာနည်သူရဲကောင်းများသည် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက လေးစားဂုဏ်ပြုထိုက်သူများပင်ဖြစ်ပါသည်။ လေးစားခြင်း၊ ချစ်ခင်ခြင်း၊ ဂုဏ်ပြုခြင်းတို့ဖြင့် အသိအမှတ်ပြုကြရမည် ဖြစ်ပါသည်။ တပ်မတော်နှင့် ပြည်သူချစ်ကြည်စွာ လက်တွဲလျက် တိုင်းပြည်တိုးတက်အောင် တည်ဆောက်သွားနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

(၆၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ပဲခူး မတ် ၂၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မတ် ၂၄ရက် နံနက်က ပဲခူးမြို့မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ပြီး တီဘီရောဂါကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်တိုင်းတွင် အခမဲ့ဆေးကုသလျက်ရှိပြီး ထိုသို့ကုသနိုင်ရန်အတွက် ပြည်သူလူထုအားမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ စောစီးစွာ ညွှန်ပို့ပေးခြင်း၊ တီဘီရောဂါဝေဒနာရှင်များနှင့် အတူနေမိသားစုဝင်များကို ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ အိမ်တိုင်ရာရောက်ကွင်းဆင်းပေးခြင်း၊ တစ်ရက်ဆေးသောက် ပျက်ကွက်ပါက အိမ်တိုင်ရာရောက်ဆေးပြန်သောက်ရန်ခေါ်ယူခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်လိုကြောင်း၊ တီဘီရောဂါကုသရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ နှီးနွှယ်ဌာနဆိုင်ရာများနှင့် ပြည်သူတစ်ရပ်လုံးက မိမိကြိုက်ရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုကြောင်း စသည်ဖြင့် အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၄ ခုနှစ်ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဖွင့်ပွဲမိန့်ခွန်းကို ဖတ်ကြားပြီးနောက် တိုင်းဒေသကြီး တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာအေးအေးငြိမ်းက တီဘီရောဂါအကြောင်းနှင့် ရုံးလုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးချုပ်က ၂၀၁၃ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ မြို့နယ်များကို ဆုချီးမြှင့်ပြီး **(ဝဲပုံ)** တီဘီရောဂါဆိုင်ရာ ပြခန်းငယ်ကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

သန့်စင်(ပဲခူး)

သကြံန်တွင်းဝန်ထမ်းများ စုပေါင်းဒုလ္လဘရဟန်းခံပွဲနှင့် တရားစခန်းပွဲ (၇)ကြိမ်မြောက် ကျင်းပမည်

နေပြည်တော် မတ် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပန်းခင်းကွက်သစ် ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည်တရားရိပ်သာအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ၊ ကုမ္ပဏီအသီးသီးမှ ဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံအသီးသီးမှ ဝန်ထမ်းများ၊ ၎င်းတို့မိသားစုဝင်များ စုပေါင်း၍ ဒုလ္လဘရဟန်းခံပွဲနှင့် ဝိပဿနာအလုပ်ပေးတရားစခန်းပွဲကြီးကို ဧပြီ ၁၂ ရက်မှ ၂၀ ရက်အထိ (၇)ကြိမ်မြောက် ကျင်းပပါမည်။

ဧပြီ ၁၂ ရက်ညနေ ၄ နာရီတွင် ဥပသမ္ပဒကံဆောင်ပြီး ည ၇ နာရီတွင် ယောဂီများအား ဘုရားကြီးတောရကျောင်း ရွှေပြည်အေး မဟာစည်တရားရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးဓမ္မပါလက နိဗ္ဗာန်ရောက်ကြောင်းဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသပါမည်။

တရားအားထုတ်လိုသော သူတော်စင်များသည် ဖုန်း ၀၆၇-၂၃၀၄၃နှင့် ၀၉-၂၅၀၈၀၁၃၇၀ တို့သို့ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရကထောက်ခံတင်ပြထားသောစီမံကိန်းရှစ်ခုအတွက် ပြည်ထောင်စုအစိုးရကခွင့်ပြုကူညီပေးရေးဆိုင်ရာဆွေးနွေး

နေပြည်တော် မတ် ၂၆

ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရကထောက်ခံတင်ပြထားသော စီမံကိန်းရှစ်ခုအတွက် ပြည်ထောင်စုအစိုးရက ခွင့်ပြုကူညီပေးရေးနှင့်စပ်လျဉ်းသည့်ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အသီးသီးမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော်၊ စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် သက်ဆိုင်ရာကုမ္ပဏီများက ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရက ထောက်ခံတင်ပြထားသော စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ သတင်းမီဒီယာများအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ သတင်းမီဒီယာများအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ သိရှိလိုသည်များနှင့်ပတ်သက်၍မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှ အမှုဆောင်အရာရှိချုပ်နှင့် ကင်းထောက်လူငယ်များအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Ms. Mary Mc Phail ဦးဆောင်သည့် ကင်းထောက်လူငယ်များအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့၏ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခြင်း၊ ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှ မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့အား ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့မှ အမှုဆောင် အရာရှိချုပ်ဖြစ်သူ Ms. Mary Mc Phail နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

ပြည် မတ် ၂၆

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် နဝင်းကွက်သစ်(၈)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းမြင့်နှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ သူရဦးမြင့်သူ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

(၀၁၉)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၃-၂၀၁၆(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၃၀ **(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- ၈း၀၀ (၆၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၁၅း၂၅ တပ်မတော်နေ့ဂုဏ်ပြု ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းဖျော်ဖြေမှု အစီအစဉ်
- ၁၇း၁၅ (၆၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉း၁၅ (၆၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၂၀း၀၀ ပြည်တွင်းသတင်း၊ - ရုပ်မြင်သံကြားဇာတ်လမ်း **သူရဲကောင်းတို့ မွေ့လျော်ရာ** (ဇာတ်သိမ်း)

၂၀၁၄ ခုနှစ် စက်တင်ဘာတန်းအတွက် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်လိုသူများ

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူမှစ၍ (ကျား/မ မရွေး) ဂျပန်နိုင်ငံသို့ လွယ်ကူချောမွေ့စွာ သွားရောက်ပညာသင်ကြားနိုင်ပြီး၊ စားဝတ်နေရေးပြေလည်စေရန် အလုပ်အကိုင်ရှာဖွေ အစီအစဉ်များ ဆောင်ရွက်ပေးနေပါသည်။ ၂၀၁၄ခုနှစ် စက်တင်ဘာတန်းအတွက် လျှောက်လွှာများ စတင်လက်ခံပေးနေပါသည်။

ဆက်သွယ်စုံစမ်းရန်- TOKYO UNIVERSITY OF SOCIAL WELFARE
MYANMAR JAPANESE LANGUAGE OFFICE
Building No. A-3-2, Room (102), Myanma Gonyi Housing,
Upper Pansodan Road, Mingalar Taung Nyunt Township, Yangon,
Tel : (95-1) 393-370 , (95)-9-4211-4-7070
Email : tokyo.fukushi.myanmar@gmail.com

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဖန်ချင်းဟွာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

ကွမ်ရှီးကျွမ်းကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ၎င်း၏ဧည့်ခန်းမတွင် လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)** တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲ အပြီးတွင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လှူဒါန်းသည့် ယွမ် ၁ ဒသမ ၀၅ သန်း တန်ဖိုးရှိ Dongfeng Fengxing Luxury MPV အမျိုးအစား မော်တော်ယာဉ် ခြောက်စီးအား ပေးအပ်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့အား မတ် ၂၅ ရက်တွင် မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်နှင့်အဖွဲ့ နေပြည်တော်မှပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ရောက်ရှိနေသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာနှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဝင်းသန်း တောင်ကြီး-လွယ်လင်-ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် ဖိုင်ဘာဆက်ကြောင်းတည်ဆောက်ခြင်းလုပ်ငန်းကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၆

ပို့ဆောင် ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ (Delivery Unit) ဒုတိယဥက္ကဋ္ဌ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းသည် မတ် ၂၂ ရက်တွင် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ (Delivery Unit) ခရီးစဉ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မိုင်းဖြတ်-တာလေလမ်းပိုင်း ကီလိုမီတာ တိုင်အမှတ် (၈၃)အနီးတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် တောင်ကြီး-လွယ်လင်-ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် မြေအောက်ဖိုင်ဘာဆက်ကြောင်း၊ (၉၆ Core) ကေဘယ်လ်ချခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဖိုင်ဘာဆက်ကြောင်းသည် ၆၅၀ ကီလိုမီတာရှည်လျားပြီး ရှမ်းပြည်နယ်အတွင်း တောင်ကြီး-လွယ်လင်-နမ့်စန်-ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် မြို့များအား ဆက်သွယ်ချခင်းသွားမည်ဖြစ်သည်။ ကေဘယ်လ်ချခြင်းလုပ်ငန်းအား ၂၀၁၄ ခုနှစ် မေလကုန်ခန့်တွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ပြီး ခေတ်မီ (DWDM) ဖိုင်ဘာဆက်သွယ်ရေး စက်ပစ္စည်းများ ဆက်လက်တပ်ဆင်သွားမည်ဖြစ်ပါကြောင်း သိရှိရသည်။

အဆိုပါ ဖိုင်ဘာဆက်ကြောင်း ပြီးစီးသွားပါက ရှမ်းပြည်နယ်အတွင်း ဒေသအတွင်း ဆက်သွယ်မှုပိုမိုကောင်းမွန်လာမည်သာမက အိမ်နီးချင်းနိုင်ငံများနှင့်ပါ ချိတ်ဆက်၍ နယ်စပ်ဖြတ်ကျော်၊ ကုန်းတွင်း ပြည်ပဆက်ကြောင်းများအဖြစ်လည်း ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

မကွေး မတ် ၂၆

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌စတင်ကျင်းပရာ မေးခွန်းကိုးခုမေးမြန်းဖြေကြားခြင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အကြံပြုဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ မကွေးတိုင်းဒေသကြီး၏၂၀၁၄ ခုနှစ် ယစ်မျိုးခွန် ဥပဒေကြမ်းတစ်ပိုဒ်ချင်းကို အတည်ပြုခြင်းများဆောင်ရွက်ခဲ့ပြီး အစည်းအဝေးစတုတ္ထနေ့ကို မတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

ဂျပန်နိုင်ငံအစိုးရ၏အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁၅၀၂၅၁၅ တန်ဖိုးရှိသောလူသားချင်းစာနာထောက်ထားမှု အထောက်အပံ့စီမံကိန်းရှစ်ခုထောက်ပံ့

နေပြည်တော် မတ် ၂၆

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံအမတ်ကြီး Mr.Mikio NUMATA နှင့် သက်ဆိုင်ရာစီမံကိန်းရှစ်ခုမှ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌများသည် အမေရိကန်ဒေါ်လာ ၁၅၀၂၅၁၅ တန်ဖိုးရှိသော အထောက်အပံ့ပေးရေးသဘောတူစာချုပ်များကို ယနေ့အသီးသီးလက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါစီမံကိန်းများမှာ-

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မိုးဂနိမ်း အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၆၆၄၄၊ ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၆၂၇၁၁၊

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သော်ကမြောင် မျိုးဆက်သစ် လူငယ်ပရဟိတဂေဟာနှင့်ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂၁၀၂၅၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် သမိုင်းအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၈၁၂၂၊

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ ညောင်ဝိုင်းရွာ ကျေးရွာချင်းဆက်တံတားဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃၀၈၃၂၄၊ ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ မြကန်သာအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၂၁၆၈၉၊

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဗန်းမော်ပြည်သူ့ဆေးရုံကြီး တိုးချဲ့မွေးလူနာဆောင် ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၂၁၇၃၇၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ခေါင်ဖူးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၃၂၂၆၃ တို့ဖြစ်ပါသည်။

အဆိုပါ ကဝမြို့နယ်၊ ဘားအံမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဟိုပင်မြို့နယ်ခွဲ၊ မြစ်ကြီးနားမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့မှ ကျောင်းငါးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်းတို့တွင် ပညာရည်နို့သောက်သုံးနေကြသော ကျောင်းသားပေါင်း ၂၄၀၀ ခန့်မှာ အိုမင်းဟောင်းနွမ်းနေသော ကျောင်းအဆောက်အအုံများ၊ ပြည့်စုံမှုတမှုမရှိသော စာသင်ခန်း၊ ပတ်ဝန်းကျင်များတွင်သင်ကြားနေရသော အခက်အခဲများရှိနေခဲ့ရာ ဂျပန်နိုင်ငံအစိုးရမှ ကျောင်းသုံးပရိဘောဂများအပါအဝင် သန့်ရှင်းသပ်ရပ်သော ကျောင်းစာသင်ခန်းများ၊ ကျောင်းသုံးအိမ်သာများပါရှိသော သံကူကွန်ကရစ် ကျောင်းဆောင်သစ်များ ထောက်ပံ့ကူညီပေးမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စုနှင့် စစ်ကွင်းကျေးရွာအုပ်စုအကြား ကျေးလက်ဖွံ့ဖြိုးရေးလမ်းပေါ်ရှိ တံတားမှာ ပျက်စီးယိုယွင်းနေလျက်ရှိရာ ထိုတံတားကိုအသုံးပြုပြီး သွားလာလှုပ်ရှားနေကြသော ကျေးရွာပေါင်း ၃၆ ရွာ၏ လူမှုစီးပွားအခြေအနေများပိုမိုတိုးတက်လာစေရန်အတွက် ခိုင်ခံ့တောင့်တင်းသော သံကူကွန်ကရစ်တံတားတစ်စင်း လိုအပ်လျက်ရှိပါသည်။ ဤကဲ့သို့အခြေအနေများတွင် ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြစ်သော ပေ ၂၄၀ အရှည်ရှိသော သံကူကွန်ကရစ်တံတားအသစ်တစ်စင်းသည် ဒေသတွင်း ကျေးရွာလူထု၏လိုအပ်ချက်နှင့်ကိုက်ညီမှုရှိပြီး ကျောင်းသား ကျောင်းသူများ ၊ လူနာများ၊ ဒေသခံတောင်သူလယ်သမားများ၏အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခဲ့မည်ဖြစ်ပါသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် သင့်တော်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန်ရည်ရွယ်ပြီး ဆေးရုံသုံးပစ္စည်းများနှင့်တကွ မွေးလူနာဆောင်အသစ်တစ်ဆောင်ကို ဂျပန်နိုင်ငံအစိုးရက ဗန်းမော်အထွေထွေဆေးရုံဝင်းကြီးအတွင်းတွင် ဆောက်လုပ်ကူညီပေးခြင်းအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ တိုးတက်လာစေမည်ဖြစ်ပါသည်။

ဤကဲ့သို့ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများထောက်ပံ့ရေး အစီအစဉ်ဖြင့် ထောက်ပံ့ပေးလျက်ရှိရာ ၁၉၉၃ ခုနှစ်မှစတင်ပြီး စီမံကိန်းပေါင်း ၆၈၅ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါသည်။ ယင်းတို့အနက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးစီမံကိန်းပေါင်း ၃၁၁ ခု၊ လမ်း၊တံတားတည်ဆောက်ရေး စီမံကိန်းပေါင်း ၃၁ ခုနှင့် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်းနှင့် ဆေးရုံဆေးခန်းအဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၇၅ ခုတို့ကို ဆောက်လုပ်ကူညီပေးခဲ့ပြီးဖြစ်ပါသည်။ ဤအထောက်အပံ့များသည် ယခုနှစ်တွင် နှစ်နိုင်ငံသံတမန် တည်ထောင်မှုအနှစ် (၆၀)ပြည့်ခဲ့ပြီဖြစ်သည့် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

နောက်ဆုံးပုံရိပ်များကို ပြင်သစ်အခြေစိုက် Airbus Deferce and Space အဖွဲ့က ဖမ်းယူရရှိခဲ့ခြင်းဖြစ်ပြီး လေယာဉ်အစိတ်အပိုင်းများဟု ယူဆရသည့် အရာဝတ္ထုပစ္စည်း ၁၂၂ ခု ပါဝင်ကြောင်း၊ အရာဝတ္ထုပစ္စည်းများမှာ အရွယ်အစားကွာခြားကြပြီး အလျားမှာ ၁ မီတာမှ ၂၃ မီတာ အထိရှိကြကြောင်း၊ မလေးရှားပို့ဆောင်ရေးဝန်ကြီးက ပြောကြားသည်။

နောက်ဆုံးရပုံရိပ်များမှာ မတ် ၂၄ ရက်က ဖမ်းယူရရှိခဲ့ခြင်းဖြစ်ပြီး မတ် ၂၅ ရက်တွင် ပြင်သစ်ကမလေးရှားကိုပေးအပ်ခဲ့ကြောင်း၊ မလေးရှားရီမုတ်ဆင်စင်းအေဂျင်စီ၏ သုံးသပ်ချက်များအရ ယင်းအရာဝတ္ထု ၁၂၂ ခုမှာ စတုရန်းကီလိုမီတာ ၄၀၀ အတွင်းရှိသည်ဟု သိရှိရကြောင်း၊တချို့သော ပစ္စည်းများသည် အရောင်တောက်ပနေသည့်အတွက် အစိုင်အခဲများအဖြစ် ရှိနေသည်ဟု ယူဆရကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီးက ထပ်လောင်းပြောကြားသည်။

ထို့ပြင် မလေးရှားပို့ဆောင်ရေးဝန်ကြီးက မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့်မိမိကိုယ်တိုင် တရုတ်အထူးကိုယ်စားလှယ်ဖြစ်သော ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်ရီဆူနှင့်တွေ့ဆုံခဲ့ပြီး ဗြိတိသျှကုမ္ပဏီအင်မာဆတ်မှ ရရှိသော နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအားလုံးကို ရှင်းပြခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတကာနည်းပညာအဖွဲ့၏ ပြည့်စုံသောရှင်းလင်းချက်များကိုလည်း တရုတ်အထူးကိုယ်စားလှယ်အဖွဲ့က လက်ခံရရှိခဲ့ကြောင်း၊ ယခုအခါ အင်မာဆတ်၏နောက်ဆုံးရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံပြီး နိုင်ငံတကာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ယင်းအဖွဲ့တွင် အင်မာဆတ်၊ AAIB ၊ တရုတ် CAAC နှင့် AAID, NTSB , FAA, ဘိုးရင်းနှင့် ဂိုးစ်ရိုင်စီကုမ္ပဏီနှင့် သက်ဆိုင်ရာ မလေးရှားအာဏာပိုင်များ ပါဝင်ကြောင်း ဆိုသည်။

ဩစတြေးလျက ရှာဖွေနယ်ပယ်ကို အရှေ့နှင့်အနောက်ဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး တစ်ပိုင်းလျှင် လေယာဉ်ခြောက်စင်းနှုန်းဖြင့် ရှာဖွေမှုပြုရာမှ နောက်ထပ် လေယာဉ်နှစ်စင်း ထပ်မံဖြည့်တင်းသွားမည်ဖြစ်ကြောင်း၊ မြောက်ပိုင်းပျံသန်းရေလမ်းကြောင်းနှင့် တောင်ပိုင်းပျံသန်းရေးလမ်းကြောင်း၏ မြောက်ပိုင်းအရပ်ရှာဖွေမှုများ ရပ်ဆိုင်းပြီး ယင်းကဲ့သို့ ရပ်ဆိုင်းလိုက်ကြောင်းကိုလည်းသက်ဆိုင်ရာ နိုင်ငံများကို တရားဝင်အကြောင်းကြားထားပြီးဖြစ် ကြောင်း၊ မလေးရှားလေကြောင်းလိုင်းအနေဖြင့် လေယာဉ်ပေါ်ပါရှိသော တရုတ်လူမျိုး ခရီးသည်များ၏ မိဘဆွေမျိုးများနှင့် အဆက်မပြတ်ဆက်သွယ်မှုများ ပြုလုပ်နေသလို မတ် ၂၇ ရက်တွင်လည်း သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီးက သတင်းထောက်များသို့ ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က မလေးရှားပျောက်ဆုံးလေယာဉ်သည် ဩစတြေးလျနိုင်ငံ အနောက်ဘက် အလှမ်းဝေးလှသည့် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ပျက်ကျသွားခဲ့ပြီဖြစ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့သည်။ မလေးရှားဝန်ကြီးချုပ်က ယင်းကဲ့သို့ ထုတ်ပြန်ကြေညာခဲ့သည့်တိုင် တရုတ်အစိုးရကမူ ဖြစ်နိုင်ဖွယ်ရှိသော ရှာဖွေနယ်ပယ်များအတွင်း ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က ပျောက်ဆုံးလေယာဉ်ကို ဆက်လက်ရှာဖွေနိုင်ရန် မလေးရှားအစိုးရနှင့် အခြားသောရှာဖွေရေးအဖွဲ့များကို အကူအညီပေးကြရန် သက်ဆိုင်ရာ တရုတ်အေဂျင်စီများကို အမိန့်ပေးထားပြီး ရှာဖွေရေးလုပ်ငန်းများ ပိုမိုထိရောက်ရေးအတွက် ကောင်းမွန်သော ပြင်ဆင်မှုများ လုပ်ထားကြရန် တိုက်တွန်းထားသည်။

ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ နယူးဇီလန်၊ တရုတ်၊ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ လေယာဉ်များမှာ မတ် ၂၅ ရက်က ရာသီဥတုဆိုးရွားမှုကြောင့် ခေတ္တရပ်နားခဲ့ပြီး မတ် ၂၆ ရက်နံနက်ပိုင်းမှစတင်ကာ ပတ်သ်မြို့ အနောက်တောင်ဘက်ကီလိုမီတာ ၂၅၀၀ ခန့်ရှိ ပင်လယ်ပြင်၌ ရှာဖွေမှုများ ပြန်လည်လုပ်ဆောင်ခဲ့ကြသည်။

ဩစတြေးလျဝန်ကြီးချုပ် တိုနီအဗ္ဗော့တ်က "လေယာဉ်ပျက်ကျတယ်လို့ ယူဆရတဲ့ နေရာကတော့ အလွန့်အလွန်ဝေးလှပါတယ်။ ဩစတြေးလျကနေသွားရင်တောင် မိုင်ထောင်ချီရှိနေတယ်" ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စုကမူ ရေအောက်သွား မောင်းသူမဲ့သင်္ဘောတစ်စင်းနှင့် ဩစတြေးလျကာကွယ်ရေးသင်္ဘောတစ်စင်းပေါ် တပ်ဆင်မည့် လေယာဉ်မှတ်တမ်းသတင်းအချက်အလက်များထိန်းသိမ်းထားသော black box ရှိသည့် နေရာကို အာရုံခံရှာဖွေပစ္စည်း "ဒီတက်တာ"ကို ဩစတြေးလျထံပေးပို့လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ/ဆင်ဟွာ)

ပြည်တွင်းသတင်း

ရထားပြေးဆွဲမှုကို ဗဟိုမှ ထိန်းချုပ်သည့်စနစ်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိရိယာပစ္စည်းများတပ်ဆင်သည့်စီမံကိန်းအတွက် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုး

နေပြည်တော် မတ် ၂၆

မြန်မာ့မီးရထား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အစိုးရ၏ထောက်ပံ့ကူညီမှုအစီ အစဉ်များထဲမှ စီမံကိန်းတစ်ခု ဖြစ်သော ရထားပြေးဆွဲမှု ဗဟိုထိန်းချုပ်စနစ် (Operation Control Center System)အတွက် ဂျပန်ယန်းငွေ လေးဘီလီယံ အထောက်အပံ့ပေး ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကိုမတ်၂၄ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအထောက်အပံ့ဖြင့် ရထားပြေးဆွဲမှုကိုဗဟိုဌာနမှ ထိန်းချုပ်သည့် စနစ်နှင့်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ခေတ်မီအဆင့်မြင့် စက်ပစ္စည်း ကိရိယာများ တပ်ဆင်သွားမည်ဖြစ်ပြီး ဂျပန်အစိုးရမှ ယန်းငွေ လေးဘီလီယံတန်ဖိုးရှိ စက်ပစ္စည်းများနှင့် နည်းပညာများထောက်ပံ့ရန်၊ မြန်မာ့မီးရထား၏ ဝန်ဆောင်မှုနှင့် လုံခြုံစိတ်ချရမှု အဆင့်တိုးမြှင့်ရန်၊ ရထားလမ်းများပြုပြင် ထိန်းသိမ်းခြင်း စီမံကွပ်ကဲမှုစွမ်းရည်တိုးတက် မြင့်မားလာရန်တို့ကို ဆောင်ရွက်မည် ဖြစ်သည်။

ယင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး JICA (Grant) အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် ဂျပန်နိုင်ငံ Chief Representative မှ JICA Mr. Masahiko Tanaka တို့ လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)** အဆိုပါ စီမံကိန်းသည် စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ၂၀၁၈ ခုနှစ် အထိ လေးနှစ်ခန့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးချန်မောင်နှင့် ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ JICA မှ Mr. Masahiko Tanaka နှင့် အဖွဲ့တို့ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၂၆

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ရေး စိစစ်ရွေးချယ် ရေးကော်မတီ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်သည် မွန်ပြည်နယ်အစိုးရအဖွဲ့ ၊စိုက်/မွေးဝန်ကြီးဦးမျိုးညွန့်နှင့်အတူ မြို့နယ်ဆု ၊စံပြကျေးရွာဆု ကွင်းဆင်းစိစစ်ရွေးချယ်ရေးအဖွဲ့ ငယ်ခေါင်းဆောင်များနှင့်အတူ မတ် ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံရပ်မိရပ်ဖများ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်က ရေရှည်အကျိုးရလဒ်ကောင်းများကို မျှော်မှန်းပြီး ဆုချီးမြှင့်ခြင်းဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များကို တစ်နှစ်ထက်တစ်နှစ် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများသည် ကျရာကဏ္ဍမှ တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ရန်နှင့် အချို့သော မြို့နယ်/ကျေးရွာများတွင် နိုင်ငံရေးပါတီများ ကွဲပြားစွာ တည်ရှိနေသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ရေးမြို့နယ် အစင်ကျေးရွာတွင် "မြတ်သူရကုမ္ပဏီ" မှ ပြည်တွင်း/ပြည်ပထုတ်လုပ်တင်ပို့သည့် ငါးအအေးခန်းလုပ်ငန်းစက်ရုံ၊ ကျေးရွာခုနစ်ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးသည့် ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ငါးအအေးခန်းသုံး ရေခဲထုတ်စက်ရုံ၊ ကျေးရွာစာကြည့်တိုက်၊ အခြေခံပညာအထက်တန်းကျောင်း၊ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၊ အသင်းမှ ဆောင်ရွက်နေသော သားဖွားခန်း၊ ကျန်းမာရေးဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတို့နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ပုဂ္ဂလိက အသေးစား စက်မှုလုပ်ငန်းများ၊ ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း၊ ဘဲမွေးမြူရေးလုပ်ငန်းများ၊ ကျေးရွာအတွင်း ဆောင်ရွက်ထားသော ကတ္တရာလမ်းများ၊ ရွာအကွက်ချဆောက်လုပ်ထားသည့် အိမ်ခြေများ၊ ကျေးရွာသန့်ရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် ကိုယ့်အားကိုယ်ကိုး မြစ်ရေဝင်ရောက်မှု ရေတားတမံဖို့ထားသည့် လမ်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

ဆွေးနွေးပွဲသို့ပါဝင်တက်ရောက်နိုင်ပါရန်ဖိတ်ခေါ်ခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူစိတ်ပါဝင်စားသူများ၏တောင်းဆိုမှု၊ အကြံပေးမှုများအရ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီသည် "Presenting and Discussion Operational Management On SEA Games Opening and Closing Ceremony" ခေါင်းစဉ်ဖြင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြမှုအား ၂၈-၃-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့၊ Chatrium Hotel Ballroom ၌ ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးမေးမြန်းနိုင်ပါသည်။ နေရာကန့်သတ်ချက်ရှိပါသောကြောင့် ကြိုတင်စီစဉ်နိုင်ရန်အတွက် မခင်ဦး (ဖုန်း-၀၉-၄၂၂၅၁၅၁၀၀)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျန်းမာရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်း MSF-H (AZG)မှ ဆောင်ရွက်နေသော လုပ်ငန်းများအား အစားထိုးဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံချက်နှင့်အညီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

MSF(Holland)အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်သော စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ မြေပုံ၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် MSF (Holland) အဖွဲ့၏ ရခိုင်ပြည်နယ်အတွင်းရှိ လုပ်ငန်းဆောင်ရွက်ချက်များအား ဒေသခံအချို့က ကန့်ကွက်မှုများရှိလာခဲ့ရာ အဆိုပါအဖွဲ့၏လုပ်ငန်းများအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် MSF(Holland)အဖွဲ့၏ လုပ်ငန်းများကို အစားထိုးဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုနှင့်အညီ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

MSF-H (AZG)မှ တာဝန်ယူဆောင်ရွက်နေသော HIV/AIDS လူနာများ ဆေးကုသမှုနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ

MSF(Holland)အဖွဲ့မှ ရခိုင်ပြည်နယ်အတွင်းတွင် HIV/AIDS လူနာများအား ဆေးကုသမှုပေးရာတွင် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ အဖွဲ့၏ ဆေးခန်းသုံးခုမှ လူနာစုစုပေါင်း ၇၅၀ ကျော်အား ART ဆေးများပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ART Center တစ်ခု ဖွင့်လှစ်၍ လူနာစုစုပေါင်း ၃၅၀ ကျော်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ကျန်လူနာ ၄၀၀ ကျော်အတွက် ဘူးသီးတောင်နှင့် မောင်တောဆေးရုံများတွင် စဉ်ဆက်မပြတ် ဆေးဝါးရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှလည်း CD4 စက်တစ်လုံးကို မောင်တောဆေးရုံတွင် တပ်ဆင်ပေးခြင်းနှင့် စံကိုက်ကုထုံးနှင့်အညီ ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအတွက်လိုအပ်သော ကျန်းမာရေးဝန်ထမ်းများရရှိရေးအတွက် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဆရာဝန်များနှင့် ဝန်ထမ်းကိုးဦး ၊ စစ်တွေပြည်သူ့ဆေးရုံကြီးမှ သမားတော်နှင့် ဝန်ထမ်း ၁၈ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

စဉ်	မြို့နယ်	PLHIV ဦးရေ	ဆောင်ရွက်လျက်ရှိသောကျန်းမာရေးဌာန
၁။	စစ်တွေ	၂၀၁	မင်းဂံဒေသန္တရ(စစ်တွေ)
၂။	ရသေ့တောင်	၃၄	မြို့နယ်ဆေးရုံ
၃။	ပေါက်တော	၂၈	မြို့နယ်ဆေးရုံ
၄။	ကျောက်တော်	၂၇	မြို့နယ်ဆေးရုံ
၅။	မြောက်ဦး	၁၅	မြို့နယ်ဆေးရုံ
၆။	ကျောက်ဖြူ	၁၁	ခရိုင်ဆေးရုံ
၇။	ပုဏ္ဏားကျွန်း	၁၁	မြို့နယ်ဆေးရုံ
၈။	မင်းပြား	၆	မြို့နယ်ဆေးရုံ
၉။	အမ်း	၅	မြို့နယ်ဆေးရုံ
၁၀။	ပလက်ဝ	၅	မြို့နယ်ဆေးရုံ
၁၁။	မြေပုံ	၂	မြို့နယ်ဆေးရုံ
၁၂။	ဘူးသီးတောင်	၃၃၇	မြို့နယ်ဆေးရုံ
၁၃။	မောင်တော	၆၉	မြို့နယ်ဆေးရုံ
၁၄။	သက္ကေပြင်(စစ်တွေ)	၆	ဒါးပိုင်ယာယီဆေးရုံ
	စုစုပေါင်း	၇၅၇	

ကျန်းမာရေးဦးစီးဌာန

MSF-H (AZG)မှ **တာဝန်ယူဆောင်ရွက်နေသော တီဘီရောဂါ လူနာများ ဆေးကုသမှုနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၊ တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ**

ရခိုင်ပြည်နယ်တွင် လက်ရှိဆောင်ရွက်လျက်ရှိသော MSF -Holland ၏ တီဘီလူနာရှာဖွေကုသရန်အတွက် လိုအပ်သော တီဘီဆေးဝါးများကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ထောက်ပံ့ဖြန့်ဖြူးခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ MSF-Holland တွင် ဆေးကုသလျက်ရှိသော တီဘီလူနာတိုင်းတွင် ကျန်းမာရေးဦးစီးဌာန ရခိုင်ပြည်နယ်တီဘီဌာနမှ ထောက်ပံ့ထားသော တီဘီဆေး (Patient Kit) များ ရှိပြီးဖြစ်ပါသည်။

ယခုအခြေအနေတွင် MSF- Holland ၏ တီဘီလူနာများအား ဆက်လက်ဆေးကုသနိုင်ရေးအတွက် ၎င်းတို့ထံတွင်ရှိသော Patient Kit မှ လက်ကျန်ဆေးများဖြင့် သော်လည်းကောင်း၊ လိုအပ်မည့် တီဘီဆေးများကို မိမိဌာနမှ ထောက်ပံ့၍သော်လည်းကောင်း ကုသရန်အတွက် အောက်ပါအစီအစဉ်အတိုင်း မြို့နယ်၊ တိုက်နယ်ဆေးရုံများသို့ တီဘီဆေးဖြန့်ဖြူးထားရှိပြီးဖြစ်ပါသည်-

စဉ်	မြို့နယ်	MSF-Holland ၌ဆေးကုသလျက်ရှိသော တီဘီလူနာအရေအတွက်	လွှဲပြောင်းကုသမည့် ဌာန/မြို့နယ်
၁။	စစ်တွေ-သက္ကေပြင်	၂၇	စစ်တွေ-ဒါးပိုင်ဆေးရုံ
၂။	ပေါက်တော	၁၄	ပေါက်တော-ကျောက်တောင်တိုက်နယ်ဆေးရုံ
၃။	မောင်တော	၂၈	မောင်တောခရိုင်ဆေးရုံ
၄။	ဘူးသီးတောင်	၄	ဘူးသီးတောင်မြို့နယ်ဆေးရုံ
၅။	မြောက်ဦး	၃	မြောက်ဦးခရိုင်ဆေးရုံ
၆။	မင်းပြား	၁	မင်းပြားမြို့နယ်ဆေးရုံ
၇။	ရသေ့တောင်	၃	ရသေ့တောင်-စေတီပြင်တိုက်နယ်ဆေးရုံ
၈။	မြေပုံ	၁	မြေပုံမြို့နယ်ဆေးရုံ
	စုစုပေါင်း	၈၁	

MSF-H (AZG)မှ **တာဝန်ယူဆောင်ရွက်နေသော ငှက်ဖျားရောဂါ လူနာများ ဆေးကုသမှုနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ**

ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော MSF-Holland ၏ ငှက်ဖျားလူနာရှာဖွေကုသခြင်းကို မင်းပြားမြို့နယ်ဆေးရုံနှင့်တိုက်နယ်ဆေးရုံ၊ ကျောက်တော်မြို့နယ်ဆေးရုံနှင့် စစ်တွေမြို့ သက္ကေပြင်နှင့်အုန်းတောကြီးဆေး ပေးခန်းများတွင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်အတွင်း စုစုပေါင်း ငှက်ဖျားလူနာ ၁၇၆၅ ဦးအား ကုသပေးခဲ့ကြောင်းတွေ့ရှိရပါသည်။ စုစုပေါင်းလူနာ ၁၀၃၉၄ ဦးကို သွေးဖောက်စစ်ဆေးရာ P.f ၁၂၂၉ ဦး၊ P.v ၄၇၉ ဦး နှင့် mixed infection ၅၇ ဦးကို ဆေးကုသပေးကြောင်းတွေ့ရှိရပါသည်။

အမျိုးသားငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် ၎င်းတို့လွှမ်းခြုံထားသော နေရာများရှိ ငှက်ဖျားလူနာများအား အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများမှတစ်ဆင့် ရောဂါရှာဖွေဆေးကုသခြင်း၊ ရောဂါကာကွယ်နှိမ်နင်းခြင်း (တာရှည်ခံဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းနှင့် ဒေသအလိုက် အိမ်တွင်းနံရံဆေးဖျန်းခြင်း)နှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်နှင့်ပလက်ဝမြို့နယ်အတွင်းရှိ (AZG) အဖွဲ့၏ငှက်ဖျားရောဂါကုသခြင်းလုပ်ငန်းများနေရာတွင် ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှ အောက်ပါအတိုင်း ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

စဉ်	မြို့နယ်	ဆောင်ရွက်ထားရှိမှုအခြေအနေ
၁။	စစ်တွေမြို့နယ် (သက္ကေပြင်၊ အုန်းတောကြီး)	ငှက်ဖျားရောဂါသွေးဖောက်စစ်ဆေးခြင်းပြုလုပ်ရန် Rapid Diagnostic Test နှင့် ဆေးဝါးများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဖြန့်ဝေပြီး ရွေ့လျားဆေးကုသအဖွဲ့က ရောဂါရှာဖွေကုသခြင်းလုပ်ငန်းကို ဆောင်ရွက်ပါသည်။
၂။	ကျောက်တော်မြို့နယ်	ကျောက်တော်မြို့နယ်၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ကြီးကြပ်ဦးထွန်းသာကျော်နှင့်ဆေးဖျန်း၊ ဦးထွန်းငြိမ်းကျော်တို့ကရောဂါကာကွယ်ကုသခြင်း လုပ်ငန်းဆောင်ရွက်ပါသည်။
၃။	မင်းပြားမြို့နယ်	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့က ကုသခြင်းလုပ်ငန်းကို ဆောင်ရွက်ပါသည်။
၄။	ပန်းမြောင်းတိုက်နယ်	ပိုးကြည့် ဦးထွန်းအောင်ကျော်နှင့် တိုက်နယ်ဆေးရုံ၊ ပြင်ပလူနာဌာနက တာဝန်ကျ ဆရာဝန်၊ ဆရာမများမှ ငှက်ဖျားရောဂါကုသခြင်းလုပ်ငန်းများအားဆက်လက်ဆောင်ရွက်ပါသည်။
၅။	ပလက်ဝမြို့နယ်	မြို့နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ဆက်လက်ဆောင်ရွက်ပါသည်။

MSF-H(AZG) မှ ရခိုင်ပြည်နယ်အတွင်း တာဝန်ယူဆောင်ရွက်နေသော လူနာလွှဲပြောင်းသည့် လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်

အရေးပေါ်လူနာလွှဲပြောင်းခြင်းများအတွက် ရခိုင်ပြည်နယ်အစိုးရမှ ထောက်ပံ့ပေးသော မော်တော်ဘုတ်သုံးစင်းဖြင့် ပေါက်တောတွင် တစ်စင်း၊ စစ်တွေတွင် တစ်စင်း၊ မြေပုံတွင်တစ်စင်းထားရှိကာ ရေလမ်းမှ လွှဲပြောင်းပေးရမည့် အရေးပေါ် လူနာများကို စစ်တွေဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိပါသည်။ မော်တော်ယာဉ်ဖြင့် လွှဲပြောင်းကုသရမည့်လူနာများအား ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ လူနာတင်ယာဉ် (Ambulance) ငါးစီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း လူနာတင်ယာဉ် (Ambulance) နှစ်စီး စုစုပေါင်း ခုနစ်စီးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

စစ်တွေဆေးရုံကြီးတွင် အရေးပေါ်လူနာတင်ယာဉ်ငါးစီးကို အသင့်အနေအထားတွင်ထားရှိပြီး လိုအပ်သော လောင်စာဆီများကို ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါသည်။ ကူးစက်ရောဂါများ ကပ်အသွင်မဖြစ်ပွားစေရေးအတွက် ရောဂါကြိုတင်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့် လျင်မြန်စွာတုံ့ပြန်နိုင်ရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားခြင်းမရှိစေရန်အတွက် ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကပ်အသွင်ဖြစ်ပွားနိုင်သော ရောဂါများကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှု၍အဆင့်ဆင့်သတင်းပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ချထားသော လျင်မြန်စွာတုံ့ပြန်ရေးအဖွဲ့ (Rapid Response Teams) များကို ကျန်းမာရေးဦးစီးဌာန နေပြည်တော်မှ ကူးစက်ဆရာဝန်ကြီး ခေါင်းဆောင်သော ကျန်းမာရေးမှူးများပါဝင်သော အဖွဲ့များဖွဲ့စည်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

MSF-H (AZG)မှ တာဝန်ယူဆောင်ရွက်နေသော (IDP Camp)ကယ်ဆယ်ရေးစခန်းများတွင် ဆေးခန်းဖွင့်၍ ဆေးကုသခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်အစီအစဉ်

MSF-H (AZG)မှ တာဝန်ယူဆောင်ရွက်နေသော (IDP Camp)ကယ်ဆယ်ရေးစခန်းများဖြစ်သည့်ကြိမ်နီပြင်၊ နတ်ချောင်း၊ အနောက်ရဲ၊ ဆင်တပ်မော်၊ ညောင်ပင်ကြီးအစရှိသည့်ကယ်ဆယ်ရေးစခန်းများတွင် အဆိုပါအဖွဲ့မှ တစ်ပတ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် သွားရောက်ကာ ယာယီဆေးခန်း ဖွင့်လှစ်၍ ဆေးကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့်လက်ထောက်ကျန်းမာရေးမှူး ၁၀ ဦး ၊ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်

စာမျက်နှာ ၁၀ သို့

✳ **ရှေ့ဖုံးမှ**

ပြည်နယ်မြောက်ဖျားစွန်းရှိ တဟွန်ဒန်းရွာသား ဦးနမားဂျွန်ဆင်က ပြောကြားသည်။

ပြုလုပ်ထား

မြန်မာလူမျိုး အဖွဲ့ဝင်များမှာ ဦးနမားဂျွန်ဆင်၊ ဦးကီးယိုဒွေး၊ ဦးရဲမင်းသူ၊ ဦးစိုင်းကျော်ဝဏ္ဏစိုးနှင့် ဦးစိုင်းကျော်သူထွေးတို့ ဖြစ်ကြပြီး တောင်တက်အတွေ့အကြုံများစွာ ရယူထားပြီးဖြစ်ကာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာအတွင်းကလည်း အမြင့်ပေ ထောင်ပေါင်းများစွာကို စနစ်တကျ လေ့ကျင့်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်းသိရှိရသည်။

“ဧဝရက်တောင်က နီပေါနဲ့ တရုတ်နိုင်ငံ နယ်နိမိတ်အကြားမှာ ရှိပါတယ်။ နီပေါနိုင်ငံဆိုရင် အီကိုတိုးရစ်ဇင်လုပ်ငန်းမှာ ကမ္ဘာ့ပေါ်မှာ အဖွံ့ဖြိုးဆုံးလို့ ပြောရင်ရပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အမြင့်ပေ ၁၉၀၀၀ ကျော်မြင့်တဲ့ ခါကာဘိုရာဇီလို တောင်တွေရှိနေပါတယ်။ တောင်တက်ခရီးသွားလုပ်ငန်းသာ ဖွံ့ဖြိုးလာမယ်ဆိုရင် မြန်မာနိုင်ငံကို ကမ္ဘာကပိုသိပြီး ခရီးသွားတွေပိုမိုဝင်ရောက်လာနိုင်တာမို့ ကျွန်တော်တို့ တောင်တက်သမားတွေ ဧဝရက်ကို အောင်မြင်စွာ တက်နိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ရေခဲတောင်တွေကိုလည်း ပိုပြီးသတိထားမိလာမယ်လို့ ခံယူပါတယ်။ အဲဒီအတွက် ပိုပြီးကြိုးစားလေ့ကျင့်ခဲ့ပါတယ်”ဟု တောင်တက်သမား ဦးရဲမင်းသူကပြောပြသည်။

ဧဝရက်တောင်ပေါ်တွင် မြန်မာနိုင်ငံအလံကို လွှင့်ထူနိုင်ရန် တောင်တက်သမားငါးဦးအား စခန်းသွင်းလေ့ကျင့်ခြင်း၊ တောင်တက်အားကစားနည်းပြများ ငှားရမ်းခြင်းနှင့် ဟိမဝန္တာတောင်တန်းများတွင် သွားရောက်လေ့ကျင့်ခြင်း၊ တောင်တက်ရာတွင် အသုံးပြုသည့် နည်းပညာများဖြည့်တင်းခြင်းအပါအဝင် ဧဝရက်တောင်တက်ခြင်းအစအဆုံးကို ထူးဖောင်ဒေးရှင်းအပါအဝင် ထူးကုမ္ပဏီများမှ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှလည်း ဝိုင်းဝန်းကူညီကာ အကြံဉာဏ်ကောင်းများ ပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

မကြာမီလအတွင်း စတင်တက်ရောက်ရန် လျာထားပြီး ရာသီဥတုအခြေအနေအရ အချိန်အတိအကျ မပြောနိုင်သေးသော်လည်း ယခုနှစ် လယ်ပိုင်းအတွင်း စတင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

“ဧဝရက်တောင်ပေါ်ကို တက်ရောက်နိုင်ပြီး မိမိနိုင်ငံရဲ့ဂုဏ်ကို ဆောင်ပေးသူတွေ ကမ္ဘာမှာအများကြီးရှိပါတယ်။ ထို့အတူပဲ ဧဝရက်တောင်ပေါ်တက်ရင်းနဲ့ အသက်ပေးသွားရတဲ့ တောင်တက်သမားတွေလည်း အများကြီးရှိနေပါပြီ။ ဒါပေမယ့် ဧဝရက်က ကျွန်တော်တို့ကို အမြဲတမ်းစိန်ခေါ်နေပါတယ်။ ကျွန်တော်တို့ငါးယောက်က ဧဝရက်ပေါ်မှာ သမ္မတကြီးပေးအပ်တဲ့ နိုင်ငံတော်အလံကို ကျိန်းသေပေါက် လွှင့်ထူနိုင်ဖို့ အသက်နဲ့ရင်းပြီး ကြိုးစားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်”ဟု မြန်မာတောင်တက်သမား ဦးစိုင်းကျော်သူထွေးကပြောကြားသည်။

နှစ်သန်းပေါင်း ၇၀ ဝန်းကျင် သက်တမ်းရှိနေပြီး အာကာသမှ ကြည့်လျှင်ပင် အထင်အရှားမြင် တွေ့နိုင်သော ပေပေါင်း ၂၉၀၂၉ ပေ မြင့်မားသည့် ရေခဲများဖုံးလွှမ်းရာ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထွတ်ပေါ်တွင် မြန်မာနိုင်ငံတော်အလံ လွှင့်ထူနိုင်ဖို့အရေး ၂၀၁၄ ခုနှစ်အတွင်း ပေါ်ထွက်လာတော့မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါသည်။

(မြန်မာ့အလင်း)

ဝမ်းပျက်/ဝမ်းလျှောရောဂါဖြစ်ပွား

ဖရူဆို မတ် ၂၆

ကယားပြည်နယ် ဖရူဆိုမြို့နယ် ဒိုးလာစောကျေးရွာအုပ်စုထိုခ္ခိဆိုကျေးရွာနှင့် ဒီကူလယ်ကျေးရွာတို့တွင် ငါးနှစ်အောက်ကလေးငယ်များဝမ်းပျက်ဝမ်းလျှော ရောဂါများ ဖြစ်ပွားခဲ့ရာ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါ်နော်ရှသ်ဖောနှင့်အဖွဲ့ဝင်များ မတ် ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ကျေးရွာရှိအိမ်သာများ ပြုပြင်ပေးခြင်း၊ ရေတွင်းရေကန်များတွင် ပိုးသတ်ဆေးခတ်ခြင်းများ ပြုလုပ်ပေးပြီး လူနာအချို့ကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့သည့် ၁၈ ဦး အနက်ဒီကူလယ်ကျေးရွာမှ နှစ်ဦးသေဆုံးခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လွှတ်တော်ရေးရာကဏ္ဍ

■ ပြည်ထောင်စုလွှတ်တော်မှ

အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ဆွေးနွေးဆုံးဖြတ် အတည်ပြုကြရသည့်အတွက် တစ်နှစ်တာအတွင်း အရေးကြီးဆုံး အစည်းအဝေးကာလဟု ဆိုရမည်ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် ၂၀၁၄ ခုနှစ် အခွန်အကောက်ဥပဒေ အပါအဝင် ဥပဒေစုစုပေါင်း (၂၁) ခုကို ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဖြစ်ပေါ်နေသည့် လယ်ယာမြေနှင့် အခြားမြေယာ သိမ်းဆည်းမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်က ပိုမိုမြန်ဆန်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ညှိနှိုင်းပေးနိုင်ခဲ့သည့်အတွက် အတိုင်းအတာတစ်ခုထိ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယသမ္မတဦးစီးသည့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအား တာဝန်ပေး ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် အထူးအလေးထားပြီး ခက်ခဲသိမ်မွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ရေး ကိစ္စရပ်များကို ပူးပေါင်းညှိနှိုင်းပြီးဆုံးဖြတ် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် ယနေ့အထိ ဥပဒေစုစုပေါင်း(၉၂)ခုကို တရားစီရင်ရေးဌာန၊ အဖွဲ့အစည်းများက ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် ဥပဒေများအနက်မှ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်သင့်သည့် ဥပဒေပေါင်း

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ တက်ရောက်ပြောကြားစဉ်။
(သတင်းစဉ်)

(၁၃၄) ခုရှိသည်ကို သိရှိရပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၅၀ တွင် "မြန်မာစာသည် ရုံးသုံးစာဖြစ်သည်"ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ အင်္ဂလိပ်စာဖြင့် ရေးသားထားသည့် တည်ဆဲဥပဒေများကိုလည်း ပြင်ဆင်ရေးသား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လွှတ်တော်အသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် အမှန်တကယ် စေတနာဖြင့် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ဥပဒေ(၈)ခုကို ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း (၅၁) ခုကို ဆက်လက်ဆွေးနွေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကော်မတီအသီးသီးနှင့် ကော်မရှင်များ၏ လေ့လာတွေ့ရှိမှုအရ ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးနှင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကိစ္စရပ်များတွင်လည်း ပူးပေါင်းပါဝင်ပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အလေးထားဦးစားပေးဆောင်ရွက်ရမည့် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်သည့် "နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးစီးပွားဖြစ်ထွန်းစေသော၊ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဆောင်ရွက်ရမည်"ဆိုသည့်မူဝါဒကို ချမှတ်အကောင်အထည်ဖော်နိုင်မည့် အမျိုးသားပညာရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေါ်ထွက်ရန်လည်း အသင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ လာမည့်နှစ်များတွင် အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးတို့ကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ပြင်ဆင်မှု၊ ရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာဌာနအလိုက် စတင်စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုလိုပါကြောင်း။

ယခုဆိုလျှင် မိမိတို့လွှတ်တော်အသီးသီး၏ သက်တမ်းသည် သုံးနှစ်ကျော်ကာလကို ရောက်ရှိလာသည့်နည်းတူ ပြည်တွင်းပြည်ပက အဖွဲ့အစည်းများနှင့် ပြည်သူများ၏ လွှတ်တော်များအပေါ် စိတ်ဝင်စားမှုလည်း မြင့်တက်လာပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းစေသည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ထို့ပြင် ယင်းဥပဒေများသည်လည်း တရားမျှတပြီး အများပြည်သူ အမှန်တကယ် လိုက်နာကျင့်သုံးနိုင်သည့် ဥပဒေများဖြစ်စေရေးတို့အတွက် စိတ်ကောင်းစေတနာဖြင့် ဆက်လက်ကြိုးစားအားထုတ် လုပ်ဆောင်ကြရဦးမည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်များသည် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် မိမိတို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်သည်ဟု ခံယူပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့အတူ မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ တရားမျှတမှုရှိသည့် မျှော်လင့်ချက်များကို ဖော်ဆောင်ဖြည့်ဆည်းပေးမည်ဟု ကတိပြုထားသည့် အဖွဲ့အစည်းဝင်များဖြစ်သည်နှင့်အညီ လွှတ်တော်ကအတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဥပဒေကို အသုံးပြုစီမံခန့်ခွဲရသည့် အဖွဲ့အစည်းများနှင့်အတူ ပြည်သူများကလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ကြရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ပေးစေလိုကြောင်းနှင့် လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားစဉ်ကာလတွင် အသီးသီးသော နယ်မြေအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ကောင်းကျိုးလိုရာဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါစေကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပြီး မြေငှားဂရန်ချထားပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၆

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နောက်ဆုံးနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ဂွမဲဆန္ဒနယ်မှဦးကြည်သာ၏ **"ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့ စံချိန်စံညွှန်းများ သတ်မှတ်ချက်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်ပတ်သက်သည့် ရေအရည်အသွေး (water quality) နှင့် ရေဇီဝဝန်းကျင် (aquatic ecology) စံချိန်စံညွှန်းများ သတ်မှတ်ချက်များကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့ စံနှုန်းသတ်မှတ်ရာတွင် ဆောင်ရွက်မှုကုန်ကျစရိတ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို ချင့်ချိန်၍ မိမိနိုင်ငံဖွံ့ဖြိုးမှုအတွက် စံသတ်မှတ်မှုများ မတူကွဲပြားလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုမြင့်မားလာသည်နှင့်အမျှ စရိတ်ကျခံနိုင်မှုအရ ကုန်ကျစရိတ်များသော စံနှုန်းများကို သတ်မှတ်လာကြပါကြောင်း။

အနာဂတ်ကာလတွင် ပိုမိုတိုးတက်လာသော နည်းပညာများ အသုံးပြု၍ ထုတ်လွှတ်အခိုးအငွေ့ စံနှုန်းများအား အနည်းဆုံးအဆင့် (Zero Emission) သို့ ရောက်ရှိအောင် ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများက ထိန်းချုပ်နိုင်ရေး မျှော်မှန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေရန်အတွက် ကမ္ဘာ့ဘဏ်၏ စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအရည်အသွေးနှင့် ရေဇီဝဝန်းကျင် စံချိန်စံညွှန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပြီးပါက ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **"မြေဂရန်လျှောက်ထားရာတွင် လွန်စွာခက်ခဲ၍ အစိုးရအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် မြို့နယ်လုံးကျွတ် ထုတ်ပေးသကဲ့သို့ မြေဂရန်များကို စီစဉ်ဆောင်ရွက်ပေးရန်နှင့် မြန်မာနိုင်ငံရှိ မြို့တိုင်းတွင် စီမံချက်ချ၍ တရားဝင်လူနေရန် မြေကွက်သစ်များ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဂရန်လျှောက်ထားရာတွင် လိုအပ်သည့်အချက်များဖြစ်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်ထားသည့် ကာယကံရှင်၏ လျှောက်လွှာ၊ မြေစာရင်းဌာနမှ ရေးဆွဲပေးသည့် တရားဝင်မြေပုံ၊ မြေဂရန်လျှောက်ထားလိုသည့် အဆောက်အအုံပုံစံ(၂)ပုံ၊ အဆောက်အအုံဓာတ်ပုံ၊ အဆောက်အအုံပုံစံ တွက်ချက်မှုစာရင်း၊ ပိုင်ဆိုင်မှုအထောက်အထားသက်သေခံစာရွက်များစိစစ်၍ အမှုတွဲတည်ဆောက်ခြင်း၊ ကန့်ကွက်လွှာ ၁၅ ရက်ခေါ်ယူခြင်း၊ ကွင်းဆင်း

ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့အာဏာထက်မြက်ရေးအတွက် ကျိုးနွံစွာဖော်ဆောင်ကြရန်တာဝန်ရှိ

နေပြည်တော် မတ် ၂၆

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခဲ့သော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ပြန်ဆိုရန် ဥပဒေဘာသာပြန်ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍လည်းကောင်း၊ လက်ရှိမြန်မာဘာသာဖြင့် ပြဋ္ဌာန်းနေသော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆို ထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စု ရှေ့နေချုပ်အားလည်းကောင်း တာဝန်ပေးအပ်၍ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၅၀)အရ မြန်မာဘာသာသည် ရုံးသုံးဘာသာစကားဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အပြင် ဥပဒေထုံးတမ်းစဉ်လာအရ ဥပဒေကို မသိနားမလည်ခြင်းကို ဥပဒေက ခွင့်မလွှတ်ပါဆိုသည့် ဆိုရိုးစကားလည်းရှိသောကြောင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုခြင်းသည် ဆောင်ရွက်သင့်သည့် ကိစ္စတစ်ရပ်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ဖြစ်ပြီးနောက် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေပေါင်း (၈၉)ခုကိုလည်း ဘာသာပြန်ဆိုပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့၏ နိုင်ငံတကာခရီးစဉ်များတွင်လည်း မိမိတို့ ဘာသာပြန်ဆိုထားသည့် ဥပဒေများကို နိုင်ငံတကာတွင် ချပြအသုံးပြုခဲ့ရာ မိမိတို့ဘာသာပြန်ဆိုထားသော ဥပဒေများကို နိုင်ငံတကာက နားလည်လက်ခံခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေများကို ဘာသာပြန်ဆိုခြင်းလုပ်ငန်းမှာ မိမိတို့ရုံးအနေနှင့် လူအင်အားနည်းပါးနေပါသေးကြောင်း၊ အရာရှိ ၁၃ ဦးပါဝင်သည့် ဌာနခွဲတစ်ခုရှိပြီး အရာရှိ ၁၁ ဦးနှင့်သာ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

အင်္ဂလိပ်ဘာသာဖြင့်ရှိနေသော တည်ဆဲဥပဒေ ၁၅၃ ခုကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရမည့် ကြီးမားသောတာဝန်တစ်ရပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနှင့် ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ဘာသာပြန်ဆိုရမည့်တာဝန်ကို ထမ်းဆောင်ရန် လက်ရှိလူအင်အား အလုံအလောက် မရှိပါကြောင်း၊ ထို့ကြောင့်လူအင်အားတိုးချဲ့ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေများကို ဘာသာပြန်ဆိုရာတွင် တိတိကျကျဘာသာပြန်ဆိုရမည်ဖြစ်သည့်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

ထို့ကြောင့် တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုရေးလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးသည့်အပြင် ဥပဒေများကိုဘာသာပြန်ဆိုရသည့် ကိစ္စရပ်ဖြစ်ပါသဖြင့် တိကျစွာ နက်နက်နဲနဲဆောင်ရွက်ရမည်ဖြစ်၍ အထူးကိစ္စအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆောင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

❊ ရှေ့ဖုံးမှ

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာကနေ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အာဆီယံ၊ ဘင်းမ်စတက်နဲ့ အခြားဒေသတွင်း အဖွဲ့အစည်းတွေမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရင်း ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြု ပြောကြားခဲ့ပါတယ်။ သုံးနှစ်ပြည့်မြောက်ပြီဖြစ်တဲ့ ဒီကနေ့ဒီအချိန်မှာ ဆီးဂိမ်းအိမ်ရှင်၊ အာဆီယံဥက္ကဋ္ဌ၊ ဘင်းမ်စတက်အိမ်ရှင်၊ ကမ္ဘာ့စီးပွားရေးဖိုရမ်အစရှိတဲ့ သမိုင်းဝင်မှတ်တိုင်တွေနဲ့အတူ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာအသိုက်အဝန်းနဲ့ ဂုဏ်သိက္ခာရှိစွာဖြင့် ပေါင်းစည်းနေပြီဆိုတာ တွေ့မြင်နေကြရပြီ ဖြစ်ပါတယ်။

အလားတူပါပဲ၊ မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်တာကို မြင်လိုပါတယ်ဆိုတဲ့ နိုင်ငံများအနေနဲ့ အစိုးရအဖွဲ့သစ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုလေးရပ်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ ကာလ သုံးနှစ်ပြည့်မြောက်ပြီဖြစ်တဲ့ ဒီအချိန်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရှိန်အဟုန်ကောင်းနေပြီဆိုတာ အားလုံးပဲ အထင်အရှားတွေ့မြင်နိုင်ပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာမှာ ပြည်ထောင်စုအစိုးရက တင်သွင်းမယ့် ဥပဒေပြုရေးအစီအစဉ် (၁၀)ရပ်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီအစီအစဉ်တွေကတော့ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆီလျော်တဲ့အချက်တွေကို ပြန်လည်ပြင်ဆင်ခြင်း၊ (၂) နိုင်ငံသားများရဲ့ မူလအခွင့်အရေးတွေကို အခြေခံဥပဒေနဲ့အညီ ဖော်ဆောင်ပေးနိုင်မယ့် ဥပဒေကြမ်းတွေတင်သွင်းခြင်း၊ (၃) ဝန်ထမ်းများနဲ့ အငြိမ်းစားဝန်ထမ်းလစာတွေကို အခြေအနေအချိန်အခါအရ ပြင်ဆင်သတ်မှတ်ခြင်း၊ (၄) တောင်သူလယ်သမားတွေရဲ့ လယ်ယာလုပ်ပိုင်ခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေတွေ ပြုစုနိုင်ဖို့လေ့လာခြင်း၊ ခေတ်နဲ့အညီ ပြင်ဆင်နိုင်ဖို့ ပြန်လည်သုံးသပ်ခြင်း၊ (၅) အလုပ်သမားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနဲ့ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေတွေကို ခေတ်နဲ့အညီ ပြန်လည်သုံးသပ်ခြင်း၊ (၆) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လူမှုဖူလုံရေးဥပဒေကို ခေတ်နဲ့အညီ ပြန်လည်ပြုပြင်ရေးဆွဲပြီး ဥပဒေကြမ်းတင်သွင်းခြင်း၊ (၇) ပညာရေးနဲ့ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးအတွက် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ (၈) စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ခေတ်နဲ့မလျော်ညီတဲ့ စာပေစာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်ခြင်း၊ (၉) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်း၊ စက်မှုလက်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနဲ့ပတ်သက်တဲ့ ဥပဒေတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်များနဲ့ ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ခြင်း၊ (၁၀) ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်များနဲ့ပတ်သက်ပြီး ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်တဲ့ အစီအမံတွေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းလိုခြင်းတို့ပဲ ဖြစ်ပါတယ်။ သုံးနှစ်ပြည့်မြောက်ပြီဖြစ်တဲ့ ဒီကနေ့ဒီအချိန်မှာ ကျွန်တော်တို့ ဘယ်လောက်ဖော်ဆောင်နိုင်ခဲ့ပြီလဲဆိုတာ ဖြစ်ပေါ်လာတဲ့ရလဒ်တွေက သက်သေပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်က ဒီနေရာမှာ ကျွန်တော်တို့ ဖော်ဆောင်သွားမယ့်ဈေးကွက်စီးပွားရေးစနစ်နဲ့ပတ်သက်ပြီး နိုင်ငံနဲ့ပြည်သူ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုကာ ဖွင့်သင့်တာဖွင့်၊ ပြင်သင့်တာပြင်၊ ဖိတ်ခေါ်သင့်တာ ဖိတ်ခေါ်ပြီး ဆောင်ရွက်သွားမယ်ဆိုတာ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်မှာ လိုအပ်နေတဲ့ အလုပ်အကိုင် [illegible]

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာမှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေအပေါ် အပြုသဘောမမြင်နိုင်သေးတဲ့ နိုင်ငံအချို့ကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ကျင့်သုံးဖော်ဆောင်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်ဖို့ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်တယ်ဆိုတာ ပွင့်လင်းစွာ ပြောကြားခဲ့ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ ဘယ်လိုအခြေအနေ၊ ဘယ်ခရီးအထိ ရောက်ရှိနေပြီဆိုတာကို ထုတ်ဖော်ပြောကြားစရာမလိုအောင် မြင်တွေ့နေကြပြီဖြစ်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာမှာ ပါဝင်သင့်သူ နိုင်ငံသားအားလုံး ပါဝင်နိုင်စေရန် ရည်ရွယ်ချက်နဲ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နဲ့ လွတ်ငြိမ်းချမ်းသာခွင့် (၄၉) ကြိမ်ပေးခဲ့ပြီး အကျဉ်းသား ၆၈၀၀၀ ကျော်ကို လွှတ်ပေးခဲ့ပါတယ်။ ဒီ့ပြင် အကြောင်းအမျိုးမျိုးနဲ့ ပြည်ပနိုင်ငံများသို့ရောက်ရှိပြီး ပြန်လာဖို့ခက်ခဲနေတဲ့ မိမိနိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်ကိုလည်း အဆင့်ဆင့် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါတယ်။ အကျိုးရလဒ်အနေနဲ့ အကျဉ်းကျခံရာမှ လွတ်မြောက်သူ ပုဂ္ဂိုလ်အချို့၊ နိုင်ငံအတွင်းပြန်ဝင်လာတဲ့ နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်တွေကိုယ်တိုင် နိုင်ငံတည်ဆောက်ရေးတွေမှာ ကောင်းမွန်စွာ ရှင်သန်နေတာကို တွေ့မြင်နေကြပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်က ဒီနေရာမှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေအပေါ် အပြုသဘော မမြင်နိုင်သေးတဲ့ နိုင်ငံအချို့ကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ကျင့်သုံးဖော်ဆောင်နိုင်အောင် ကြိုးပမ်းစွမ်းဆောင်ဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်တယ်ဆိုတာ ပွင့်လင်းစွာ ပြောကြားခဲ့ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ ဘယ်လိုအခြေအနေ၊ ဘယ်ခရီးအထိ ရောက်ရှိနေပြီဆိုတာကို ထုတ်ဖော်ပြောကြားစရာမလိုအောင် မြင်တွေ့နေကြပြီဖြစ်ပါတယ်။

နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ မြန်မာနိုင်ငံနဲ့ သံတမန်ဆက်ဆံမှုထူထောင်ရန် ကမ်းလှမ်းလာမှုများ သိသိသာသာ တိုးမြှင့်လာခဲ့ပါတယ်။ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များလည်း မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးများ မကြာခဏ လာရောက်လျက်ရှိကြပါတယ်။ ယခင်က မြန်မာနိုင်ငံနဲ့ သံတမန်ဆက်ဆံမှု ထူထောင်ထားရှိသော နိုင်ငံပေါင်း ၁၀၃ နိုင်ငံရှိခဲ့ရာမှ ယခုအချိန်တွင် ၁၁၅ နိုင်ငံထိ တိုးမြှင့် ထူထောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

လွန်ခဲ့တဲ့သုံးနှစ်က ကျွန်တော်တို့ပြုခဲ့တဲ့ ကတိကဝတ်တွေနဲ့စပ်လျဉ်းပြီး ဒီကနေ့ ဒီအချိန်မှာ ဘယ်လောက်အတိုင်းအတာအထိ ပြည့်မြောက်ခဲ့ပြီလဲဆိုတဲ့ ပကတိအခြေအနေမှန်အဖြစ် ကျွန်တော်တို့ လျှောက်လှမ်းခဲ့တဲ့ခရီးက ပြသနေပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ ပြိုလဲခဲ့ရတဲ့ ကမ္ဘာ့နိုင်ငံတွေ၊ ဒီမိုကရေစီကူးပြောင်းပြီးသော်လည်း မတည်မငြိမ်မှုတွေ ကြုံတွေ့နေရတဲ့ ကမ္ဘာ့နိုင်ငံတွေနဲ့ နှိုင်းယှဉ်ချိန်ထိုးပြီး ကျွန်တော်တို့ နိုင်ငံအပေါ် အကဲဖြတ်ခဲ့ကြပါတယ်။ ဒီသမိုင်းမှတ်တမ်းမှာ တက်တက်ကြွကြွပါဝင်ခဲ့ကြတဲ့ နာယကကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ရဟန်းရှင်လူ ပြည်သူအားလုံးတို့ကို နိုင်ငံတော်ရဲ့ကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ဒီနေရာကနေ ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

ကျွန်တော်တို့အစိုးရသစ်ဟာ ပြည်သူလူထုရဲ့ အဓိကဆန္ဒကြီးနှစ်ရပ်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဖော်ဆောင်ဖို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲမှုနဲ့ ပုဂ္ဂလိကကဏ္ဍမြှင့်တင်မှုတို့ကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်တဲ့အခါမှာ ဈေးကွက်စီးပွားရေးကိုသွားနိုင်ဖို့ မက်ခရိုစီးပွားရေးတည်ငြိမ်မှုအတွက် အခက်အခဲဖြစ်စေတဲ့ ကြွေးမြီဟောင်းတွေ၊ ပိတ်ဆို့မှုအဟန့်အတားတွေကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ မြီရှင်နိုင်ငံတွေက လက်ခံနိုင်တဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ရပ် ရေးဆွဲခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းမှာ စတင်ရေးဆွဲခဲ့တဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လူမှုစီးပွားပြုပြင်ပြောင်းလဲရေးမူဘောင် (Framework of Economic Social Reform-FESR) ကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းမှာ [illegible]

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

[illegible] (Generalized System Preferences-GSP) [illegible]

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ထမ်းဆောင်မှုသက်တမ်း သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားသည့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ပြင်ပကမ္ဘာကို တံခါးဖွင့်ဖိတ်ခေါ်ခြင်းနဲ့အတူ စီးဝင်လာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို စိစစ်ခွင့်ပြုရာမှာလည်း အချိန်တိုတိုအတွင်း စက်ရုံ၊ အလုပ်ရုံတွေတည်ဆောက်နိုင်အောင်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ အမြန်ဆုံးရရှိနိုင်အောင် အစိုးရနဲ့ ပုဂ္ဂလိကကျွမ်းကျင်သူတွေ ပူးပေါင်းပါဝင်တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလေးထားဆောင်ရွက်ခဲ့ရာမှာ အချိန်ကြာကြာယူဖို့ မလိုအပ်တဲ့ လုပ်သားအရင်းပြု စက်ရုံတွေ၊ အထည်ချုပ်စက်ရုံတွေ ပေါ်ထွန်းလာခဲ့ပါတယ်။ အထည်ချုပ်စက်ရုံပေါင်း ၂၀၀ ကျော်တို့ဟာ စံချိန်စံညွှန်းနဲ့ အရည်အသွေးများစွာမြင့်မားတဲ့ ဂျပန်၊ တောင်ကိုရီးယားဈေးကွက်တွေကို တင်ပို့လာနိုင်တဲ့အတွက် **လုပ်သားအရင်းပြု** ကုန်ထုတ်လုပ်မှုအဆင့်ကနေ **နည်းပညာအခြေပြု** ကုန်ထုတ်လုပ်မှုကို စတင်ကူးပြောင်းလာပါတယ်။ ဒါ့ကြောင့် နိုင်ငံသားအထည်ချုပ်လုပ်ငန်းရှင်တွေ၊ အထည်ချုပ်လုပ်သားတွေကိုလည်း ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

တစ်ဆက်တည်းမှာပဲ အလုပ်ရှင်-အလုပ်သမား ပြဿနာတွေကို ငြိမ်းချမ်းစွာညှိနှိုင်းတဲ့ ပြေလည်အောင်ဖြေရှင်းနိုင်တဲ့ နည်းလမ်းအဆင့်ဆင့်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်ရှင်နဲ့အလုပ်သမားအကြား နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးရှိစေဖို့ အလုပ်ရှင်-အစိုးရ-အလုပ်သမား သုံးပွင့်ဆိုင် စိတ်ရှည်စွာနဲ့ ညှိနှိုင်းဖြေရှင်းဖို့ လိုအပ်ပါတယ်။ စီးပွားရေးအသွင်ကူးပြောင်းမှုနဲ့ ဒီမိုကရေစီကူးပြောင်းရေးအတွက် ဒီကိစ္စတွေကို မဖြစ်မနေဖြေရှင်းကြရမှာဖြစ်ပါတယ်။ အလုပ်ရှင်များအကျိုးစီးပွားရရှိပြီး ရေရှည်လုပ်ဆောင်နိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာမှာဖြစ်သလို အလုပ်သမားအခွင့်အရေးများကိုလည်း အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးပွားစေဖို့နဲ့ ထပ်မံဝင်လာနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေကိုပါ ဆွဲဆောင်နိုင်ဖို့အတွက် ရေရှည်အကျိုး မျှော်မှန်းဆောင်ရွက်ရမယ်ဆိုတာ ကျွန်တော်တို့ နားလည်ကြဖို့ လိုပါတယ်။ အလုပ်သမားနဲ့ အလုပ်ရှင်များ ရေရှည်အကျိုးအတွက် ပြဋ္ဌာန်းရန်ကျန်ရှိနေသေးတဲ့ ဥပဒေများပြဋ္ဌာန်းရေးအတွက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရနဲ့ အလုပ်သမားဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းပြီး ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းအပ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာဖို့အတွက် အခွင့်အလမ်းနဲ့ ဆွဲဆောင်မှုရှိစေမယ့် ဥပဒေများကို ပြဋ္ဌာန်းပေးခဲ့သလို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေကို ကာကွယ်စောင့်ရှောက်နိုင်မယ့် နိုင်ငံတကာပြဋ္ဌာန်းချက်များနဲ့ ညီညွတ်အောင်လည်း အဆင့်ဆင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို လေ့လာကြည့်ရင် ပထမဆုံးလေ့လာရေးအဖြစ် လာရောက်ကြပါတယ်။ ဒုတိယအနေနဲ့ ဖြစ်နိုင်ခြေနယ်ပယ်တွေ သုတေသနပြုကြပါတယ်။ တတိယအဆင့်ရောက်မှ ရင်းနှီးမြှုပ်နှံကြတာ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေ စတင်ပြုလုပ်ခဲ့တဲ့ ၂၀၁၁ ခုနှစ်မှာ ပြည်တွင်းစီးပွားရေး အခင်းအကျင်းတွေ ပြောင်းလဲလာအောင် စဉ်တိုက်ဆက်တိုက် အလေးပေးဆောင်ရွက်ခဲ့ရပါတယ်။ ပိတ်ဆို့အရေးယူမှုတွေ ဖြေလျှော့ပေးလာခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ ရင်းနှီးမြှုပ်နှံဖို့ လာရောက်စူးစမ်းလေ့လာကြတာတွေ အမြောက်အမြား လာရောက်ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ရင်းနှီးမြှုပ်နှံမှုတွေ စတင်ပြီး ဝင်ရောက်လာခဲ့ပါပြီ။ အရင်တုန်းက ပိတ်ဆို့မှုတွေကြောင့် သယံဇာတထုတ်ယူရေးနယ်ပယ်မှာပဲ ရင်းနှီးမြှုပ်နှံမှုတွေ အများစုတည်ရှိခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ အခုဆိုရင် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားပြောင်းလဲလာခဲ့ပါပြီ။ ၂၀၁၂ ခုနှစ်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ဝင်ရောက်ခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအထိ တိုးတက်ဝင်ရောက်လာပါတယ်။ ၂၀၁၃ ခုနှစ်မှာ ကုန်ထုတ်လုပ်မှု၊ ဟိုတယ်လုပ်ငန်းတွေမှာ အလုံးအရင်းနဲ့ လာရောက်ရင်းနှီးမြှုပ်နှံလာခဲ့ပြီးတော့ ဒီနှစ်ဆိုရင် တယ်လီကွန်းကဏ္ဍ၊ လေဆိပ်စီမံကိန်းတွေနဲ့ အထူးစီးပွားရေးဇုန်တွေ၊ အထည်ချုပ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပြီးစီးဝင်လာဖို့ရှိလာပြီ ဖြစ်ပါတယ်။

သယံဇာတ ထုတ်ယူရေးနယ်ပယ်မှာပဲ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ခဲ့တဲ့ အနေအထားကနေ ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းတွေမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ မြင့်မားလာနေတာဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေအထား ပြောင်းလဲသွားစေခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ သယံဇာတတူးဖော်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံကြတာတွေနဲ့ပတ်သက်လို့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုစီးပွားရေးအပေါ် သက်ရောက်နိုင်တာတွေအတွက်လည်း တာဝန်သိ၊ တာဝန်ခံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်လာစေဖို့ ဆောင်ရွက်သွားမယ့် ကျွန်တော်တို့အစိုးရရဲ့ ကတိကဝတ်ကို EITI (Extractive Industries Transparency Initiative) အဖွဲ့ဝင်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းမှုဖြင့် သက်သေပြလျက်ရှိပါတယ်။

ဘဏ်လုပ်ငန်းတွေ၊ အခွန်အကောက်စနစ်တွေ၊ အနိမ့်ဆုံးလုပ်ခ သတ်မှတ်မယ့် အခြေအနေတွေ၊ အခြေခံအဆောက်အအုံတွေ အစရှိတဲ့ ယုံကြည်စိတ်ချရတဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ဖြစ်ဖို့ သိသာမြင်သာတဲ့ အပြောင်းအလဲတွေ လုပ်ရတာရှိသလို ပြည်သူလူထု အလွယ်တကူမမြင်နိုင်တဲ့ Soft Infrastructure တွေ တည်ဆောက်ရတာမျိုးတွေကိုလည်း တစ်ပြိုင်တည်း ဖော်ဆောင်ခဲ့ရတာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနွေးကွေးနေတဲ့အချိန်မှာ ထွန်းသစ်စဈေးကွက်တစ်ခုအနေနဲ့ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်ကောင်းတစ်ခု ဖြစ်လာအောင် ကျွန်တော်တို့ ဝိုင်းဝန်းကြိုးစားဖို့ လိုပါတယ်။ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးလာအောင်၊ စိတ်ကူးစိတ်သန်းသာရှိပြီး ငွေကြေးအရင်းအနှီးမရှိလို့ အခက်အခဲဖြစ်နေတဲ့ လူငယ်မျိုးဆက်သစ်တွေ အစွမ်းရှိသမျှ လုပ်နိုင်ကိုင်နိုင်အောင် စီမံကိန်းအရင်းအနှီး ဖြည့်ဆည်းပေးရေးအတွက် နိုင်ငံတော်နဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားဖို့ ရည်ရွယ်ထားရှိပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပို့ကုန်မဟာဗျူဟာရဲ့ အချက်အချာဖြစ်တဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ လယ်သမားအခြေပြုလူမှုအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ နားလည်မှုရှိရှိ ပူးပေါင်းပြီး မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ Farmer Center တွေ ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်သမားတွေရဲ့ နေ့စဉ်လူမှုစီးပွားဘဝ တိုးမြှင့်ဖို့အစီအစဉ်များ ပါရှိပါတယ်။

လယ်ယာမြေအငြင်းပွားမှုတွေနဲ့ ပတ်သက်လို့လည်း ဒီလွှတ်တော်ကြီးက တိုက်တွန်းတဲ့အတိုင်း ဒုတိယသမ္မတတစ်ဦး ဦးဆောင်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေတွေကို လွှတ်တော်သို့ ပေးပို့တင်ပြလျက်ရှိပါတယ်။ ယခင်အစိုးရခေတ်ကာလများမှာ အခြေအနေ၊ အချိန်အခါအရ ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေဖြစ်ပေမယ့်လည်း ခေတ်ပြောင်းစနစ်ပြောင်းအခြေအနေတွေ ပြောင်းလဲခဲ့ပြီဖြစ်တဲ့ ကျွန်တော်တို့လက်ထက်မှာ တရားမျှတမှုအတွက် အသင့်လျော်ဆုံးနည်းလမ်းတွေကို ရှာဖွေဖြေရှင်းပေးလျက်ရှိပါတယ်။ ဒီပြဿနာတွေရဲ့ နောက်ကွယ်မှာ နိုင်ငံရေးအမြတ်ထုတ်မှုတွေ၊ ကိုယ်ကျိုးစီးပွား ပုံဖော်မှုတွေနဲ့ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်နေကြတာတွေကိုလည်း တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့မှာ ဖြေရှင်းပေးဖို့ တာဝန်ရှိတယ်ဆိုတာကို လက်ခံပါတယ်။ သိမ်းဆည်းလယ်ယာမြေတွေကို မူလသိမ်းဆည်းခံ ပြည်သူတွေဆီကို ပြန်လည်လွှဲပြောင်းပေးရာမှာ ပိုင်ဆိုင်မှုခိုင်မာစေဖို့အတွက် တည်ဆဲဥပဒေများနဲ့အညီ အချိန်ယူ ဆောင်ရွက်ပေးရပါတယ်။ ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုတွေကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့ မြို့နယ်အလိုက် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးတွေ ဖွင့်လှစ်ပြီး ဖြေရှင်းပေးနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဒီအဖွဲ့တွေနဲ့ ပူးပေါင်းပြီး တရားမျှတမှုအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း အလျဉ်းသင့်တုန်း တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်သူများရဲ့ နောက်ထပ်လိုအင်ဆန္ဒတစ်ရပ်ကတော့ တည်ငြိမ်အေးချမ်းရေးဖြစ်ပါတယ်။ ပြည်သူတွေမျှော်လင့်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ပြည်ထောင်စုအဆင့်မှာ ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီတွေရဲ့အောက်မှာ Myanmar Peace Center ကို ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွေ၊ အကြိုဆွေးနွေးပွဲတွေ၊ ငြိမ်းချမ်းရေး အသိပညာပေးမှုတွေ ဖြစ်ပေါ်လာအောင် နည်းပညာနဲ့ အတွေ့အကြုံကောင်းတွေကို မျှဝေဖော်ဆောင်ပေးလျက်ရှိပါတယ်။ မကြာခင်အချိန်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးကြဖို့အထိ အစိုးရနဲ့ လက်နက်ကိုင် တိုင်းရင်းသားခေါင်းဆောင်တွေအကြား သဘောတူညီချက်တွေ ရရှိထားပြီဖြစ်ပါတယ်။ နယ်မြေဒေသမငြိမ်းချမ်းမှုရဲ့ အကျိုးဆက်အနေနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ၊ ဘိန်းစိုက်ပျိုးမှုတွေ၊ လူကုန်ကူးမှုတွေ ဖြစ်ပေါ်ဆဲပဲ ဖြစ်ပါတယ်။ လူငယ်အချို့ အနာဂတ်ပျောက်နေဆဲ ဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူနိုင်မယ့် အကောင်းဆုံးအချိန်ကို ကျွန်တော်တို့ ရောက်ရှိနေပါပြီ။ အနာဂတ်မျိုးဆက်သစ်တွေအတွက် အေးချမ်းတည်ငြိမ်ပြီး မျှော်လင့်ချက်ပြည့်ဝတဲ့ လူနေမှုဝန်းကျင်သစ်ကို ပူးပေါင်းဖော်ဆောင်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

ငြိမ်းချမ်းသွားတဲ့ တိုင်းရင်းသားဒေသတွေမှာ ဘိန်းအစားထိုး ဝင်ငွေရရှိမယ့် လုပ်ငန်းတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြပြီး စက်မှုဇုန်တွေ၊ စီးပွားရေးဇုန်တွေ ပေါ်ထွန်းလာအောင်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဒီဒေသတွေမှာ မြေမြှုပ်မိုင်းရှင်းလင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ စီးပွားရေးအခြေခံတွေရရှိစေဖို့ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကြန့်ကြာတာနဲ့အမျှ သက်ဆိုင်တဲ့ တိုင်းရင်းသားတွေရဲ့ အနာဂတ်ဟာ မျှော်လင့်ချက်မဲ့သွားနိုင်တာကို ကျွန်တော်တို့ အထူးဂရုပြုကြဖို့ လိုပါတယ်။ နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့တဲ့ ပြည်တွင်းစစ်မီးလျှံတွေကို မကြာမီကာလမှာ နိဂုံးချုပ်နိုင်လိမ့်မယ်လို့ အခိုင်အမာ ယုံကြည်ထားပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်တို့အစိုးရအနေနဲ့ လက်တွေ့ကျတဲ့ အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှုကို လက်တွေ့ကျကျ ကြိုးပမ်းဖော်ဆောင်နိုင်ဖို့ ကြိုးစားနေပါတယ်။ ဒီနေရာမှာ မရှိမဖြစ်အဓိကလိုအပ်လျက်ရှိတဲ့ **အမျိုးသားပညာရေးဥပဒေ**ပြဋ္ဌာန်းနိုင်ရေးအတွက် စေတနာထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးသော ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးနယ်ပယ်ရှိ ကျွမ်းကျင်ပညာရှင်များနဲ့ ပါဝင်ကူညီကြတဲ့ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဒီကနေ့ အစပြုဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးရေးကို လွှဲပြောင်းတာဝန်ထမ်းဆောင်မယ့် လူငယ်တွေအနေနဲ့ ဗလငါးတန်ပြည့်စုံစွာနဲ့ နိုင်ငံ့သားကောင်းတွေဖြစ်လာရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ယုံယုံကြည်ကြည်လွှဲအပ်နိုင်တဲ့ ဘက်စုံထူးချွန်တဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာအောင် မြေတောင်မြှောက်ပေးကြရမှာ ဖြစ်ပါတယ်။

မကြာမီက ကျင်းပခဲ့တဲ့ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေဟာ ဆုတံဆိပ်ပေါင်း ၂၃၃ ခု ရယူပေးခဲ့ပါတယ်။ အလားတူ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာလည်း ဆုတံဆိပ် ၉၆ ခု ရယူပေးခဲ့ပါတယ်။ ဒီလူငယ်တွေလျှောက်သင့်တဲ့ ချောမွေ့တဲ့ လမ်းကြောင်းအမှန်ကို ကျွန်တော်တို့ ခင်းပေးကြရပါမယ်။ ကျောင်းသားတွေရဲ့ အရေးအရာကိစ္စတွေကို ကျောင်းသားတွေကိုယ်တိုင် မြှင့်တင်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ စီမံလေ့ကျင့်ပေးကြရပါမယ်။

ကျွန်တော်တို့ ကျောင်းသားလူငယ်တွေဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရမှာဖြစ်ပါတယ်။ အာဆီယံလူငယ်တွေနဲ့ ကူးလူးဆက်သွယ် နှီးနှောဖလှယ်ပြီး အာဆီယံလူငယ်ဖိုရမ်တွေကို ဦးဆောင်ကြရမှာ ဖြစ်ပါတယ်။ Youth Center ကိုလည်း ရန်ကုန်မှာ ဖွဲ့စည်းတည်ထောင်နိုင်ဖို့ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးလိုက်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်တို့ ဒီကနေ့ဖော်ဆောင်နေတဲ့ ပြည်သူလူထုဗဟိုပြုစီမံခန့်ခွဲမှုတွေဟာ ဒီကနေ့ဆိုရင် အသီးအပွင့်တွေ စတင်ခံစားနေကြရပါပြီ။ ဒီလွှတ်တော်ကြီးမှာ ဆွေးနွေး ညှိနှိုင်းခွင့်ပြုပေးခဲ့လို့ နှစ်စဉ် (၂) ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲခဲ့တဲ့ ကျန်းမာရေး အသုံးစရိတ်တွေဟာ ဒီကနေ့ ဒီအချိန်မှာ ပြည်သူတွေအကြားကို ပျံ့နှံ့သွားခဲ့ပြီး ထိထိရောက်ရောက် အကျိုးပြုနေပြီဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီတဲ့ဒေသတွေကို အလေးထားပြီး စောင့်ရှောက်မှုမြှင့်တင်သွားကြဖို့ ဖြစ်ပါတယ်။ ဒီအတွက် ဝေးလံတဲ့ ကျေးလက်ဒေသများနဲ့ မြို့ပြဆင်ခြေဖုံးဒေသများကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေဖို့ ရည်ရွယ်ပြီး အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေရှိတဲ့ နိုင်ငံ့ဝန်ထမ်းဟောင်းများ၊ အရပ်သား ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းထားတဲ့ **ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**ကိုလည်း ၂၀၁၂ ခုနှစ်မှာ စတင်ဖွဲ့စည်း တာဝန်ပေးပြီး ဆောင်ရွက်စေလျက်ရှိပါတယ်။

ပြည်သူလူထုဗဟိုပြု ပြည်သူ့ရေးရာဝန်ဆောင်မှုတွေကို အမှန်တကယ် စေတနာပါပါနဲ့ ဆောင်ရွက်တဲ့အခါမှာ ထိရောက်အောင်မြင်တာ တွေ့ရှိရပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေ ဘယ်လောက်ထိရောက်သလဲဆိုတာကို တိုင်းတာတဲ့ တစ်မျိုးသားလုံး ဂျီဒီပီတိုးတက်မှု နှုန်းထားကိုပြန်ကြည့်ရင် (၅) ရာခိုင်နှုန်းအောက်မကျဘဲ ထပ်ဆင့်တိုးတက်နေအောင် ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လမ်းကြောင်းမှန်ပေါ်ရောက်ရှိနေတဲ့ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်တင်တဲ့အနေနဲ့ ဒုတိယဝန်ကြီးတွေကို ဆပ်ကော်မတီ ၂၇ ခု ဖွဲ့စည်းပေးပြီး လပေါင်း ၃၀ ရည်မှန်းချက်တွေအတွက် တာဝန်တွေ တိတိကျကျပေးအပ်ထားပြီး အောက်ခြေပြည်သူတွေကြားအထိဆင်းပြီး ဆောင်ရွက်စေလျက်ရှိပါတယ်။ နိုင်ငံတော် ဘတ်ဂျက်ရေးဆွဲတဲ့နေရာမှာလည်း ဗဟိုကနေစီမံကိန်းရေးဆွဲပြီး လျာထားတဲ့စနစ်အစား **ပြည်သူလူထုဗဟိုပြု ဘတ်ဂျက်ရေးဆွဲတဲ့စနစ်**ဖြစ်လာအောင် ဒီကနေ့ကျွန်တော်တို့ ပြောင်းလဲနိုင်ခဲ့ပါပြီ။ မြို့နယ်အလိုက် ဖွဲ့စည်းထားပြီးဖြစ်တဲ့ အထောက်အကူပြုကော်မတီတွေ၊ မြို့မိမြို့ဖတွေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး မြို့နယ်အတွက် လိုအပ်ချက်တွေကို ဦးစားပေးအလိုက် ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်တဲ့ ဘတ်ဂျက်ရေးဆွဲမှုစနစ်သစ်ကို စတင်ဖော်ဆောင်နေပြီ ဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ မြို့နယ်စီမံကိန်းတွေကို ပြည်သူတွေကိုယ်တိုင် ရွေးချယ်ဆောင်ရွက်နိုင်အောင် လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ပြီးခဲ့တဲ့သုံးနှစ်တာကာလမှာ ကျွန်တော်တို့နိုင်ငံကို လုပ်နိုင်ပါ့မလား၊ နောက်ကြောင်း ပြန်လှည့်မှာလားဆိုတဲ့ သံသယမျက်လုံးတွေနဲ့ နိုင်ငံတကာအသိုက်အဝန်းက စောင့်ကြည့်ခဲ့ကြပါတယ်။ သုံးနှစ်တာခရီးမှာ မမျှော်လင့်တဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ အကျပ်အတည်းတွေကို ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လမ်းကြောင်းပေါ်က ချော်ထွက်မသွားခဲ့ပါဘူး။ လမ်းကြောင်းမှန်ပေါ်မှာ ရှေ့သို့ ခရီးပေါက်အောင် လျှောက်လှမ်းနိုင်ခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွေကို လေ့လာကြည့်ရင် လမ်းကြောင်းသွေဖည်သွားလိုက်တာနဲ့ ပန်းတိုင်နဲ့ အလှမ်းဝေးကွာခဲ့တဲ့ဖြစ်စဉ်တွေ အများကြီးတွေ့ရှိနိုင်ပါတယ်။ နောက်ကြောင်း ပြန်မလှည့်ဘဲ ရှေ့သို့ ဆက်လျှောက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ကြိုးပမ်းအားထုတ် လျှောက်လှမ်းခဲ့တဲ့ရလဒ်ကို မြင်တွေ့နေရပြီဖြစ်ပါတယ်။

ဒီကနေ့ ဒီအချိန်မှာ နိုင်ငံနဲ့ပြည်သူအားလုံး ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းတဲ့ အခြေအနေသစ်တစ်ရပ်ကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဖန်တီးနိုင်ခဲ့ပါပြီ။ အမြင်မတူမှုတွေ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ ကြီးမားတဲ့ မတူကွဲပြားမှုတွေကို နိုင်ငံရေးကျင့်စဉ်ကောင်းတွေကို အရင်းတည်ပြီးတော့ ငြိမ်းချမ်းစွာဖြင့် ဆွေးနွေးညှိနှိုင်းပုံဖော်တဲ့ **နိုင်ငံရေးယဉ်ကျေးမှုသစ်**တစ်ရပ်ကို ကျွန်တော်တို့ စတင်နိုင်ခဲ့ပါပြီ။ နိုင်ငံ့သမိုင်းစဉ်တစ်လျှောက် ပဋိပက္ခများအကြား သံသရာလည်ခဲ့တဲ့ နိုင်ငံရေးယဉ်ကျေးမှုဟောင်းကို ဒီယဉ်ကျေးမှုအသစ်နဲ့ အစားထိုးနေရာယူနိုင်အောင် ကျွန်တော်တို့တစ်တွေ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လက်တွေ့ကျင့်သုံးခဲ့တဲ့ အတိတ်က ပါလီမန်အုပ်ချုပ်ရေး စနစ်မျိုးကို ပြန်လည်အသက်သွင်းဖို့ဆိုတာ လိုက်လျောညီထွေမဖြစ်နိုင်တော့ပါဘူး။ အတိတ်သမိုင်းမှာ ဂိုဏ်းဂဏအစွဲတွေ၊ အယူဝါဒကွဲပြားမှုကြောင့် ဖြစ်ပေါ်ရတဲ့ ပဋိပက္ခတွေကြောင့် ရှည်ကြာတဲ့ ပြည်တွင်းစစ်ဖြစ်ခဲ့ရပြီး နိုင်ငံမတိုးတက်ခဲ့ရတာကို ကျွန်တော်တို့ သင်ခန်းစာယူကြရမှာ ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေအတွက် ရှင်းလင်းပြတ်သားစွာနဲ့ လက်တွေ့ကျတဲ့ အဖြေတွေရရှိလာအောင် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။ အသွင်ကူးပြောင်းရေးကာလဆိုတဲ့ သဘောသဘာဝကို နားလည်ထားမယ်ဆိုရင် တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီစံနှုန်းတွေ ရရှိဖို့ဆိုတာ ခြေလှမ်းမှန်မှန်နဲ့ လျှောက်လှမ်းမှုရနိုင်မှာဖြစ်တာကို သဘောပေါက်နိုင်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ နှစ်နှစ်တာကာလမှာ ကျွန်တော်တို့ လုပ်နိုင်ရင် လုပ်နိုင်သလောက်၊ ကျွန်တော်တို့ညီညွတ်ရင် ညီညွတ်သလောက် ပြည်သူတွေ အကျိုးဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ဖြစ်နိုင်ခြေကို ရွေးချယ်ရတာ ဖြစ်သလို ဖြစ်နိုင်ခြေတွေကို လက်တွေ့လုပ်ဆောင်ရတာမျိုး ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျင့်သုံးနေတဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကြောင့် ဒီကနေ့ နိုင်ငံရေးအရွေ့ကို ရှုမြင်နေကြရခြင်းပဲဖြစ်တယ်။ သို့သော်လည်း ဒီမိုကရေစီကျင့်စဉ် ရင့်သန်လာတာနဲ့အမျှ ဒီမိုကရေစီစံနှုန်းနဲ့ တန်ဖိုးများ ပြည့်မီလာစေဖို့အတွက် ရှိပြီးအခြေခံဥပဒေကို ညှိနှိုင်းပြင်ဆင်ရေးဆွဲကြရမယ်ဆိုတာကို လက်ခံကြရမှာဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ဖို့ ဆောင်ရွက်ကြရာမှာ ပါဝင်သူများရဲ့ အမြော်အမြင်ကြီးမားမှု၊ အတွေ့အကြုံ အသိပညာကြွယ်ဝမှုနဲ့ စိတ်ရင်းစေတနာ မှန်ကန်မှုတို့ကို အသုံးပြုကာ သိမ်မွေ့ညင်သာစွာနဲ့ ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ သို့မှသာ နိုင်ငံရေးအကျပ်အတည်းတစ်ခုကို ဦးတည်မသွားစေဘဲ မှန်ကန်သောရွေးချယ်နိုင်မှုနဲ့ အမွေခံ ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို လေ့လာကြည့်ရင် ကျွန်တော်တို့လို နိုင်ငံငယ်လေးတွေအတွက် အချုပ်အခြာအာဏာပိုင်ဆိုင်မှု ခိုင်မြဲပြီး ကိုယ့်စွမ်းအားနဲ့ ရပ်တည်နိုင်ဖို့ကိစ္စဟာ အထူးပဲအရေးကြီးကြောင်း လတ်တလော ဖြစ်စဉ်တွေ၊ သမိုင်းဖြစ်ရပ်တွေနဲ့ နှိုင်းယှဉ်လေ့လာ သိရှိနိုင်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် တပ်မတော်ဟာ ခေတ်မီတောင့်တင်းခိုင်မာဖို့ အရေးကြီးပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ ရှိနေရဦးမှာဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းအဖြေရှာတဲ့ စားပွဲဝိုင်းတွေမှာလည်း တပ်မတော်ဟာ ဆက်လက်ပါဝင်နေဖို့ လိုအပ်ဆဲ ဖြစ်ပါတယ်။ တပ်မတော်ရဲ့အခန်းကဏ္ဍကို တဖြည်းဖြည်းချင်း လျှော့ချဖို့ ပြည်တွင်းငြိမ်းချမ်းရေး တိုးတက်ရရှိလာမှုနဲ့ ချိန်ဆဆောင်ရွက်သွားဖို့ကိုလည်း ဒီမိုကရေစီရင့်သန်မှုနဲ့အတူ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အရေးကြီးဆုံးဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခွဲဝေအပ်နှင်းထားတဲ့ ဥပဒေပြုစာရင်းတွေကို မဖြစ်မနေ ပြင်ဆင်ရွှေ့ပြောင်းပေးရမှာဖြစ်သလို တိုင်းရင်းသားအခွင့်အရေး၊ ပြည်နယ်အခွင့်အရေးတွေ တိုးမြှင့်ရရှိလာအောင်လည်း စီမံပေးကြရမှာ ဖြစ်ပါတယ်။ ဒီကနေ့ ပြည်ထောင်စုလွှတ်တော်က တာဝန်ယူထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်ကြီးဟာ ကျယ်ပြန့်နက်ရှိုင်းပါတယ်။ ပြဋ္ဌာန်းချက်တစ်ရပ်ချင်းအလိုက် နောက်ခံသမိုင်း၊ အနှစ်သာရနဲ့ ရည်ရွယ်ချက်တွေကို ပြည့်စုံစွာလေ့လာပြီး ရှုထောင့်စုံမှ သုံးသပ်ကာ အခြေခံဥပဒေအခန်း (၁၂) မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ ပြင်ဆင်မှုဆောင်ရွက်နိုင်ရေး အလေးထား လိုက်နာကြရမှာ ဖြစ်ပါတယ်။ ဒီ့ပြင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေတဲ့ တိုင်းရင်းသားတွေ၊ လွှတ်တော် ပြင်ပအင်အားစုတွေ အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှုတွေအရ တောင်းဆိုမှုတွေကိုလည်း အလေးထားစဉ်းစားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ လက်တွေ့အခြေအနေတွေသာမက ပြင်ဆင်ပြဋ္ဌာန်းလိုက်တဲ့ ပြင်ဆင်ချက်တိုင်းကနေ အနာဂတ်မှာ သက်ရောက်နိုင်မယ့် ကောင်းကျိုးဆိုးကျိုး အလားအလာတွေကိုပါ ထည့်သွင်းစဉ်းစားကြဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဥပဒေပြုလွှတ်တော်များ၊ တရားစီရင်ရေးမဏ္ဍိုင်တို့နဲ့ ပူးပေါင်းပြီး တည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်အဆင့်ဆင့်ထားရှိ အကောင်အထည်ဖော် ဆောင်ရွက်ကြရာမှာ အောင်မြင်ခဲ့တာတွေ၊ မအောင်မြင်ခဲ့တာတွေ၊ လုပ်နိုင်တာတွေ၊ မလုပ်နိုင်တာတွေကို တွေ့ကြုံခဲ့ကြရပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ဖော်ဆောင်ရာမှာ ပြီးခဲ့တဲ့အားသာချက် အားနည်းချက်များအပေါ် သုံးသပ်ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ ရလဒ်များရရှိအောင် ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိဂုံးချုပ်အနေနဲ့ -

နိုင်ငံတကာက အာဏာရှင်စနစ် ကျင့်သုံးတဲ့နိုင်ငံဆိုပြီး ခေါ်ဆိုခဲ့ရာကနေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်တဲ့နိုင်ငံအဖြစ် ပြောင်းလဲလာနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီအခြေအနေကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ကျွန်တော်တို့ အားလုံးမှာတာဝန်ရှိပါတယ်။ သမိုင်းဆိုတာ ရေးပြီးရင် ပြင်လို့မရသလို အတုယူဖွယ် သို့မဟုတ် ဆင်ခြင်သုံးသပ်ဖွယ် မှတ်တမ်းအဖြစ် ကျန်နေမှာကို သတိပြုရမှာ ဖြစ်ပါတယ်။ သမိုင်းကိုလေ့လာပြီး ဒီမိုကရေစီထွန်းကားဖို့နဲ့ နိုင်ငံကြီးပွားတိုးတက်ဖို့အတွက် ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ကို လက်ကိုင်ပြုလျက် တာဝန်ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံ့ရဲ့သမိုင်းစဉ်မှာ အကောင်းဆုံးနဲ့ အရေးကြီးဆုံး အချိန်အခါကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ဒါကို ကျွန်တော်တို့ တန်ဖိုးထားကြရပါမယ်။ ကျွန်တော်တို့ စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ကို တည်ဆောက်ကြရမယ့် အချိန်အခါကောင်းပဲ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာရဲ့ မဏ္ဍိုင်ကြီးသုံးရပ်တို့အနေနဲ့ ဆောင်ရွက်ခဲ့မှုများအပေါ် ပကတိအတိုင်း ပြန်လည်ဆင်ခြင်သုံးသပ်ပြီး သင်ခန်းစာယူကြရပါမယ်။ ဒီမိုကရေစီပန်းတိုင်ကိုချီတက်တဲ့ ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်ကိုလည်း ညီညွတ်မှန်ကန်စေဖို့ သတိပြုကြရပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလိုက်နာပြီး ဒီမိုကရေစီရှင်သန်ခိုင်မာစေလျက် အပြန်အလှန် ထိန်းညှိနိုင်တဲ့ အခြေအနေရောက်ရှိအောင် ဖော်ဆောင်ကြရပါမယ်။ ပြည်သူတွေရဲ့မျှော်လင့်ချက်တွေ မပျက်စီးစေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။

ဒီလွှတ်တော်ကြီးထဲမှာ ကိုယ်စားလှယ်တွေ ငါးနှစ်တစ်ကြိမ် ပြောင်းလဲသွားမှာဖြစ်သလို ကျွန်တော်တို့ အစိုးရဟာလည်း ငါးနှစ်တစ်ကြိမ် တာဝန်ကိုလွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ ဒီလွှတ်တော်ကြီးက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကတော့ ကျန်ရှိနေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ထမ်းဆောင်စဉ် တိုင်းကျိုးပြည်ပြု ဘယ်လောက် စွမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ သမိုင်းတင်ခဲ့မှာဖြစ်ပါတယ်။ ညင်သာချောမွေ့တဲ့ ဒီမိုကရေစီအပြောင်းအလဲကို တည်ငြိမ်အေးချမ်းစွာနဲ့ ဖော်ဆောင်ခဲ့ကြတယ်ဆိုတဲ့ လှပတဲ့သမိုင်းကို ရေးထိုးနိုင်ဖို့ ကျွန်တော်တို့အားလုံး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်မှ

စစ်ဆေးခြင်း၊ အနီးပတ်ဝန်းကျင်နေသူများ၏ ထွက်ဆိုချက်များ ရယူခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ပြီး စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် အတည်ပြုချက်များရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပြီး မြေငှားဂရန်ချထားပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန် တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြေများကို စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြေဂရန်ထုတ်ပေးခြင်းသည် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးသကဲ့သို့ အချိန်ကာလတစ်ခု သတ်မှတ်ကာ မြို့နယ်လုံးကျွတ် ဆောင်ရွက်၍ မရနိုင်သည့်လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် မြေငှားဂရန် အမြန်ဆုံးထုတ်ပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒ၊ သဘောထားများကို ရယူ၍ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဥပဒေကြမ်းများပြုစုကာ လွှတ်တော်သို့ တင်သွင်းခဲ့ကြပြီး ပြည်ထောင်စုအစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် အခွန်ဆိုင်ရာဥပဒေများကို ပြည်ထောင်စုလွှတ်တော်နှင့်အတူပါဝင်၍ ပြဋ္ဌာန်းအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ယခု အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၂၉၃ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၆၀၅ ခု ရှိပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၉၂ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၃၅၇ ခု ဖြေကြားနိုင်ခဲ့ပါကြောင်း၊ အဆို ၁၁ ခုရှိပြီး ယင်းအဆိုများထဲတွင် အရေးကြီးအဆိုတစ်ခု ပါဝင်ပါကြောင်း၊ ယခု အစည်းအဝေးကာလအတွင်း တင်သွင်း၊ ဆွေးနွေး၊ မှတ်တမ်းတင်နိုင်ခဲ့သော အဆိုတစ်ခုသည် အရေးကြီးအဆိုဖြစ်ပါကြောင်း၊ မတင်သွင်းရသေးသော အဆိုကိုးခုနှင့် အသင့်မဖြစ်သေးသော အဆိုတစ်ခု ကျန်ရှိပါကြောင်း။

လွှတ်တော်သို့ ပြင်ပမှလာရောက်လေ့လာသူပေါင်း ပထမပုံမှန် အစည်းအဝေးမှ ယခု နဝမပုံမှန် အစည်းအဝေးအထိ ၂၅၂၉၉ ဦးရှိပါကြောင်း၊ ဤသည်ကိုကြည့်ခြင်းဖြင့် လွှတ်တော်အပေါ်ပြည်သူမည်မျှ စိတ်ဝင်စားသည်ကိုဖော်ပြနေသကဲ့သို့ လွှတ်တော်အပေါ် ဝေဖန်ဆန်းစစ်အကြံပြုရန် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်း၊ အရည်အသွေးတို့ကို တစ်နည်းမဟုတ် တစ်နည်း အကဲခတ်သွားကြမည်ဖြစ်ပါကြောင်း။

လွှတ်တော်သို့ လာရောက်လေ့လာသူအချို့မှ ခွင့်တိုင်နေခြင်း၊ မေးခွန်းကို အချိန်ယူမေးနေခြင်း၊ ပြန်လည်ဖြေကြားမှုတွင် မေးခွန်းကို ဖြေဆိုခြင်း မဟုတ်ဘဲ သီအိုရီသဘောနှင့် ဝေ့လည်ကြောင်ပတ်ဖြေဆိုခြင်း၊ တာဝန်ယူ တာဝန်ခံပြီး ဖြေဆိုမှု မရှိခြင်းများကို ပြုပြင်သင့်ပါကြောင်း ပြောကြားမှုများ ရှိလာပါကြောင်း၊ ယခုကာလအတွင်း တင်သွင်းလာသည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာကော်မတီများနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ကြိုးစားပမ်းစားဆောင်ရွက်ခဲ့ကြသည့်အတွက် ပြည်သူ့ကိုယ်စား ကျေးဇူးတင်ပါကြောင်း၊ ယနေ့ ပြည်သူ့လွှတ်တော် နဝမအကြိမ် အစည်းအဝေးပြီးဆုံးပြီး လွှတ်တော် ရပ်နားထားသည်ဆိုသော်လည်း အချို့လွှတ်တော်ကော်မတီများတွင် ဆွေးနွေးညှိနှိုင်းခြင်းများ ဆက်လက်ပြုလုပ်နေရဦးမည် ဖြစ်ပါကြောင်း။

မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံနှင့်လွှတ်တော်အတွင်း မိမိတို့၏ဆောင်ရွက်ချက်များကို ပြန်လည် ရှင်းလင်းတင်ပြခြင်းနှင့်အတူ ပြည်သူများ၏ အသံ၊ ပြည်သူများ၏ လိုအပ်ချက်များကို ကြားသိအောင်ပြုလုပ်ကြပြီး မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူများ၏ အကျိုးသာမက တစ်နိုင်ငံလုံး၏ အကျိုးဖြစ်ထွန်းစေသော မေးခွန်းများ၊ အဆိုများ သယ်ဆောင်လာနိုင်ကြပါစေဟု ဆန္ဒပြုမျှော်လင့်ထားပါကြောင်း။

ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေမည့်မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်းများ တင်သွင်းနိုင်ရန် အစဉ်အမြဲ စိတ်ကောင်း စေတနာမှန်များဖြင့် ဆောင်ရွက်ရင်း ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်အောင် ပြည်သူ့ကိုယ်စား ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် အတာသင်္ကြန်နှင့်နှစ်သစ်ကူးတွင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း၊ ပြန်လည်ဆုံတွေ့မည့် ဒသမအကြိမ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် အားလုံးကို ပြန်လည်ဆုံတွေ့ကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်ပြီး နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

ရွက်ပေးမည်ဖြစ်ပြီး အချိန်ကာလအားဖြင့် နှစ်နှစ်ခန့်အချိန်ယူ ဆောင်ရွက်မည့်ကိစ္စ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ရက်မှ ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်အတွင်း ရက် ၃၀ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ နဝမပုံမှန်အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်နှင့် လုပ်ငန်းအကူအဖွဲ့ကို အမျိုးသားလွှတ်တော်အစည်းအဝေး၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နဝမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့် စာတမ်းနှစ်စောင်နှင့်အချက်အလက်ရှစ်ခုတို့ကို ပြုစုပေးခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမတိုင်ခင်အထိစုဆောင်းရရှိထားသော စာအုပ်စုစုပေါင်း ၆၇၁၆ အုပ်ဖြစ်ပြီး ယခု နဝမပုံမှန်အစည်းအဝေး စတင်သည့်ကာလအတွင်း ထပ်မံစုဆောင်းရရှိသည့် စာအုပ် ၂၂၆၃ အုပ်ဖြစ်၍ စုစုပေါင်း စာအုပ် ၈၉၇၉ အုပ်ကို အမျိုးသားလွှတ်တော် စာကြည့်တိုက်တွင် စုဆောင်းရရှိထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၄)အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ပြည်သူအုပ်ချုပ်သည့်စနစ်ဟု ပြောနိုင်ပါကြောင်း၊ နိုင်ငံသားအားလုံး လွှတ်တော်အတွင်း လာရောက်မထိုင်နိုင်သည့်အတွက် ယင်းတို့၏ကိုယ်စား လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်စေလွှတ်လိုက်ခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့အာဏာထက်မြက်ရေးအတွက် ကျိုးနွံစွာဖော်ဆောင်ကြရန်တာဝန်ရှိပါကြောင်း။

လွှတ်တော်အစည်းအဝေးများတွင် ပြည်သူက ပေးလိုက်သည့် တာဝန်များကို ထမ်းဆောင်သကဲ့သို့ လွှတ်တော်ရပ်နားထားစဉ်တွင်လည်း ပြည်သူက ထပ်မံပေးအပ်မည့်တာဝန်များကို ခံယူကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေနှင့်အညီ ပေးသည့် ပြည်သူများအမိန့်သံကိုနာခံကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူအများစုခံစားနေရသည့် ဒုက္ခဝေဒနာများကို ပြည်သူနှင့်ထပ်တူ ခံစားပြီး ဥပဒေအကူအညီဖြင့် တွန်းလှန်ဖယ်ရှားပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့်အဆိုများနှင့် ဥပဒေကြမ်းများသည် ပြည်သူ့နှုတ်ဖျားက ထွက်ကျလာသည့်စကားများ၊ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ချက်များ ဖြစ်ပါကြောင်း။

လွှတ်တော်ကို ယနေ့ရပ်နားထားပြီး မေလနောက်ဆုံးပတ်တွင် ပြန်ခေါ်ရန် လျာထားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ပြည်သူ့အာဏာထက်မြက်ရေးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်အောင် ကြိုးစားကြရန် မှာကြားရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်နဝမပုံမှန်အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

သားဖွားကောင်စီတို့မှ ဆရာဝန်များ၊ ဆရာမများနှင့် ကျန်းမာရေးမှူးများပူးပေါင်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ယခင် MSF-H မှ တာဝန်ယူခဲ့သည့် ကယ်ဆယ်ရေးစခန်းနှင့် ကျေးရွာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ

စဉ်	မြို့နယ်	ကယ်ဆယ်ရေးစခန်း ကျေးရွာအမည်	ဆောင်ရွက်သည့်အဖွဲ့	လူဦးရေ
၁။	စစ်တွေ	သက္ကေပြင်ကျေးရွာ	မွတ်စလင်ဆရာဝန်	၂၅၀၀၀
		အုန်းတောကြီးစခန်း	Malteser/IRC	၆၂၁၇
		အောင်မင်္ဂလာရပ်ကွက်၊ ဇော်ပူဂျာကျေးရွာ၊ ပလ္လင်ပြင်ကျေးရွာ၊ စက်ရုံစုစခန်း	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးမှူးများပါဝင်သော Rapid Response Team	၂၄၄၂
၂။	မင်းပြား	ပိုက်သည်ကျေးရွာ ဆန်ထိုးတန်းကျေးရွာ သရက်အုပ်ကျေးရွာ အောင်ဒိုင်ကျေးရွာ စမ္ပလေကျေးရွာ သဒါကျေးရွာ	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း	၄၃၀၀
၃။	မြောက်ဦး	ပုရိန်စခန်း ပုရိန်ကုန်းကျေးရွာ ယိုင်သည်စခန်း အထုပ်သည်မကျေးရွာ	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးမှူးများ ပါဝင်သော Rapid Response Team	၃၅၈၉
၄။	မြေပုံ	တောင်ပေါ်စခန်း	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း မြန်မာနိုင်ငံဆရာဝန်အသင်း	၃၈၄၄
၅။	ပေါက်တော	အနောက်ရဲစခန်း ငှက်ချောင်းစခန်း ကြိမ်နီပြင်စခန်း ဆင်တက်မော်စခန်း	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးမှူးများ ပါဝင်သော Rapid Response Team	၁၄၈၅၃
၆။	ရသေ့တောင်	အနောက်ပြင် ညောင်ပင်ကြီး	မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ IRC	၉၉၄
၇။	ဘူးသီးတောင်	မြို့ပေါ်	မြို့နယ်ကျန်းမာရေးဦးစီးဌာန	၂၅၀၀

သက္ကေပြင် Stabilization Centre မှ လူနာများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်အစီအစဉ်

Stabilization Centre မှ လူနာများအား လိုအပ်ပါက စစ်တွေပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသနိုင်ရန် စစ်တွေဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ညှိနှိုင်းစီစဉ်ထားရှိပြီး ဖြစ်ပါသည်။ အခြားလူနာများအား ဒါးပိုင်ဆေးခန်းမှ လိုအပ်သော ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

✳ ကျောဖုံးမှ

ဦးစီးဌာနနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများက သန့်စင်ပြီး သောက်သုံးရေများကို လက်တွေ့သုံးစွဲပြကြသည်။

ဆက်လက်၍ ရာဇသင်္ကြန်ရပ်ကွက်ရှိ ကန်မှ ရေနောက်များကို Mobile Truck ကားဖြင့် ရေသန့်အဖြစ်ပြုပြင်ပြောင်းလဲပြီး သောက်သုံးရေလှူဒါန်းပွဲကို ကျင်းပရာ အဆိုပါရပ်ကွက်ရှိ ပြည်သူများက သောက်သုံးရေကို လာရောက်ခပ်ယူ အသုံးပြုကြသည်။

၄င်းကန်သည် အလျားပေ ၂၅၀၊ အနံပေ ၂၂၀၊ ရေအနက် ၁၂ ပေရှိကာ ရေနောက်အနည်ထိုင်ပါဝင်မှု ၀ ဒသမ ၉၃ ရှိပြီး ဆိုဒီယမ် ပါဝင်မှု ၂၂၀ PPM ပါဝင်ကာ ရေသန့်အဖြစ်သို့ပြောင်းလဲမှု ၇ ဒသမ ၉ PH အဖြစ်ပြောင်းလဲပြီး သောက်သုံးနိုင်ခဲ့သည်။

သောက်သုံးရေ ရှားပါးသောဒလမြို့နယ်အတွင်း၌ ရေနောက်များကို ရေသန့်အဖြစ် ပြောင်းလဲနိုင်မှုကို ဒေသခံပြည်သူများ အထူးစိတ်ဝင်စားလျက်ရှိကြသည်။

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

နိုင်ငံတကာသတင်း

အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ခေါင်းဆောင်များ မတ် ၂၅ ရက်က တွေ့ဆုံစဉ်။

အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်တို့ တွေ့ဆုံပြီး နာရီအနည်းငယ်ကြာ မြောက်ကိုရီးယားတို့ ဒုံးကျည်စမ်းသပ်မှုပြုလုပ်ခဲ့

ပြုံယမ်း မတ် ၂၆

အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံခေါင်းဆောင်များ နယ်သာလန်၌ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုအပြီး နာရီအနည်းငယ်မျှအကြာမှာပင် မြောက်ကိုရီးယားတို့က တာလတ်အဆင့်ရှိ ပဲ့ထိန်းဒုံးကျည်နှစ်ခု ပစ်လွှတ်စမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုအကြိမ် စမ်းသပ်မှုသည် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်ကတည်းက စကာ နိုဒွန်ဒုံးကျည်ပစ်လွှတ်မှု ပထမဆုံးဖြစ်သည်။ ထို့အပြင် မကြာသေးသော ရက်သတ္တပတ်များက တာတိုပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုများပြုအပြီး ပြုံယမ်းက နောက်တစ်ဆင့်တက်လာခြင်းလည်း ဖြစ်သည်။

အဆိုပါ ပစ်လွှတ်မှုသည် တောင်ကိုရီးယားစစ်သင်္ဘော နစ်မြုပ်မှု၏ လေးနှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြုလုပ်ခြင်းလည်း ဖြစ်သည်။

ဝါရှင်တန်နှင့် ဆိုးလ်တို့က ပြုံယမ်းတို့၏ အဆိုပါ လုပ်ရပ်အပေါ် ပြစ်တင်ဝေဖန်ကြပြီး ၎င်းလုပ်ရပ်သည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အပေါ် ချိုးဖောက်လိုက်ခြင်းဟု ဆိုကြသည်။ မြောက်ကိုရီးယားက ရန်စမှုကို အရှိန်မြှင့်လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်က ဆိုသည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ၎င်းဒုံးကျည်များကို ပြုံယမ်းမြောက်ဘက် ဆက်ကွန်ဒေသမှ ပစ်လွှတ်လိုက်ခြင်းဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းရိုးတန်းရှိ ပင်လယ်ထဲသို့ ကျမသွားမီ မိုင် ၄၀၀ ထိ ပြေးသွားခဲ့သည်ဟု ဆိုသည်။

"ဒီဒုံးကျည်ဟာ ဂျပန်ဒေသအများစုကိုသာမက ရုရှားနှင့် တရုတ်ထိတိုင်အောင်ပင် ပစ်ခတ်နိုင်စွမ်းရှိပါတယ်" ဟု အဆိုပါဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

မကြာသေးသော ရက်သတ္တပတ်များက မြောက်ကိုရီးယားသည် တာတိုပစ်ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများ စွာကို အမေရိကန်နှင့် တောင်ကိုရီးယားတို့ စစ်ရေးလေ့ကျင့်မှု ပြုလုပ်စဉ်က ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ကုလသမဂ္ဂက ပြုံယမ်းအနေဖြင့် ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်မှုများ မပြုလုပ်ရန် တားမြစ်ထားသည်။ **(ဘီဘီစီ)**

ဂျပန်နိုင်ငံအနောက်ပိုင်း မီးလောင်မှု၌ ဘရာဇီးမိသားစုဝင်နှစ်ဦး သေဆုံး

အိုဆာကာ မတ် ၂၆

ဂျပန်နိုင်ငံအနောက်ပိုင်း ရှီဂါစီရင်စု၌ မတ် ၂၆ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးသေဆုံးခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

ရှီဂါစီရင်စု ကိုနန်မြို့၌ ဒေသစံတော်ချိန် နံနက် ၃ နာရီဝန်း ကျင်က မီးလောင်မှု စတင်ဖြစ်ပွားခဲ့ပြီး မြို့တွင်းရှိ အနီးအနား လူနေရပ်ကွက်အတွင်း အိမ်သုံးလုံးကိုပါ ကူးစက်လောင်သွားခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းဖော်ပြချက်ကို ကိုးကား၍ ဂျပန်အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။

မီးသတ် တပ်ဖွဲ့ဝင်များသည် နံနက် ၇ နာရီတွင် ၎င်းမီးတောက်ပြင်းပြင်းကို ငြိမ်းသတ်နိုင်ခဲ့သော်လည်း မီးစတင်လောင်ကတည်းက ၎င်းအိမ်အတွင်း၌ ရှိနေခဲ့သော လူနှစ်ဦး၏အလောင်းများကို တွေ့ခဲ့ရသည်။

ဒေသအာဏာပိုင်များသည် ၎င်းမီးလောင်မှုကြောင့် ဒုက္ခရောက်သူများကို အတိအကျမသိသေးသော်လည်း မီးလောင်ပျက်စီးသွားသည့် အိမ်အတွင်း၌ ဘရာဇီးနိုင်ငံသား သားအမိနှစ်ဦးမှာ အသက် ၃၁ နှင့် ခုနစ်နှစ်အရွယ်ရှိမည်ဟု ခန့်မှန်းခဲ့သည်။

စုံစမ်းစစ်ဆေး

မီးသတ်ဌာနကအဝေး၌ အလုပ်လုပ်နေသော ခင်ပွန်းဖြစ်သူကိုလည်း အကြောင်းကြားပေးခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။ အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဌာနတို့ ပူးပေါင်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ဂျော်ဒန်သို့သွား

ဝါရှင်တန် မတ် ၂၆

အစ္စရေးနှင့် ပါလက်စတိုင်းနှစ်နိုင်ငံကြား လိပ်ခဲတည်းလည်းဖြစ်နေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြေလည်စေရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဂျော်ဒန်သို့ ယနေ့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ အစ္စရေးနှင့် ပါလက်စတိုင်းတို့ နှစ်ဖက်လုံးအနေဖြင့် ပါလက်စတိုင်း အကျဉ်းသားများ ပြန်လွှတ်ပေးရေးကိစ္စသည် ရှုပ်ထွေးသောကိစ္စရပ်တစ်ခုဖြစ်ပြီး သမ္မတအိုဘားမားနှင့်အတူ ဥရောပသွားခရီးစဉ်ကို အမေရိကန်ထိပ်တန်းသံတမန်က ရပ်နားထားနေချိန်ဖြစ်သည်။

အမေရိကန် ပြောခွင့်ရပုဂ္ဂိုလ် မာရီဟာ့ဖ်ပြောကြားချက်အရ ဝန်ကြီးကယ်ရီသည် ဂျော်ဒန်မြို့တော်မှနေ၍ ပါလက်စတိုင်းသမ္မတနှင့် တွေ့ဆုံကာ အစ္စရေးဝန်ကြီးချုပ်နှင့်လည်း ဖုန်းဖြင့်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် ဇူလိုင်လက အမေရိကန်က ကမကထပြုကာ ငြိမ်းချမ်းရေးဆွေးနွေးမှုများရှိခဲ့ပြီး ၎င်းအချိန်က အစ္စရေးတို့ဘက်က ပါလက်စတိုင်းအကျဉ်းသား ၁၀၄ ဦးကို လေးသုတ်ခွဲကာ ပြန်လွှတ်ပေးရန် သဘောတူညီခဲ့သည်။

မစ္စတာကယ်ရီသည် ၎င်းအကျဉ်းသားများနှင့်ပတ်သက်၍ ပါလက်စတိုင်းသမ္မတနှင့် မတ် ၂၄ ရက်က ဖုန်းဖြင့် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ကာ ပြန်လည်အစဖော်ခဲ့သည်ဟုလည်း သိရသည်။ **(ဆင်ဟွာ)**

အိန္ဒိယလက်အောက်ရှိ ကက်ရှ်မီးယားဒေသ မဲရုံများတွင် ဆေးလိပ်ကင်းစင်ဇုန်အဖြစ် ကြေညာ

နယူးဒေလီ မတ် ၂၆

အိန္ဒိယလက်အောက်ရှိ ကက်ရှ်မီးယားဒေသ ရွေးကောက်ပွဲအကြီးအကဲက ၎င်းဒေသအတွင်းရှိ မဲရုံများကို ဆေးလိပ်ကင်းစင်ရေးဇုန်အဖြစ် ကြေညာမည်ဖြစ်ကြောင်း ခရိုင်အတွင်းရှိ ရွေးကောက်ပွဲတာဝန်ခံအရာရှိများထံ အမိန့်ကြေညာစာ ထုတ်ပြန်ခဲ့သည်ဟု မတ် ၂၆ ရက်က အရာရှိများက ပြောသည်။

အရာရှိများအနေဖြင့် ၎င်းဥပဒေသတိပေးချက်ကို မဲရုံများအားလုံး၌ ကပ်ထားရမည်ဖြစ်သည်။ ယင်းအမိန့်ကြေညာစာသည် ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသ ကျန်းမာရေးအဖွဲ့၏ တင်ပြချက်အရ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဆေးလိပ်ဆန့်ကျင်ရေးအဖွဲ့သည် ၂၀၁၃ ခုနှစ် စီးကရက်နှင့်ဆေးရွက်ကြီးအက်ဥပဒေနှင့်အညီ မဲရုံများကို ဆေးလိပ်မသောက်ရနယ်မြေအဖြစ် ကြေညာပေးရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းဥပဒေသည် အများပြည်သူနှင့်ဆိုင်သော နေရာများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသည်။

(၁၆)ကြိမ်မြောက် အိန္ဒိယအထွေထွေရွေးကောက်ပွဲမဲပေးခြင်းကို အဆင့်ငါးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပြည်သူများ မဲပေးရန်အတွက် ၇၃၄၆ နေရာတွင် မဲရုံပေါင်း ၉၆၃၃ ရုံ တည်ဆောက်သွားမည်ဖြစ်ပြီး ၄၀၅၉ နေရာကို အရေးပေါ်နေရာအဖြစ် ကြေညာထားသည်။

အမျိုးသမီး ၃ ဒသမ ၂ သန်း အပါအဝင် မဲဆန္ဒရှင် ခုနစ်သန်းခန့်သည် မတည်မငြိမ်ဖြစ်နေသည့် အိန္ဒိယလက်အောက်ရှိ ကက်ရှ်မီးယားဒေသ၌ မဲပေးရန် မျှော်လင့်နေကြသည်။ **(ဆင်ဟွာ)**

ဘီဂျေပီပါတီနှင့်အပြိုင် အေအေပီပါတီမှ မစ္စတာကေဂျရီဝဲလ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်

နယူးဒေလီ မတ် ၂၆

အိန္ဒိယနိုင်ငံ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး စည်းရုံးလှုံ့ဆော်သူ အာဗိုင်းကေဂျရီဝဲလ်က ၎င်းအနေဖြင့် လာမည့်အထွေထွေရွေးကောက်ပွဲတွင် ဘာသာရေးအထွတ်အမြတ်မြို့တော် ဗာရာဏသီမှနေ၍ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မစ္စတာကေဂျရီဝဲလ်သည် မြောက်ပိုင်းမြို့တစ်မြို့၌ ၎င်း၏ အေအေပီပါတီကို ထောက်ခံအားပေးသူ ထောင်ပေါင်းများစွာတို့ တက်ရောက်လာသော လူထုစည်းဝေးပွဲ၌ အဆိုပါ ကြေညာချက်ကို ပြောကြားလိုက်ခြင်း ဖြစ်သည်။

၎င်းအနေဖြင့် အဓိကပြိုင်ဘက်ဖြစ်သည့် ဘီဂျေပီပါတီမှ ကိုယ်စားလှယ် နရန္ဒြာမိုဒီအား ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲသည် လာမည့် ဧပြီ ၇ ရက်မှ မေ ၁၂ ရက်အထိ ကျင်းပသွားမည်ဟု သိရသည်။

ဗာရာဏသီမြို့တည်ရှိရာ ဥတ္တရပရာဒက်ရှ်ပြည်နယ်သည် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များ အကြိတ်အနယ် စည်းရုံးရေးဆင်းရမည့် ပြည်နယ်တစ်ခုဖြစ်သည်။ ၎င်းပြည်နယ်မှ ပါလီမန်အမတ်နေရာ ၈၀ ခန့်ရရှိနိုင်မည့် ပြည်နယ်ဖြစ်ပြီး ဒေလီမြို့တော်၏ အာဏာရရှိရေး မျှော်လင့်သော မည်သည့်ပါတီမဆို ၎င်းပြည်နယ်တွင် အနိုင်ရရှိနိုင်ရမည်ဖြစ်သည်။

ဒေသခံမွတ်စလင်လူဦးရေ များစွာရှိသော အဆိုပါပြည်နယ်မှ ထောက်ခံမှုရရှိမည်ဟု အေအေပီပါတီက မျှော်လင့်ထားသည်။

ယခင် ရွေးကောက်ပွဲလေးခုတွင် အဆိုပါမြို့၌ ဘီဂျေပီပါတီအမတ်များက အနိုင်ရရှိခဲ့ပြီး ၎င်းပါတီဝင်များက လာမည့် ရွေးကောက်ပွဲတွင်လည်း မစ္စတာမိုဒီ အနိုင်ရရှိရေး ကြိုးပမ်းလျက်ရှိနေကြသည်။ **(ဘီဘီစီ)**

ဗာရာဏသီမြို့ ဂင်္ဂါမြစ်သို့ ရောက်ရှိလာသော မစ္စတာကေဂျရီဝဲလ်။

ဂွာတီမာလာမြို့ အဓိကဈေးကြီး မီးလောင်မှုဖြစ်

ဂွာတီမာလာ မတ် ၂၆

ဂွာတီမာလာမြို့ အဓိကဈေးကြီးအတွင်း၌ မီးလောင်မှုဖြစ်ပွားရာ ဆိုင်ခန်းငယ်ပေါင်း ၁၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်မှု၌ လေးဦးဒဏ်ရာရရှိခဲ့ပြီး ဒါဇင်ပေါင်းများစွာသည် မီးခိုးငွေ့များ ရှူရှိုက်မိခြင်းကြောင့် ဆေးကုသမှုခံယူနေရသည်။ ၎င်းမီးလောင်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

၎င်း လာတာမီနယ်လ်ဈေးအတွင်း၌ ဂွာတီမာလာတစ်ဝန်းရှိ ထောင်ပေါင်းများစွာသော ကုန်စည်များ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်ကြသည်။ ၎င်းဈေးမီးလောင်မှုမှ ထွက်ပေါ်လာသော မီးခိုးထုကြီးကို ဂွာတီမာလာမြို့၏ နေရာအနှံ့အပြား၌ တွေ့မြင်နိုင်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပညာရေးနှင့်ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုအရ ယခုနှစ်မှ ၂၀၂၀ အထိ ကလေးခြောက်သန်းအား သွားကျန်းမာရေး ပညာပေးမည်

နေပြည်တော် မတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအဖွဲ့အစည်းတို့ ပူးပေါင်းကာ ၂၀၂၀ပြည့်နှစ်မတိုင်မီ ကလေးငယ်ခြောက်သန်းခန့်အား သွားကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ရန်နှင့် ကျောင်းကျန်းမာရေးအစီအစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သွားနဲ့ခံတွင်း ကျန်းမာရေးအသိကို ပိုမိုမြင့်မားလာအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စနစ်တကျ သွားတိုက်နည်း မှန်ကန်စွာ အသုံးပြုတတ်မယ်ဆိုရင် ကလေးငယ်တွေ သွားပိုးစားခြင်းကနေ ကင်းဝေးမှာဖြစ်ပါတယ်။ ကောင်းမွန်တဲ့ သွားကျန်းမာရေး ထိန်းသိမ်းမှုတွေ တတ်ကျွမ်းဖို့အတွက် စာသင်ကျောင်းတွေမှာ ဝင်ရောက်စည်းရုံးမှုတွေပြုလုပ်မယ်"ဟု ကမ္ဘာ့သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း (အက်ဖ်ဒီအိုင်)မှ ဥက္ကဋ္ဌ ဒေါက်တာတီစီဝန်ရိုးက ပြောကြားသည်။

မြန်မာနိုင်ငံရှိ မူလတန်းအရွယ်ကလေးများအားလုံး၏ ၉၅ ရာခိုင်နှုန်းမှာ သွားပိုးပေါက်ဖြစ်နေကြောင်း မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအဖွဲ့အစည်းမှ သိရှိရသည်။ ကျောင်းပညာပေးအစီအစဉ်များကို တစ်နှစ်လျှင် ကျောင်းပေါင်း ၇၀၀ နှုန်းဖြင့် ၂၀၂၀ပြည့်နှစ်အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး ၂၀၁၄ခုနှစ်အတွင်း မြို့နယ် ၄၀ခုရှိ ကျောင်းများတွင် စတင်စီမံကိန်း ဆောင်ရွက်မည်ဖြစ်ကြောင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် Signal သွားတိုက်ဆေး ထုတ်လုပ်ဖြန့်ဖြူးသူ Unilever ၏ စီအီးအို မစ္စတာပေါလ်ပိုမန်က ပြောကြားခဲ့ကြောင်း သိရသည်။

သွန်းဝဿန်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၃-၂၀၁၄

ရွှေဈေး **(အောင်သမာဓိရွှေဆိုင်)**

ရန်ကုန်ရွှေဈေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၀၀၀၀
ရန်ကုန်ရွှေဈေး	၁၅ပဲရည်	တစ်ကျပ်သား	၆၃၀၆၀၀
မန္တလေးရွှေဈေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၀၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး **(သိမ်ဖြူငွေလဲကောင်တာ)**

အမေရိကန်	တစ်ဒေါ်လာ	၉၆၄-၉၇၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၇၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀-၅-၃၀. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၁-၁၅. ၄	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၇၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၂-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max /Newday**စက်သုံးဆီအရောင်းဆိုင်**)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဓာတ်ဆီ	တစ်လီတာ	၉၅၀	ကျပ်
အောက်တိန်း၉၂	တစ်လီတာ	၉၅၀	ကျပ်
အောက်တိန်း၉၅	တစ်လီတာ	၁၀၅၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း **(သား/ငါးဒိုင်များ)**

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၆၀၀၀-၈၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၉၈၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၆၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၆၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧည့်သာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၅၀၀
၃။ ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၃၀၀၀-၂၇၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၁၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၇၅-၄၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။ ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၈၀-၆၃၀
၁၀။ ငရုတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၇၀၀
၁၁။ ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၁၀၀-၄၃၀၀
၁၂။ သကြား	တစ်ပိဿာ	၈၆၀-၉၁၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ဝတင်ပြသည်။

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းဖွင့်

ရေး မတ် ၂၆

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မတ် ၂၆ ရက်က ကျင်းပသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မီးသတ်ဦးစီးဌာန၊မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ကျန်းမာရေးဦးစီးဌာနမှ သင်တန်းနည်းပြများက အုပ်ချုပ်ရေးနှင့် အသင်းအဖွဲ့များမှ တက်ရောက်သော သင်တန်းသား ၄၀ ဦး ကို သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းဆောင်တာများနှင့် အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်နိုင်ရန် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

သန်းခေါင်စာရင်းလှုံ့ဆော်ရေး မော်တော်ယာဉ် မွန်ပြည်နယ်အတွင်း ဖျော်ဖြေပေးနေ

သထုံ မတ် ၂၆

မွန်ပြည်နယ် သထုံခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် သထုံခရိုင်အတွင်းရှိ မြို့နယ်များသို့ သန်းခေါင်စာရင်းလှုံ့ဆော်ဖျော်ဖြေရေးယာဉ်ဖြင့် မတ် ၂၅ ရက်မှ စတင်ကာ လိုက်လံဖျော်ဖြေလျက်ရှိကြောင်း သိရသည်။

"မြို့နယ်တိုင်းမှာရှိတဲ့ ကျေးရွာတွေကို အရောက်သွားပြီး သန်းခေါင်စာရင်းကောက်ယူရေးအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့ ဖျော်ဖြေရင်း စည်းရုံးသွားမှာပါ။ ပြည်သူတွေကို သန်းခေါင်စာရင်း ဘာကြောင့်ကောက်ရသလဲ။ အကျိုးကျေးဇူးက ဘာတွေလဲ။ မေးခွန်းတွေကို ဘယ်လိုဖြေရမလဲဆိုတာတွေကို ရှင်းရှင်းလင်းလင်း သိစေချင်ပါတယ်" ဟု လှုံ့ဆော်ရေးအဖွဲ့ခေါင်းဆောင် ဦးမင်းဟန်ဝင်းအောင်က ပြောကြားသည်။ သထုံခရိုင်အတွင်း သန်းခေါင် စာရင်းကောက်ကွက်ပေါင်း ၁၁၈၀ ကွက်ရှိပြီး စာရင်းကောက် ၁၄၂၆ ဦး၊ စာရင်းစစ် ၄၅၃ ဦးတို့ဖြင့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူးရုံးမှ သိရသည်။

လှုံ့ဆော်ဖျော်ဖြေရေးယာဉ်သည် မတ် ၂၅ ရက်က ပေါင်မြို့နယ်၊ မတ် ၂၆ ရက်တွင် ဘီလင်းမြို့နယ်၊ မတ် ၂၇ ရက်တွင် ကျိုက်ထိုမြို့နယ်၊ မတ် ၂၈ နှင့် ၂၉ ရက်တို့တွင် သထုံမြို့နယ်များအတွင်း နေ့စဉ် ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ လှည့်လည်ဖျော်ဖြေပေးလျက်ရှိသည်။ **သက်ဦး(သထုံ)**

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်ကြီးကြပ်မှု၊ Thousand Islands Business Group ၏ စီမံဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၂၀၁၄-ခုနှစ်၊ မတ်လ (၂၇) ရက်နေ့ မှ (၃၀) ရက်နေ့အထိ ရန်ကုန်လူနေမှုပရိဘောဂပြပွဲ (Yangon Lifestyle Furniture Fair) ပြပွဲတွင် အောက်ဖော်ပြပါကုမ္ပဏီ (၂၉)ခုတို့က ပြခန်းပေါင်း (၁၆၄)ခန်းကို ပူးပေါင်းပါဝင်ပြသသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍ ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည် -

a.g.o.p Co.,Ltd
Asia Wood Co.,Ltd
Brightex Wood Coating Paints
Chan Myae Thar Co.,Ltd
Classic Home Co.,Ltd
Crusade Services
Dain Co.,Ltd
Gold Home Family Co.,Ltd
Gold Sleep S' pore Co.,Ltd
Hla Kabar Furniture
Hla Tha Phu Furniture
Hlaing Myitta & Great Summit Co.,Ltd
Lin Win Co.,Ltd
Luck Da Da Trading Co.,Ltd
Lucky Man
Myanmar Kowa Int'l Co.,Ltd
Myanma Timber Enterprise (MTE)
Nat Ray
Royal Modern Furniture
Sein & Mya Mattress Trading Co.,Ltd
Shu Yin Manufacturing
Shwe Pin Ngwe Pin U Than Tun
Star Tek Co.,Ltd
Sun Power Co., Ltd
Sweety Home Furniture & Bedding
Sweety Life Furniture & Interior
Timber Land Co.,Ltd
United Wood Industries Co.,Ltd
Wood Mark Furniture

ပြပွဲကျင်းပရေးကော်မတီ

အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) နေပြည်တော်ဘဏ်ခွဲအား ၂၆-၃-၂၀၁၄ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ရှေ့ဆက်လုပ်ငန်းများလည်း တိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်....

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
TM Engineering & Construction Co.,Ltd.

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကချင်ပြည်နယ်လွှတ်တော် (စတုတ္ထ)နေ့ကျင်းပ

မြစ်ကြီးနား မတ် ၂၆

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(စတုတ္ထ)နေ့ကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာအုပ်စုရှိ ကောင်းတုံရေတားတမံ၏ ရေတား/ရေထုတ်တံခါးနှင့် ပြိုကျခဲ့သည့်တာ ပေ ၂၀၀ ကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မံမလင်းကျေးရွာအုပ်စုရှိ မံမလင်းဆည်၏ မြေသားတာပေါင် မြှင့်တင်ခြင်း၊ ရေထုတ်ပေါက်၊ ရေလွှဲပေါက်များကို ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ဆွမ်ပရာဘွမ်ရှိ လျှပ်စစ်မီးတစ်နာရီထပ်တိုး၍ ထွန်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ၊ မချမ်းဘောမြို့၌ မြို့ပေါ်ရပ်ကွက် လျှပ်စစ်မီးလိုအပ်သောနေအိမ်များသို့ မီးသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ၊ မြို့ပေါ်လျှပ်စစ်မီးအား သုံးနာရီအထိ ထွန်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ၊ဆော့လော်မြို့နယ် ဟန်းကောအုပ်စု ရစ်ယော်ကျေးရွာ ယော်ဂျော်တွဲဖက်မူလတန်းကျောင်းကို အစိုးရမူလတန်းကျောင်းအဆင့်အထိ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းများအပါအဝင် ကြယ်ပွင့်ပြမေးခွန်း ၁၀ ခုကို မေးမြန်းဖြေကြားကြသည်။

ယင်းနောက် ကချင်ပြည်နယ် ကျောက်မျက်ရတနာဖြတ်တောက်ခြင်းနှင့် သွေးခြင်းဆိုင်ရာဥပဒေကြမ်းနှင့် ကချင်ပြည်နယ်၏ ယစ်မျိုးခွန်ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ပေါင်းနက်ရေလှောင်တမံ စီမံကိန်းကို ယနေ့အစိုးရသစ်လက်ထက် သက်တမ်းငါးနှစ်အတွင်း အပြီးသတ်ဆောက်လုပ်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၂၆

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ မကွေးတိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေနှင့် ပတ်သက်၍ နည်းဥပဒေများထုတ်ပြန်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုနှင့် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကို ကျော်လွန်နေသော မကွေးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ ပါ ပိုမိုပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်နိုင်ရန်အဆို၊ တိုင်းဒေသကြီး ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၄ ခုနှစ် ယစ်မျိုးခွန်ဥပဒေကြမ်း အစီရင်ခံစာတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေ့ပြောင်းအလုပ်သမားများအား အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးမှာ အရေးကြီးသောကဏ္ဍဖြစ်

နေပြည်တော် မတ် ၂၆

ပထမအကြိမ် မဲခေါင်ဒေသနိုင်ငံများအတွင်း ရွှေ့ပြောင်းလုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက် ညနေ ၄ နာရီက မန္တလေးမြို့ရှိ Mandalay Hill Resort Hotel ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသတွင်း နိုင်ငံများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရွှေ့ပြောင်းလုပ်သားများအား အရည်အသွေးပြည့်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးမှာ အရေးကြီးသော ကဏ္ဍဖြစ်ကြောင်း၊ ကျန်းမာသောလုပ်သား အရင်းအမြစ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းဖြစ်သကဲ့သို့ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်မည့် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက်လည်း အရေးပါကြောင်း၊ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအနေဖြင့် ရွှေ့ပြောင်းလုပ်သားများနှင့်အတူ ယင်းတို့၏ မှီခိုသူမိသားစုနှင့် ကလေးငယ်များအား လွှမ်းခြုံမှုပေးနိုင်ရေးအတွက် မဲခေါင်ဒေသနိုင်ငံများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို မန္တလေးမြို့၌ မတ် ၂၃ မှ ၂၆ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်ပြီး မဲခေါင်ဒေသ နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အခြားနီးနွယ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ USAID အဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ အမေရိကန်အခြေစိုက် Western Union မှတစ်ဆင့် ငွေလွှဲဝန်ဆောင်မှုပြုနိုင်ပြီ

ရန်ကုန် မတ် ၂၆

ယူနိုက်တက်အမရဘဏ်၏ ၂၇ ခုမြောက် ဘဏ်ခွဲဖြစ်သည့် သိမ်ဖြူဘဏ်ခွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၁၅၆ တွင် ဖွင့်လှစ်ခဲ့သည်။

ယူနိုက်တက်အမရဘဏ်သည် ရန်ကုန်မြို့တွင်း ATM စက် ၂၂ လုံးကို တပ်ဆင်၍ ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိပြီး ၎င်း ATM စက်များဖြင့် MPU ကတ်၊ Visa/Master ကတ်နှင့် JCB ကတ်များ အားလုံး ထုတ်ယူအသုံးပြုနိုင်ကြောင်း သိရှိရသည်။ ၎င်းဘဏ်၏ ဘဏ်ခွဲ အသီးသီးတွင် ပြည်တွင်းသာမက ပြင်ပ၌အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများအနေဖြင့် ပြည်တွင်းသို့ ငွေလွှဲဝန်ဆောင်မှုများ ပြုလုပ်မည်ဆိုပါက အမေရိကန်အခြေစိုက် Western Union မှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယူနိုက်တက်အမရဘဏ် လီမိတက်သည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လမှစတင်၍ လုပ်ငန်းလည်ပတ်ခဲ့ကာ ယခုဘဏ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းဘဏ်ခွဲ ၂၇ ခုကို ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်းဘဏ်လုပ်ငန်းများ၊ ပြည်ပငွေလွှဲအဝင်လုပ်ငန်းများကို ပြည်ပဘဏ်များနှင့် ချိတ်ဆက်လုပ်ကိုင်နေသော ဘဏ်တစ်ခုဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်တံခါးမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ ကျောက်တံခါးမြို့ ရန်ကုန်-မန္တလေးလမ်းနှင့် မြို့တွင်းသွား ဗိုလ်ချုပ်လမ်းဆုံရာ ကားဂိတ်တွင် သုံးပွင့်ဆိုင်လမ်း မီးပွိုင့်တပ်ဆင်ပြီးပြီဖြစ်၍ မတ် ၂၄ ရက်က လမ်းဆုံမီးပွိုင့်၌ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ခင်ကို(ကျောက်တံခါး)

ဒေသန္တရနင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲ၊ ဒေသခံပြည်သူတစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ

ကျောက်ကြီး မတ် ၂၆

ကျောက်ကြီးမြို့နယ် မြောင်ဦးကျေးရွာနေ ဦးညွန့်တင်(၄၅နှစ်)သည် မီးသွေးဖုတ်ရန် ၎င်း၏နေအိမ်မှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကျောက်ကြီးမြို့နယ် ကျောက်အိုင်အနီးတစ်ဝိုက်သို့ ရောက်ရှိစဉ် ဒေသန္တရနင်းမိုင်းတစ်လုံးကို ၎င်း၏ ဝဲခြေထောက်ခြေတုဖြင့် နင်းမိ ပေါက်ကွဲခဲ့သောကြောင့် ဝဲခြေထောက်ခြေတုမှာ စုတ်ပြတ်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူရန် ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ အလားတူ မတ် ၂၃ ရက် နံနက် ၇ နာရီက ကျောက်ကြီးမြို့နယ် မြောင်ဦးကျေးရွာနေ ဦးစိုင်းအောင်နိုင် (၄၅ နှစ်) သည် တစ်ရွာတည်းနေ ၎င်း၏သမီးများဖြစ်သည့် မသီတာအောင်၊ မအေးသီတာ၊ ဦးကျော်ဝင်းတို့နှင့်အတူ မီးသွေးများ သယ်ဆောင်ရန် ၎င်းနေအိမ်မှ ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ကျောက်ကြီးမြို့နယ် ဖိုးကျောက်ကြီးကုန်းအနီးသို့ ရောက်ရှိစဉ် ဦးစိုင်းအောင်နိုင်မှာ ဒေသန္တရနင်းမိုင်းတစ်လုံးကိုနင်းမိခဲ့သဖြင့် ဒဏ်ရာများ ရရှိသောကြောင့် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် သေဆုံးခဲ့ကြောင်းနှင့် မသီတာအောင်၊ မအေးသီတာ၊ ဦးကျော်ဝင်းတို့တွင် ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။ **ဖြိုးလွင်အောင်(ဆွာ)**

လယ်ပြည့် 09-50-37438 532200

လူကုန်ကူးမှုတိုက်ဖျက်ရေး တို့တွေပါဝင်ကူညီပေး

ဘုရင့်နောင်မိသားစု ဂေါက်သီးရိုက်အသင်းကြီး ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ဘုရင့်နောင်မိသားစု ဂေါက်သီးရိုက်အသင်းကြီး BGG သည် နိုင်ငံ့ဂုဏ်ဆောင် ဂေါက်သီးသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများကို သုံးလတစ်ကြိမ် ကျင်းပပေးလျက်ရှိရာ (၁၁) ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီမှစ၍ မြို့တော်စည်ပင်၊ ငွေသော်တာဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်မည့် အသင်းသူ၊ အသင်းသားများသည် မတ် ၂၈ ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးခင်ဟန် ဖုန်း-၀၉-၅၁၁၄၇၀၀၊ အတွင်းရေးမှူး ဦးခင်မောင်ဇင် ဖုန်း-၀၉-၇၃၂၂၄၆၁၄၊ တွဲဖက်အတွင်းရေးမှူး ဦးနေလင်း ဖုန်း-၀၉-၇၃၀၁၇၄၆၆ တို့ထံ ဆက်သွယ်စာရင်းပေးကြပါရန် နှိုးဆော်ထားသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၅၁၊ နေပြည်တော်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို ဗိသုကာပုံစံနှင့်အညီ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်-

လုပ်ငန်းအမည် - **အလျား ၁၀၈ ပေ× အနံ ပေ ၅၀ ရှိသော နှစ်ထပ် (+သုံးထပ်) သံကူကွန်ကရစ် အဆောက်အအုံနှစ်လုံး (မြေပြုပြင်ခြင်း၊ အတွင်းအပြင် ရေ/သန့်နှင့် လျှပ်စစ်လုပ်ငန်းများ၊ အဆောက်အအုံပတ်လည် ရေမြောင်းများအပါအဝင်) တည်ဆောက်ခြင်း။**

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁-၄-၂၀၁၄ရက်မှ ၉-၄-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်များအတွင်း နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးအမှတ် ၅၁၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၄ရက် ၁၄း၀၀နာရီတွင် ဝန်ကြီးဌာန တင်ဒါခေါ်ယူရေးကော်မတီရှေ့မှောက်တွင် တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ဖော်ပြထားရှိပေးမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းသိရှိလိုပါက ရုံးအမှတ် ၅၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၉၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမျိုးသား အမျိုးသမီး သရုပ်ဆောင်အလိုရှိသည်

မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း တစ်နာရီခွဲစာ ရိုက်ကူးရန်အတွက် ပါဝင်သရုပ်ဆောင်လိုသူများ လျှောက်ထားနိုင်ပါသည်။

အမျိုးသားသရုပ်ဆောင် ၇ ဦး

အမျိုးသမီးသရုပ်ဆောင် ၇ ဦး

တက္ကသိုလ်ဝင်တန်းအောင် (သို့) ဘွဲ့ရပြီး အသက် (၂၇)နှစ်အောက် မည်သူမဆို လျှောက်ထားနိုင်ပါသည်။

လူတွေ့အင်တာဗျူးမည့်ရက် - ၅-၄-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၀ နာရီ

လူတွေ့အင်တာဗျူးမည့်နေရာ - သံယောဇဉ်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး အမှတ် ၂၃၁၊ မြေညီထပ် ၃၅ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်

ဆက်သွယ်ရန်အမည်နှင့် - ကိုကျော်နိုင်ဦး

ဖုန်း - ၀၉-၅၁၇၁၈၂၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀၆၊ မြေကွက်အမှတ် ၇၅၁(က)၊ အမည်ပေါက် ဒေါ်သန်းခင် ISN-၁၂၉၀၄၃ ထံမှ ဝယ်ယူထားသူ ဦးအောင်မြတ်မိုး ၁၂/တမန(နိုင်)၀၀၁၂၇၇သည် မြေချပါမစ်ရုံးခွဲ မှတ်ပုံတင်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ရုံးခွဲမှတ်ပုံတင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သွေးသည်အသက်

နိုင်ငံတကာအားကစား

ဂီတာဖေးနှင့် ဗီလာရီးရဲတို့ဆုံပြီ

မိုးမြင့်လင်းလက်

လာလီဂါပွဲစဉ် (၃၀)ရဲ့လက်ကျန်ပွဲစဉ်တွေကို မတ် ၂၈ ရက် နံနက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီနှစ်လာလီဂါဘောလုံးပွဲစဉ်တွေ ပြီးဆုံးဖို့ တဖြည်းဖြည်းနီးကပ်လာချိန်မှာ အသင်းတိုင်းမျှော်မှန်းချက် ကိုယ်စီနဲ့ တိုက်ပွဲဝင်နေကြတာမို့ ပွဲစဉ်တိုင်းဟာ အနိုင်ရရေးစိတ်ဓာတ်တွေ ဆူဝေနေတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေအတွက် ပွဲကောင်းတွေအဖြစ် အသုံးတော်ခံဦးမှာ ဖြစ်ပါတယ်။

ဂီတာဖေးနှင့် ဗီလာရီးရဲ

အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဂီတာဖေးဟာ ဗီလာရီးရဲကို သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ ဂီတာဖေးဟာ ဗီလာရီးရဲကို အိမ်ကွင်းမှာ လက်ခံကစားတိုင်းနိုင်ပွဲ၊ သရေပွဲတွေများခဲ့တဲ့ မှတ်တမ်းရှိပါတယ်။ ဒါပေမယ့် မမျှော်လင့်တဲ့ ခြေစွမ်းမျိုးတွေကြောင့် အသင်းကြီးတွေ ခက်ခဲကျပ်တည်းစရာ ဖြစ်အောင် ကစားနိုင်တဲ့ ဗီလာရီးရဲရဲ့ ခြေစွမ်းကို ဒီပွဲမှာ စိတ်ချစရာတော့ ကောင်းတာအမှန်ပါပဲ။

ဆိုစီဒက်နှင့် ဗယ်လာဒိုလစ်

အခုတလော ခြေစွမ်းပြပြီး နိုင်ပွဲတွေ ရယူနေတဲ့ ဆိုစီဒက်ကို ဗယ်လာဒိုလစ်တို့ခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ ဆိုစီဒက်ရဲ့ အိမ်ကွင်းရလဒ်ကောင်းမှု မှတ်တမ်းကို ကြည့်ရင် ဗယ်လာဒိုလစ်တို့အတွက် ပွဲရလဒ် မကောင်းနိုင်ပါဘူး၊ တန်းဆင်းဇုန်က လွတ်လွတ်ကင်းကင်းဖြစ်ရေး ကြိုးစားနေတဲ့ အိမ်ရှင်ကို အားပေးရမှာ ဖြစ်ပါတယ်။

လီဗန်တေးနှင့် ဘက်တစ်

ဘက်တစ်ရဲ့ တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည် ကျဆင်းနေတာမို့ အဝေးကွင်းရလဒ်မကောင်းတဲ့ ဘက်တစ်တို့အတွက် ရင်ပူစရာပါပဲ။ လီဗန်တေးတို့ ပုံမှန်ခြေစွမ်းပြနိုင်တာမို့ ဘက်တစ်တို့ခက်ခဲမယ့်အနေအထားရှိနေပါတယ်။

ဒီပွဲမှာ အိမ်ရှင်လီဗန်တေးကိုပဲ စိတ်ချစွာ အားကိုးရတော့မလို ဖြစ်နေပါတယ်။

အယ်လ်မာရီးယားနှင့် ဗလင်စီယာ

အယ်လ်မာရီးယားတို့က အိမ်ကွင်းမှာ ခြေစွမ်းပြကစားနိုင်နေပြီး ရလဒ်ကောင်းအောင်လည်း ဖော်ထုတ်နိုင်စွမ်းရှိပါတယ်။ ဒီနှစ်သင်းဆိုတိုင်း ပေါက်ကွဲစွာအားထုတ်တာမို့ ဗလင်စီယာတို့အတွက် အမှတ်ရဖို့ဆိုတာ အလှမ်းဝေးတာတော့ အမှန်ပါပဲ။ ။

လာလီဂါသမိုင်းမှာ ဂိုးအများဆုံးသွင်းတဲ့ မက်ဆီ

ကမ္ဘာ့ကျော်ဘောလုံးသမား မက်ဆီကတော့ ပြီးခဲ့တဲ့ ရီးရဲမက်ဒရစ်နဲ့ကစားတဲ့ပွဲမှာ ဟက်ထရစ်ဂိုးသွင်းပေးနိုင်ခဲ့တာကြောင့် စပိန်လာလီဂါသမိုင်းမှာ ဂိုးအများဆုံးသွင်းတဲ့ စံချိန်ရှင်ဖြစ်သွားပါပြီ။

တိုက်စစ်မှူးမက်ဆီဟာ အဲဒီပွဲမှာ ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် ရီးရဲမက်ဒရစ်တိုက်စစ်မှူးဟောင်း ဟူဂိုဆန်ချက်ရဲ့ ဂိုးအများဆုံးသွင်းယူတဲ့ စံချိန်ကိုချိုးနိုင်ခဲ့သူဖြစ်လာပါတယ်။ ဟူဂိုဆန်ချက်ဟာ လာလီဂါသမိုင်းတစ်လျှောက် ၂၃၆ ဂိုးဖြင့် ဂိုးအများဆုံးသွင်းယူခဲ့တဲ့သူဖြစ်ပါတယ်။ ယခု သူ့နေရာကို မက်ဆီက ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ စပိန်လာလီဂါသမိုင်းမှာ ဒုတိယမြောက်ဂိုးအများဆုံးသွင်းယူသူ ဖြစ်လာခဲ့ပါတယ်။

အဲဒီပွဲမှာ မက်ဆီက ဟက်ထရစ်ဂိုးသွင်းယူပြီး ရီးရဲမက်ဒရစ်ကို လေးဂိုး- သုံးဂိုးနဲ့ အနိုင်ယူခဲ့တာပါ။ အင်နီယေစတာက ပွဲစပြီး ခုနစ်မိနစ်အကြာမှာ အဖွင့်ဂိုးသွင်းယူခဲ့ပြီး မက်ဆီက ဒုတိယဂိုးနဲ့ ပယ်နယ်တီနှစ်လုံး သွင်းယူပြီး ဟက်ထရစ်ရခဲ့တယ်။

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ စပိန်လာလီဂါသမိုင်းမှာ ဂိုးအများဆုံးသွင်းသူ ဖြစ်လာပါတယ်။ သို့ပေမယ့် သူဟာပြီးခဲ့တဲ့နှစ်က ဒဏ်ရာအနာတရ များခဲ့တာကြောင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုနဲ့ လွဲချော်ခဲ့ရပါတယ်။ မကြာသေးတဲ့ သီတင်းပတ်များက မက်ဆီဟာ ဟက်ထရစ်ဂိုးများ ပြန်လည်သွင်းယူလာနိုင်ခဲ့တာကြောင့် ဘာစီလိုနာပရိသတ်များအကြား မက်ဆီရေပန်းစားမှု ပြန်လည်နိုးထရှင်သန်လာခဲ့ပါတယ်။

သို့သော်လည်း ဘာစီလိုနာအသင်းဟာ ဒီနှစ်စပိန်လာလီဂါ ချန်ပီယံဘွဲ့ကို ကာကွယ်ဖို့ အလွန်ပင်စိုးရိမ်ရတဲ့အနေအထားပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပွဲစဉ်(၂၉) အပြီးမှာ ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုတို့က ရမှတ် ၇၀ စီ နဲ့ ဦးဆောင်နေလို့ပါပဲ။ ဘာစီလိုနာကတော့ တစ်မှတ်လျော့ပြီး တတိယနေရာလိုက်နေပါတယ်။

ဒါကြောင့် ဒီနှစ်လာလီဂါချန်ပီယံဟာ ဘယ်အသင်းဖြစ်မယ်ဆိုတာ ပြောဖို့အတော်လေးခက်နေပါတယ်။ ရမှတ်ချင်းမကွာတဲ့ ထိပ်သီးသုံးသင်းဟာ နှာတစ်ဖျားအကွာစီနဲ့ ပန်းဝင်ကြမယ့် အနေအထားပါပဲ။ တစ်နည်းအားဖြင့် ဒီနှစ်လာလီဂါမှာ ရီးရဲမက်ဒရစ်က ချန်ပီယံဖြစ်ဖို့ အကြိတ်အနယ်ကြိုးစားနေတာတွေ့ရပါတယ်။

ဒါကြောင့် လာမယ့်ပြိုင်ပွဲတွေမှာ တိုက်စစ်မှူးမက်ဆီအနေနဲ့ စံချိန်တင်ဂိုးတွေ သွင်းထားနိုင်မှ တော်ကာကျပါလိမ့်မယ်။ လာလီဂါသမိုင်းရဲ့ ဂိုးသွင်းစံချိန်ကို ဘယ်လောက်အထိ တင်နိုင်မလဲဆိုတာ လာမယ့်ပြိုင်ပွဲတွေမှာ မက်ဆီရဲ့ခြေစွမ်းကို စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ကောင်းမြတ်သူ-ရေးသည်

နိုင်ငံတကာပြည်တွင်းလိဂ် နှင့် ဂိုးရလဒ်များ သီဟ

ပြင်သစ်လီဂူး ပွဲကျန်ပွဲစဉ် **မတ် ၂၈**

ရန်းနက်စ်	-	လိုင်လီ	နံနက် ၂း၁၅

အီတလီစီးရီးအေ ပွဲစဉ်(၃၀) **မတ် ၂၈**

အင်တာမီလန်	-	အူဒီးနိစ်	နံနက် ၂း၁၅

စပိန်လာလီဂါ ပွဲစဉ်(၃၀) **မတ် ၂၈**

ဂီတာဖေး	-	ဗီလာရီးရဲလ်	နံနက် ၁း၃၀
ဆိုစီဒက်	-	ဗယ်လာဒိုလစ်	နံနက် ၁း၃၀
လီဗန်တေး	-	ဘက်တစ်	နံနက် ၃း၃၀
အယ်လ်မာရီးယား	-	ဗလင်စီယာ	နံနက် ၃း၃၀

အင်တာမီလန် Vs အူဒီးနိစ်

အီတလီစီးရီးအေ ပွဲစဉ်(၃၀)အဖြစ် အင်တာကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပြီး အိမ်ရှင်ဟာ ပွဲစဉ်(၂၉)အပြီးမှာ ရမှတ် ၄၇မှတ်နဲ့ အဆင့်၅ ယူရိုပါလိဂ်စာရင်းဝင်နေကာ အဆင့်၆ ပါးမားနဲ့အမှတ်တူ ဂိုးကွာခြားချက်နဲ့ ဖိအားပေးခံနေရတဲ့အသင်းဖြစ်ပြီး နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ထားပါတယ်။ ဧည့်သည်အူဒီးနိစ်က ရမှတ် ၃၄မှတ်နဲ့ အဆင့်၁၄မှာ ရပ်တည်နေပြီး နောက်ဆုံးအဝေးကွင်းငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး ထားပါတယ်။ နှစ်သင်းစလုံးက ခြေရည်မကွာလို့ ဒီပွဲမှာ အိမ်ရှင်အသင်းက ဖိအားများနေပြီး အမှားတစ်ချက်ကြောင့် အိမ်ကွင်းမှာ ရှုံးနိမ့်သွားမယ်ဆိုရင် ပါးမားက ကျော်တက်သွားနိုင်ပါတယ်။ ဧည့်သည်အသင်းက ဖိအားမရှိဘဲ တန်းဆင်းဇုန်ကလွတ်ကာ ယူရိုပါလိဂ်အဆင့်လည်း မျှော်မှန်းလို့မရတဲ့ အသင်းပါ။ အိမ်ရှင်ကို အားပေးတာ အသင့်တော်ဆုံးပါ။

နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးငါးပွဲ

၃.၁၁.၂၀၁၃	အူဒီးနိစ်	၀-၃	အင်တာ
၁၉.၅.၂၀၁၃	အင်တာ	၂-၅	အူဒီးနိစ်
၆.၁.၂၀၁၃	အူဒီးနိစ်	၃-၀	အင်တာ
၂၅.၄.၂၀၁၂	အူဒီးနိစ်	၁-၃	အင်တာ
၃.၁၂.၂၀၁၁	အင်တာ	၀-၁	အူဒီးနိစ်

မတ် ၂၆ ဂိုးရလဒ်များ

မန်ယူ	၀-၃	မန်စီးတီး
အာဆင်နယ်	၂-၂	ဆွမ်ဆီး
နယူးကာဆယ်	၀-၃	အဲဗာတန်
ဒေါ့မွန်	၀-၀	ရှော်လ်ကေး
ဝါဒါဘရီမင်	၁-၃	ဝုဖ်ဘတ်
ဘရန်းရှ်ဝှစ်	၃-၁	မိန့်ဇ်
ဟာသာဘာလင်	၁-၃	ဘိုင်ယန်မြူးနစ်
ရိုးမား	၂-၁	တိုရီနို
မာလာဂါ	၁-၂	အက်စ်ပန်ညို
အယ်လ်ချီ	၀-၀	ဘီလ်ဘာအို
ရက်ဗီးဝမ်းနက်စ်ဒေး	၁-၀	ဘရိုက်တန်
အစ်ဆွစ်	၂-၁	ဒါဘီ
လက်စတာ	၁-၁	ယီအိုဗွီး
ဟက်ဒါဖီးလ်	၂-၂	မစ်ဒယ်ဘရော့
ဝက်ဖို့ဒ်	၃-၃	ဘလက်ဘန်း
ဘုန်းမောက်	၄-၁	လိဒ်
ဘန်လေ	၂-၀	ဒွန်ကတ်စတာ
ကျူပီအာ	၁-၀	ဝီဂန်
မီဝေါလ်	၂-၃	ဘာမင်ဂမ်
နော်တင်ဟမ်	၀-၁	ချာလ်တန်
ရီးဒင်း	၁-၃	ဘန်စလေ
ဘော်လ်တန်	၁-၀	ဘလက်ပူး

အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးမှသတင်းစာပုံနှိပ်လုပ်ငန်းအသုံးပြုပြီး စွန့်ပစ်ပစ္စည်းသုံးမျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးတွင် အခမဲ့လာရောက်ယူနိုင်ပြီး ၂၈-၃-၂၀၁၄ရက် နံနက် ၁၀း၀၀ နာရီအရောက် လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက် နောက်ကျသောလေလံလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ စွန့်ပစ်ပစ္စည်းသုံးမျိုးလုံး ဝယ်ယူမည့်သူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၁၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံစိစစ်ရောင်းချရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး
ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

[illegible]

Ph: 01-375970, 0951 72096, 0950 47516

ပျောက်ဆုံးခြင်း

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးပိုင်အမှတ် ၁၇၊ ကွင်းအမှတ် ၄၄၂၊ တာပသွန်းကွင်း၊ အကျယ်အဝန်း ဧရိယာ ၁၃ ဒသမ ၂၈ဧက၊ လယ်မြေအမျိုးအစားဟု ခေါ်တွင်သော အမှတ် ၃၀၆၊ ရွှေလီလမ်း၊ (၉၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှကြည် ၁၂/လကန(နိုင်)၀၄၃၁၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးအပ်ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိသူများသည် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မိုးမိုးအောင် LL.B, WIPO(DL-101) (Switzerland)
အထက်တန်းရှေ့နေ(စဉ်-၂၃၁၂၃)
အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၆၃၂၄၊ ၀၉-၄၂၁၀၉၇၄၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၁၄၊ လူနေရပ်ကွက်အမှတ် မြင်သာစုပေါင်းအိမ်ရာ၊ မြင်သာ ၇ လမ်း၊ မြေကွက်အမှတ် ၈၄/၂၊ မြေအကျယ်အဝန်း ၀ ဒသမ ၀၃၈၈ဧက အကျယ်အဝန်းရှိပြီး ၁၆၅၃ စတုရန်းပေ အကျယ်အဝန်း ရှိသော မြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အရပိုင်ဆိုင်သူ ဦးသူရမင်းမင်းပို ၁၂/သကတ(နိုင်)၁၂၂၇၇၇ ထံမှ ကျွန်တော်ဦးကျော်မင်းထွန်း ၁/မကတ (ဧည့်)၀၀၀၇၂၀ သည် နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်တော့်ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထား စာရွက်စာတမ်းအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်မင်းထွန်း ၁/မကတ(ဧည့်)၀၀၀၇၂၀
ဖုန်း-၅၅၀၀၄၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ရတနာလမ်းသွယ် ၄၊ အကွက်အမှတ်(၁၁/၁၅)၊ အလျားပေ ၆၀×အနံပေ၄၀ မြေကွက်အား ဒေါ်မေသူမြင့် ၁၂/ဗဟန (နိုင်) ၀၈၈၁၁၉ မှ ဝယ်ယူရန် စရန်ငွေချပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိပါသဖြင့် ကန့်ကွက်လိုသူများသည် တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်မေသူမြင့် ဖုန်း-၀၉-၄၉၃၂၂၈၂၉၊ ၀၉-၄၂၁၃၄၁၈၂၃
အမှတ် ၉၊ မြေညီထပ်၊ နီလာလမ်း၊ ကျိုက္ကဆံ၊ ဗဟန်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၁၇၇၊ အကျယ်အဝန်း ပေ ၄၀× ပေ ၆၀ ရှိ ဦးတင်ထွန်း ၁၂/ရပသ(နိုင်)၀၁၂၅၂၁ အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၁၇၈၊ အကျယ်အဝန်း ပေ၄၀×ပေ၆၀ ရှိ ဦးစန်းလွင် ISN-၃၁၀၃၆၈ အမည်ပေါက် မြေချပါမစ်မြေကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ခင် ၁၃/မကန (နိုင်)၀၀၀၀၈၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သန္တာခိုင် LL.B,D.L.P, WIPO(Switzerland) **တရားလွှတ်တော်ရှေ့နေ**
အမှတ် ၈၃၊ အခန်း ၁၆/ဘီ၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၀၅၈၆၇

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ခ)၊ (ဃ)၊ (ဈ) နှင့် (ထ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဃ) **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဈ) **တင်သွင်းသူ** ဆိုသည်မှာ ကုန်စည်ကို ဖြစ်စေ၊ ဝန်ဆောင်မှုကို ဖြစ်စေ မည်သည့် နည်းလမ်းဖြင့်မဆို ပြည်ပမှတင်သွင်း ဆောင်ရွက်သူကို ဆိုသည်။

(ထ) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ် ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကိုဆိုသည်။ ယင်း စကားရပ်တွင် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၀ အရ တာဝန် ခွဲဝေပေးအပ်ထားသော ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများလည်း ပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ထ) ၏ နောက်တွင် ပုဒ်မခွဲ (ဒ)၊ (ဓ) နှင့် (န) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဒ) **ကုန်သွယ်မှု** ဆိုသည်မှာ ကုန်စည်ကို လက်ငင်း ဖြစ်စေ၊ အကြွေးဖြင့် ဖြစ်စေ၊ အခြား ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့် ဖြစ်စေ၊ ကုန်စည်ချင်း လဲလှယ်ခြင်းစနစ်ဖြင့် ဖြစ်စေ၊ အပ်ကုန်စနစ်ဖြင့် ဖြစ်စေ ဝယ်ယူရောင်းချသည့် ဆောင်ရွက်မှုကို ဆိုသည်။

(ဓ) **ကုန်သွယ်မှုဆောင်ရွက်သူ** ဆိုသည်မှာ ကုန်သွယ်မှုကို ကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားလှယ်အဖြစ် ဖြစ်စေ၊ အခြား မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ ဆောင်ရွက်သူကို ဆိုသည်။"

(န) **ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု အစိုးရအဖွဲ့က ပြည်ထောင်စု လွှတ်တော်သို့ နှစ်စဉ် တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာ ဥပဒေကို ဆိုသည်။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ၄ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည် -

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ် ရောင်းချခြင်း၊

(ခ) ကုန်စည်တင်သွင်းခြင်း၊

(ဂ) ကုန်သွယ်မှု ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ဆောင်မှု ဆောင်ရွက်ခြင်း။"

၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ၅ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅။ ပုဒ်မ ၄ အရ ကျသင့်သော အခွန်ကို -

(က) ကုန်စည်တင်သွင်းခြင်း ဖြစ်ပါက ကုန်စည် တင်သွင်းသူက ပေးဆောင်ရမည်။

(ခ) ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်း ဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပေးဆောင်ရမည်။

(ဂ) ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ အထူးကုန်စည်များဖြစ်ပါက ကုန်ထုတ်လုပ်သူ၊ ကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။"

၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၆။ မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့်-

(က) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ အခွန်နှုန်းများကို ဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေ ပမာဏကို သတ်မှတ်နိုင်သည်။"

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် ရှင်းလင်းချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"ရှင်းလင်းချက်။ ကုသိုလ်ရေး ဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။"

၉။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ (က) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ကုန်စည် တစ်မျိုးမျိုးအတွက် ဖြစ်စေ၊ ဝန်ဆောင်မှု တစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်း တစ်ဦးဦးအတွက် ဖြစ်စေ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊

(၂) အသစ် ထူထောင်သော လုပ်ငန်း တစ်ရပ်ရပ် သို့မဟုတ် လက်ရှိ ဆောင်ရွက်ဆဲ လုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ပေးခြင်း -

(ကက) အသစ် တည်ဆောက်ရာတွင် သို့မဟုတ် ဆောင်ရွက်ဆဲ လုပ်ငန်းများတွင် တပ်ဆင်အသုံးပြုရန် ပြည်ပမှ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြား ပစ္စည်းများ အပေါ်တွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(ခခ) ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စီးပွားဖြစ် စတင်သောနေ့မှ တစ်ဆက်တည်း ၃၆ လအထိ နှစ်ကန့်သတ်ချက်ဖြင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(၃) နိုင်ငံတော်အတွင်း ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချသော ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း။

(ခ) ပြည်ထောင်စုအစိုးရသည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း ပြုလုပ်နိုင်သည်-

(၁) ပြည်တွင်း ပြည်ပ အလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊

(၂) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့များအဖြစ် ပေးအပ်သော ကုန်စည်များ၊

(၃) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် အသုံးပြုရန် တင်သွင်းလာသည့် အသုံးအဆောင်ပစ္စည်းများ၊

(၄) တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမူ (Reciprocal Basis) အရ သံတမန်များနှင့် စပ်လျဉ်းသည့် ကုန်စည်များ။"

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ပေးဆောင်သူ။"

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၅ နောက်တွင် ပုဒ်မ ၁၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၅ -က။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူ ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် စီမံပြီးကြောင်း ထောက်ခံစာ လက်မှတ်ကို စည်းမျဉ်းများပါ သတ်မှတ်ချက်များနှင့်အညီ ရယူရမည်။

သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေး ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်။"

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အခွန်ထမ်းသည် မိမိနှင့်သက်ဆိုင်သော မည်သည့် အမိန့်ကိုမဆို မကျေနပ်လျှင် စည်းမျဉ်းများနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။ အခွန်ထမ်းသည် မြို့နယ်အခွန် ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်ဖြစ်ပါက အခွန် တောင်းခံလွှာ သို့မဟုတ် မိမိမကျေနပ်သောအမိန့် ရရှိသည့်နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း အယူခံလွှာတင်သွင်းရမည်၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်ကို မကျေနပ်လျှင် အယူခံအခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ယင်းမကျေနပ်သော အမိန့် ရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း အယူခံလွှာကို တင်သွင်းရမည်။ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါ ကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့် အမိန့် မိတ္တူကူးရန် လိုအပ်သော ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့် တောင်းခံရယူသည့်ကာလ။"

၁၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၉ ၏ နောက်တွင် ပုဒ်မ ၁၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၉-က။ (က) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်တစ်ခုခုပေါ်ပေါက်လျှင် အခွန်ထမ်းကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အခွန်အယူခံ ခုံအဖွဲ့ထံသို့ ယင်းအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း အဆိုပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အဆိုပြုချက်ကို အခွန်အယူခံ ခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်း ခံရသူက ငြင်းပယ်သည့်အမိန့် ရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။"

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ အောက်ပါ ပျက်ကွက်မှု တစ်ရပ်ရပ်ရှိလျှင် ထိုသူအား မြို့နယ်အခွန် ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ပျက်ကွက်မှု တစ်မျိုးစီ အတွက် အောက်ဖော်ပြပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။ ထိုသို့ဒဏ်ငွေ ပေးဆောင်ရာတွင် ပုဒ်မခွဲ(စ)ပါ ဒဏ်ငွေကို ဘဏ္ဍာနှစ်ကုန်အထိ စောင့်ဆိုင်းရန် မလိုဘဲ သီးခြား စည်းကြပ်ကောက်ခံရမည် -

(က) မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပေးပို့ရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရကျသင့်အခွန်၏တစ်ဆယ်ရာခိုင်နှုန်း၊

(ခ) သတ်မှတ်ထားသော အချိန်အတွင်း လစဉ် ကျသင့်အခွန် ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ် ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်ခြင်း၊ နှစ်ချုပ် ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်ခြင်း တို့အတွက် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) နှစ်ချုပ်ကြေညာလွှာအရ ကျသင့်သော အခွန်ကို ပေးသွင်းရန် ပျက်ကွက်ခြင်း၊ စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြား ခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ပေးထားသော သို့မဟုတ် တိုးမြှင့်ပေးထားသော ရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ် ရာခိုင်နှုန်း၊

(င) ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းအရ သတ်မှတ်ထားသော ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထားရှိရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ် ရာခိုင်နှုန်း၊

(စ) ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ကြောင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား တန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်း။"

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ မည်သည့်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ဝန်ဆောင်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေတွင် နိုင်ငံခြားငွေ ပါဝင်ပါက ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။"

၁၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၀ တွင် ပါရှိသော "ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူ၊ ကုန်တင်သွင်းသူ" ဆိုသည့် စကားရပ် အစား "ကုန်ထုတ်လုပ်သူ၊ ကုန်သွယ်မှု ဆောင်ရွက်သူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူ၊ တင်သွင်းသူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၀ ၏ နောက်တွင် ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၁။ သွင်းကုန် တင်သွင်းမှုအပေါ် ကောက်ခံရရှိငွေမှအပဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် မြန်မာကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

၃၂။ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်း ဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်သူ သို့မဟုတ် တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ဝန်ဆောင်မှု ရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပြေစာ သို့မဟုတ် ငွေ လက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

သို့ရာတွင် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်း ဖြစ်ပါက ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းနှင့် ပတ်သက်၍ စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အမရပူရမြို့နယ် မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

အမရပူရ မတ် ၂၆

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အသစ်တင်လှူပူဇော်ပွဲ အောင်ပွဲအဖြစ် ပျော်ပွဲရွှင်ပွဲများကို မတ် ၂၆ရက်အထိ အဆိုပါစေတီတော် ခြေရင်းတွင် ကျင်းပခဲ့သည်။

နွားလှည်းပြိုင်ပွဲ၊ လှေပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲ၊ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ခြင်းလုံးအလှခတ်ပွဲများ ထည့်သွင်းကျင်းပကြပြီး ညပိုင်းတွင် ဇာတ်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များ လာရောက်ခဲ့ကြသည်။

မြန်မာ့ရိုးရာနွားလှည်း ဒုံးပြိုင်ပွဲတွင် အကြီးတန်း၊အငယ်တန်း နှစ်မျိုးဖြင့် လည်းကောင်း၊ နွားပြေးနွားလိုက်ပြိုင်ပွဲတွင် အကြီးတန်း၊ အငယ်တန်း နှစ်မျိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြရာ ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း ချီးမြှင့်ပေးအပ်သည်။ ထို့အတူ မြန်မာ့ရိုးရာ လှေပြိုင်ပွဲများလည်း ကျင်းပရာ ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်း ချီးမြှင့်ကြသည်။

ဘုရားပွဲတော်ရက်များအတွင်း လှေပြိုင်ပွဲများ ကျင်းပနေစဉ်။ သတင်းနှင့် ဓာတ်ပုံ-အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ပြိုင်ပွဲများသို့ ရပ်ဝေးရပ်နီးရှိ ကျေးရွာများမှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပျော်ပွဲရွှင်ပွဲများကို တောင်သမန်အင်းစောင်းဘေးတွင် မတ် ၂၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် ဘကြီးတော် စစ်ကိုင်းမင်း တည်ထားခဲ့သော စေတီတော် (ကြီးလေးကြီး)အပါအဝင်ဖြစ်သော မဟာဝိဇယရံသီပုထိုးတော်ကြီး မြတ်စွာဘုရားသည် ငလျင်ဒဏ်ကြောင့် ငှက်မြတ်နားတော် မြေခခဲ့ရာ မတ် ၂၃ ရက်တွင် အသစ်ပြန်လည် ပူဇော်နိုင်ခဲ့ခြင်းဖြစ်ပြီး ထီးတော်သစ် ပြန်လည်တင်လှူနိုင်ခဲ့ခြင်းကြောင့် ဒေသခံများ ဝမ်းမြောက်လျက်ရှိသည်။

မော်ကျွန်း၌ ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်

မော်လမြိုင်ကျွန်း မတ် ၂၆

မော်လမြိုင်ကျွန်းမြို့နယ် လေးအိမ်တန်းကျေးရွာနှင့် ဝိထုံးကျေးရွာဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲကို မတ် ၂၄ ရက်က လေးအိမ်တန်းကျေးရွာ၌ ကျင်းပခဲ့သည်။ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ကျပ်သိန်း ၄၀ အကုန်အကျခံဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ လမ်းအရှည်ပေ ၁၈၀၀၊ အကျယ်ခြောက်ပေရှိလမ်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ခိုင်ဇာမွန်

ကျေးလက်လူဦးရေ ငါးထောင်ဝန်းကျင်အတွက် စက်ရေတွင်းဖွင့်လှစ်

တောင်တွင်းကြီး မတ် ၂၆

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက် ၈နာရီခွဲက အုန်းတော(၁)ရပ်ကွက် ၅၅၀ကွက်သစ် စက်ရေတွင်းသစ်နေရာတွင်ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရေပေးဝေရေး တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးက စက်ရေတွင်းနှင့်ပတ်သက်သော အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အထိမ်းအမှတ်မုခ်ဦး ဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးခိုင်မြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် အထိမ်းအမှတ်အလံငယ်များကို ခေတ္တအမှုဆောင်အရာရှိ ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းသစ်ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ သိန်း ခြောက်သောင်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လေးလက်မ ပေ ၇၀၀ စက်ရေတွင်းဖြစ်ကာ အုန်းတော(၁)ရပ်ကွက်နှင့် အုန်းတော(၂)ရပ်ကွက်တို့မှ အိမ်ခြေ ၆၉၅ လုံး လူဦးရေ ၄၇၉၆ ဦးတို့အတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

မိုလ်ပြည့် (တောင်တွင်းကြီး)

သတင်းတို

မဟာရန်အောင်စေတီ၌ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ မဟာရန်အောင်စေတီတော်ကြီးတွင် သီရိဇေယျာသီလရှင်စာသင်တိုက်မှ ကြီးမှူးကျင်းပသော ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၅ရက်က ကျင်းပရာ သင်တန်းသား ၃၆၃ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ သင်တန်းနည်းပြဆရာများက ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်း အကြောင်းပြောကြားပြီး အလှူရှင်များက ကလေးများအတွက် လိုအပ်သည်များကို လှူဒါန်းခဲ့ကြသည်။ **(ဝ၅၄)**

ဝန်ထမ်းများအားမီးငြိမ်းသတ်ခြင်း သရုပ်ပြ

စစ်ကိုင်းခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဝါလုပ်ငန်းဝန်ထမ်းများနှင့် ဝါစိုက်တောင်သူလယ်သမားကြီးများအား ပြည်သူပိုင်ပစ္စည်းများ မီးလောင်ဆုံးရှုံးမှုမရှိစေရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို မတ် ၂၀ ရက်က အဆိုပါဦးစီးဌာနဝင်းအတွင်း ကျင်းပခဲ့သည်။ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးစီမံချက်ဖြင့် ဆောင်ရွက်နေခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းဦးက ရှင်းလင်းဆွေးနွေးပြီး ဝါစက်ရုံဝါအဝယ်ဒိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ သဲ၊ ရေ၊ မီးချိတ်၊ မီးကပ်ထားရှိမှုများ၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဝါလုပ်ငန်းခရိုင် ဦးစီးမှူး ဒေါ်မြင့်မြင့်ဦးနှင့် စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များမှဝန်ထမ်းများနှင့် ဝါစိုက်တောင်သူများကိုယ်တိုင် မီးငြိမ်းသတ်ခြင်း သရုပ်ပြခဲ့ကြသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

မြို့တွင်းလမ်းကတ္တရာ ထပ်ပိုးခင်း

ပြည်သူများသွားလာရေးကောင်းမွန်စေရန်နှင့် လမ်းများရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီ ဘီအိုတီခွင့်ပြုချက်ရ ဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းနောင်နှင့် လုပ်သား ၃၅ ဦးတို့သည် လမ်းကြိတ်ကားတစ်စီး၊ ကျောက်တင် ကျောက်ချ ဆယ်ဘီးကားတစ်စီး၊ ခြောက်ဘီးကားတစ်စီးနှင့် ထော်လာဂျီတစ်စီးတို့ဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့တွင်းလမ်း မိုင်တိုင်အမှတ် ၂၇မိုင်မှ ၂၅ မိုင် လေးဖာလုံအတွင်း ရှိ ၁၈ ပေအကျယ်လမ်း ကတ္တရာထပ်ပိုးခင်းခြင်းလုပ်ငန်းကို မတ် ၁၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(၁၃၅)**

ဓာတ်အားတိုးမြှင့်ကောက်ခံခြင်း သုံးခွ၌ရှင်းလင်း

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်လတ်နှင့် အဖွဲ့သည် မတ် ၂၄ ရက် နံနက်က ပျဉ်းမကန်၊ ပုလဲ၊ ဥယျာဉ်တော၊ ညောင်လန်းကန်၊ ကင်မွန်းကန် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံရခြင်းအပေါ် မိဘပြည်သူများအား ရှင်းလင်းပြောကြားပြီး မရှင်းလင်းသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရှိရသည်။ **ကိုကျော်(သုံးခွ)**

သဒ္ဓမ္မဝံသကျောင်း
သစ္စာဒီပက တရားပြဌာန
သင်္ကြန်ခုနစ်ရက်စခန်းဖွင့်ပြီ

- ဧပြီလ ၉ ရက် ၅ နာရီ နောက်ဆုံးစာရင်းပေး၍ ၁၀ ရက်မှ ၁၇ ရက် နံနက်အထိ
- တန်ခူးလဆန်း ၁၀ ရက်အဝင် ၁၁ရက်မှ တန်ခူးလပြည့်ကျော် ၇ရက်အထိ

လိပ်စာ - (၇၇)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊
လမ်းညွှန် - ၃၂၊ ၅၆၊ ၅၇ ယုဇနကားများစီး၍ အလယ်ဂိတ်မှတ်တိုင်ဆင်းပါ။

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ
သင်္ကြန်အကြို ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ်၊ မိုကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၂-၄-၂၀၁၃ ရက်မှ ၈-၄-၂၀၁၃ ရက် ခုနစ်ရက် သင်္ကြန်အကြို တရားစခန်းပွဲတွင် ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတ်တစ်ပုံအောင်) ဒီဃနိကာယမ္ဟာစရိယ၊ သာသနဇ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနတမရ အရှင်သူမြတ်နှင့် ဆရာကြီး လယ်တွင်းသား ဦးစောချစ်တို့မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ကျောင်းသား ကျောင်းသူများကို ဦးစားပေး၍ လက်ခံပေးပါမည်။ စာရင်းသွင်းရန်နှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့

ဖုန်း-၅၇၁၂၈၅၊ ၀၁-၈၅၀၀၃၄၅၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၂၅၀၀၂၁၄၃၄

ကသာခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်
(ကသာ-ကောလင်း-ထီးချိုင့်-ပင်လယ်ဘူး-ဗန်းမောက်-ဝန်းသို-အင်းတော်)

ကသာခရိုင် ခုနစ်မြို့နယ်မှ အသင်းဝင်မိသားစုများ၏ နှစ်စဉ်ကျင်းပမြဲ သင်းလုံးကျွတ်အစည်းအဝေးကြီးကို အသက်(၇၅)နှစ်နှင့်အထက် အဘိုး အဘွားများအား ကန်တော့ခြင်း၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်မိသားစုများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို ၂၀၁၄ခုနှစ် ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားအနောက်မုခ်ရှိ ဓမ္မဗိမာန် ဓမ္မာရုံကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်မဟုတ်သော်လည်း ရန်ကုန်မြို့တွင် ရောက်ရှိနေပါက ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကြိုတင်ဆက်သွယ်နိုင်ရန်အတွက် အသင်းဥက္ကဋ္ဌ ဦးညွန့်ဦး ဖုန်း-၅၁၁၂၅၅၇၊ ဒုတိယဥက္ကဋ္ဌ ဦးရွှေမိုး ဖုန်း-၀၉-၇၃၀၃၂၁၇၂၊ ဒုဗိုလ်မှူးကြီးမောင်ကို(ငြိမ်း) ဖုန်း-၅၆၀၉၈၁၊ ဦးအောင်ဝင်း ဖုန်း-၀၉-၄၂၀၀၀၆၂၃၀၊ ဘဏ္ဍာရေးမှူး ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၀၉-၄၂၁၁၃၈၈၄၃၊ အတွင်းရေးမှူး ဦးမျိုးဝင်း ဖုန်း-၀၉-၇၃၁၁၀၀၈၆ တို့သို့ ဆက်သွယ်စာရင်းပေး၍ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ထူပါရုံ၊ မြေကွက်အမှတ်(၁၅၁၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၅၁၉/ခ)၊ ထူပါရုံ ၁၆ လမ်း၊ အရှေ့(၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးစံရင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံရင်(ဖခင်)၊ ဒေါ်ရင်မေ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးမောင်မြင့် ၁၂/သကတ(နိုင်)၀၉၃၃၈၃၊ (၂) ဦးမောင်ချစ် ၁၂/သကတ(နိုင်)၀၉၄၈၁၂၊ (၃) ဦးချစ်လွင် ၁၂/သကတ(နိုင်)၀၅၀၉၉၈ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၁၂၊ မြေကွက်တည်နေရာအမှတ် ၁၂၊ လှော်ကားလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်ကျင်မီ CG-၀၄၅၆၂၈၊ ဒေါ်ရီရီမြ(ခ)ဒေါ်ဘုတ်ဆုံ L/RGN-၀၂၈၂၃၁ တို့ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်မီ၊ ဒေါ်ရီရီမြ(ခ)ဒေါ်ဘုတ်ဆုံ (တရားပြိုင်)နှင့် ဒေါ်ဂိုရီယံဘီ(တရားလို)တို့မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်(၉၇/၂၀၁၂)နှင့် တရားမဓာရီမှုအမှတ် (၂၇/၂၀၁၃)အရ တရားရုံးဒေါ်ကျင်မီ+၁ ကိုယ်စား တရားရုံး(ဘီလစ်) ဒေါ်ကြည်ကြည်စန်း ၁၄/လမန(နိုင်)၀၀၄၁၅၂ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၅၆၇၊ မြေကွက်တည်နေရာအမှတ် ၅၆၇၊ (၂၉)ရပ်ကွက်၊ ဒဂုံမြောက် ဦးသန့်ဇင် AF-၀၇၃၈၅၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန့်ဇင်ကွယ်လွန်သဖြင့် ဒေါ်ကျင်ဟုတ် ၁၂/ဒဂမ(နိုင်)၀၀၂၅၁၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၅၀/၁၄(၁၀-၃-၁၄)ဖြင့် ကိုယ်စားလှယ်စာရရှိသူ ဒေါ်မိုးသီတာ ၁၂/မရက(နိုင်)၀၈၃၄၃၆ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၉၅၉၊ မြေကွက်တည်နေရာအမှတ် ၉၅၉၊ (၁၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဒေါ်သန်းစိန်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းစိန်ကွယ်လွန်သဖြင့် ဦးလှကြည် ၁၂/သဃက(နိုင်)၀၃၁၄၄၄ မှ တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်အိုယာဉ်ဟောင်း အပ်နှံ/လက်ခံရရှိခြင်းပြေစာပုံစံ(စ)မိတ္တူထုတ်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် လ/၆၂၁၊ Mitsubishi Fuso BUS (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူမြင့် ၉/အမရ(နိုင်)၀၅၇၉၃၈ က ယာဉ်အိုယာဉ်ဟောင်း အပ်နှံလက်ခံရရှိခြင်း ပြေစာပုံစံ(စ)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၅၁၅၂၁ Luojia, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော်စွာ ၉/ခမစ(နိုင်)၀၁၆၀၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ညောင်တုန်းမြို့နယ်၏နာမည်ကျော်ရန်ကင်းသာ (ညောင်ချောင်းသာ) အပန်းဖြေစခန်းနှင့် လင်းယုန်သစ်လွင် ညွှန်းဆိုသည့် သီတာသောင်ခြေ အပန်းဖြေစခန်း

တင်ရွှေ(ညောင်တုန်း)

ညောင်တုန်းမြို့တွင် ရန်ကင်းသာကမ်းခြေနှင့် ညောင်တုန်းမြို့တစ်ဖက်ကမ်း စကြော့ကျေးရွာသီတာသောင်ခြေအပန်းဖြေစခန်းတို့ ဖွင့်လှစ်ထားရာ အပန်းဖြေလာရောက်သူများ များပြားစည်ကားလျက်ရှိသည်။

ညောင်တုန်းဘက်ကမ်းရှိ ရန်ကင်းသာအပန်းဖြေစခန်း(ညောင်ချမ်းသာ) အပန်းဖြေစခန်းမှာ လွန်ခဲ့သော သုံးနှစ်က စတင်ဖွင့်လှစ်ခဲ့သော အပန်းဖြေစခန်းဖြစ်သဖြင့် လူသိများပြီး ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။ မြို့နယ်ကော်မတီနှင့် အန္တရာယ်ကင်းဝေးစေရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေးကိစ္စရပ်များပါမကျန် စနစ်တကျ စီစဉ်ဆောင်ရွက်ထားသည်။ တံတားဖြတ်သန်းခ၊ ကားရပ်နားစခန်း၊ ရေချိုးခန်း၊ ရေအိမ်များအပါအဝင် လေလံတင်ရောင်းချ ငွေများနှင့် ဆိုင်ခန်းခရရှိငွေများကို မြို့တော်ခန်းမ တည်ဆောက်ရေးအတွက် ထည့်သွင်း အသုံးပြုသွားမည်ဖြစ်သည်။

ညောင်တုန်းမြို့တစ်ဖက်ကမ်း စကြော့ကျေးရွာတွင်လည်း ဆရာကြီးလင်းယုန်သစ်လွင်ကို အမှတ်တရ ဂုဏ်ပြုသောအားဖြင့် သဘာဝသဲသောင်ပြင်ကျယ်ကြီးပေါ်တွင် ဒေသခံများက သီတာသောင်ခြေအပန်းဖြေစခန်းကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

သီတာသောင်ခြေဦးဝတ္ထုရှည်ဖြင့် ဆရာလင်းယုန်သစ်လွင်သည်၁၉၆၂ ခုနှစ်အတွက် အနုပညာစာပေဆိုင်ရာ ဝတ္ထုရှည်ဆုရရှိခဲ့သည်။ သီတာသောင်ခြေဦးဝတ္ထုသည် ညောင်တုန်းမြို့တစ်ဖက်ကမ်း စကြော့ကျေးရွာနှင့်အနီးတစ်ဝိုက် ရွှေဒင်္ဂါးကျွန်းရွာကိုနောက်ခံထား၍ ရေလုပ်သားတို့၏ဘဝ၊ ရေလုပ်သားတို့၏ နှလုံးသားခံစားချက်၊ရေလုပ်သားတို့၏ အချစ်ဇာတ်လမ်းကို ခြယ်မှုန်းရေးသားထားသောဘဝသရုပ်ဖော် ဝတ္ထုရှည်ဖြစ်ပါသည်။ ထိုအချိန်က ရွာအခြေအနေ၊ ရွာဓလေ့ကို ကွက်ကွက်ကွင်းကွင်း ရေးသားခဲ့သည်။

ကမ်းခြေတွေ ထွက်ပေါ်လာတာ ဒေသတွင်း အလုပ်အကိုင်. . .

ထို့ကြောင့် စကြော့ရွာသည် ဆရာလင်းယုန်သစ်လွင်ကို မမေ့၊ ဆရာ့လက်ရာ သီတာသောင်ခြေဦးကိုလည်း အမှတ်ရဆဲဖြစ်သည်။ ဆရာ့လက်ရာသည် ဧရာဝတီ၏ကျေးဇူးကို ထင်ရှားစေခဲ့သည်။ ဧရာဝတီကမ်းခြေမှ တံငါသည်တို့၏ ဘဝကိုပုံပေါ်စေခဲ့သည်။ ထိုအချိန်က ကျေးလက်ဒေသ လူနေမှုဘဝ၊ လူနေမှုအခြေအနေကို ထင်ဟပ်စေခဲ့သည်။ သဘာဝနှင့် ကာယကိုအားထားရသော လုပ်ငန်းဖြစ်သဖြင့် ကြမ်းတမ်းစွာ ကျင်လည်ခဲ့ကြရှာသောဘဝကို ပေါ်လွင်စေခဲ့သည်။ ယခုမူ သဘာဝကပေးလာသော သဲသောင်ပြင်ကြီး ပေါ်ပေါက်လာချိန်တွင် ဆရာ့ကိုကျေးဇူးဆပ်ကြသည်။ ဆရာ့ကို အမှတ်တရ ဂုဏ်ပြုလိုက်ကြသည်။ သီတာသောင်ခြေ အပန်းဖြေစခန်းကို ဖွင့်လှစ်လိုက်နိုင်ကြခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ စကြော့ရွာဟာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှာ တည်ရှိတဲ့ရွာတစ်ရွာပါ။ ဧရာဝတီမြစ်ကမ်းခြေမှာ ကျယ်ဝန်းတဲ့သဲသောင်ပြင်ကြီး ပေါ်လာတော့ ဒေသခံပြည်သူတွေ ဝမ်းပန်းတသာဖြစ်ကြရပါတယ်။ လက်လုပ်လက်စားများတဲ့ရွာဖြစ်လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင်၊ ဒေသဖွံ့ဖြိုးအောင်၊ ညောင်တုန်းမြို့သားစာရေးဆရာကြီး လင်းယုန်သစ်လွင်ကိုအမှတ်တရ ဂုဏ်ပြုနိုင်အောင် ဆိုပြီး သီတာသောင်ခြေ အပန်းဖြေစခန်းကို ဖွင့်လိုက်ကြတာပါ။ ကျွန်တော်တို့ ဒေသလည်း စည်ကားစေချင်တာပါ။ ကျွန်တော်တို့ ဒေသလည်း ဖွံ့ဖြိုးစေချင်တာပါ"ဟု ဒေသခံကျောင်းဆရာဟောင်း ဦးတင်ဝင်းက ရှင်းပြသည်။

ညောင်တုန်းမြို့နယ်မှာ ဖွင့်လှစ်ထားသော အပန်းဖြေစခန်းနှစ်ခုစလုံးတွင် စိတ်တိုင်းကျလာရောက်အပန်းဖြေနိုင်ကြသည့်အပြင် ဧရာဝတီမြစ်ပြင်ကျယ်နှင့် ပန်းလှိုင်မြစ်ပြင်ကျယ်တို့ကို ဖြတ်သန်းတိုက်ခတ်လာသောလေသန့်များကို အားပါးတရ ရှူရှိုက်နိုင်ပြီး စားသောက်ဖွယ်ရာများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် စိတ်ကြိုက်ဝယ်ယူစားသောက်နိုင်ခြင်းကြောင့် လာရောက်လေ့လာနိုင်ပါရန် တင်ပြလိုက်ရပါသည်။

တောင်ငူခရိုင် ကျောက်ကြီးမြို့ ပြည်လုံးအေး ဆုတောင်းပြည့်ဘုရား ထီးတော်တင်လှူပွဲ ကျင်းပ

ကျောက်ကြီး မတ် ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ ဇေလာသဘာတောင်တော်မြတ်ပေါ်တွင် ပြည်လုံးအေးဆုတောင်းပြည့် ကောင်းမှုတော်ရွှေတိဂုံစေတီတော် ပုံစံတူ စေတီတော်မြတ်ကြီးနှင့် အရန်စေတီတော် ၆၄ ဆူတို့အား ထီးတော်များစုပေါင်းတင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို မတ် ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရှင်သီဝလိ ခြေတော်ရာကျောင်းတိုက်မှ ဆရာတော်အရှင်ခေမိန္ဒအမှူးပြုသော ပင့်သဃာတော် ၁၄ပါးတို့ ကြွရောက်တော်မူကြပြီး ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ပြည်သူ့ ဝန်ထမ်းများ၊မတည်အလှူရှင်များ၊ ဗုဒ္ဓဘာသာဝင်များတက်ရောက်ကြည်ညိုကြသည်။

နံနက် ၈ နာရီတွင် အရန်စေတီတော်များအား ထီးတော်တင်လှူခြင်း၊နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းများကို ဆောင်ရွက်တော်မူခဲ့သည်။ စေတီတော်မြတ်သည် ပုလ္လင်တော်မြတ်အမြင့် သုံးတောင်နှင့် ဉာဏ်တော်အမြင့် ၁၁ တောင်ရှိပြီး အရန်စေတီတော် ၆၄ ဆူနှင့် ဂြိုဟ်တိုင်ရှစ်ခုတို့ သပ္ပာယ်တင့်တယ်စွာ ပါဝင်ကာ မတည်အလှူရှင် ၇၂ ဦးတို့နှင့် အလှူရှင်များက ငွေကျပ် ၉၉ သိန်းခန့် ပါဝင်လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။ (ဝ၄၅)

သုံးခွမြို့နယ်တွင် စာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်လှစ်

သုံးခွမြို့နယ် သမဝါယမ ဦးစီးဌာနတွင် မတ် ၂၄ ရက်ကအခြေခံ သမဝါယမအသင်း အဆင့်ဆင့် အမှုဆောင်များနှင့် ရုံးတွင်းဝန်ထမ်းများအား စာရင်းရေး၊ စာရင်းကိုင်ဆင့်ပွားသင်တန်း (၁/၂၀၁၄)ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။ ဦးစီးအရာရှိ ဒေါ်ခင်စန်းကြည်နှင့် ဦးစီးမှူးများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က သင်တန်းများပို့ချကြကြောင်း သိရသည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၈၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

သတင်းတို

ယာဉ်တိုက်မှုလျော့ကျရေး တောင်ကြီး၌ဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(တောင်ကြီး) မှ ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများ ကျင်းပရာ မတ် ၂၃ ရက် နံနက် ၁၀ နာရီတွင် ပလီလင်းကျေးရွာ(အထက)နှင့် မင်းကျောင်းစာသင်တိုက်ရှိ ယဉ်ကျေးလိမ္မာသင်တန်း၌ ကျင်းပခဲ့သည်။ မော်တော်ဆိုင်ကယ်အပါအဝင် လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းချက်များကို စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက ပြောကြားပြီး ပြစ်မှုပြစ်ဒဏ်များကို ဒုရဲမှူး ထွန်းထွန်းအောင်က ပရိုဂျက်တာ ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး ရဟန်း၊ သံဃာများ၊ သီလရှင်၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်ဇာမွန်

မဟာစည်အေးရိပ်သာ၌ ဗုဒ္ဓဘာသာသင်တန်းဖွင့်

တောင်ငူမြို့ မဟာစည် အေးရိပ်သာ၌ နွေရာသီ ကလေးများ ယဉ်ကျေးလိမ္မာသင်တန်းနှင့် တရားစခန်းကို မတ်လ ၂၅ ရက်မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူ ၅၅၀ တက်ရောက်သင်ယူလျက်ရှိသည်။ သင်တန်းသားများကို နေ့လယ်စာထမင်း၊ ညနေအဆာပြေမုန့်များ ကျွေးမွေးသည့်အပြင် အသွားအပြန် မော်တော်ယာဉ်များဖြင့် အခမဲ့ကြိုပို့ပေးပြီး ဆက်သွယ်လှူဒါန်းလိုကြသူများအနေဖြင့် ဖုန်း-၀၉-၅၃၅၁၄၂၉ နှင့် ၀၅၄-၂၃၄၆၀ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၁၅)

မေတ္တာရောင်ခြည် သွေးအလှူအဖွဲ့ သွေးလှူဒါန်းပွဲဖိတ်ကြားလွှာ

မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၁/၂ လမ်းရှိ ညောင်သုံးခွ ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် အရှင်သာသနဦးစီးသော မေတ္တာရောင်ခြည် သွေးအလှူအဖွဲ့မှ နဝမအကြိမ်စုပေါင်းသွေးလှူဒါန်းပွဲကို ၃၀-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် အမျိုးသားသွေးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဇီဝိတဒါနအဖြစ် မိမိတို့၏သွေးကို လှူဒါန်းနိုင်ရန် ညောင်သုံးခွ ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်သို့ နံနက် ၉နာရီအရောက် ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ ကျောင်းမှကားများ နံနက် ၉ နာရီထွက်ပါမည်။

အကျိုးဆောင်အဖွဲ့

Tastech Myanmar Co., Ltd.

ကားမျိုးစုံ စင်းလုံးငှားသည်

Alphard, Hi-Ace, Corolla, Crown, Harrier စသည့်ကားများ နေ့အလိုက်/လအလိုက် ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းနိုင်ပါသည်။ ကားပိုင်ရှင်များထံမှလည်း ကျွန်ုပ်တို့ကုမ္ပဏီမှလည်း ပြန်လည်ငှားရမ်းမည်ဖြစ်ပါ၍ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

Driver အလိုရှိသည်။

- အင်္ဂလိပ်စကား အနည်းငယ်ပြောတတ်ရမည်။

ဆက်သွယ်ရန် -အမှတ် ၆၃၈၊ အသာက ၂၁ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၈၂၈၉

မြေကွက်အရောင်းအဝယ်ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၁၂၁/က?၊ ဧရိယာ ၀ဒသမ ၁၅၃ဧကေ၊ မြို့မြေစာရင်းတွင် ဦးခင်မောင်ရင်နှင့် ဒေါ်ကြည်ကြည်ဝင်းတို့ အမည်ပေါက်လျက်ရှိသည့် နှစ် ၆၀ ဂရန်အမှတ်(၁)၊ အင်းလျားလမ်းဟုခေါ်တွင်သော မြေနှင့် ၄င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမှတ်(၃၅B)၊ သီရိရိပ်သာလမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးကျင်သိန်း ၁၂/လမတ(နိုင်)၀၀၄၁၈၈ မှ ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းအေး LL.B, အထက်တန်းရှေ့နေ (စဉ်-၂၁၈၃၆)

အမှတ်(ဈ/၁၈)၊ ဘုရင့်နောင်လမ်းမကြီး၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၃၃၃၊ မြေကွက်တည်နေရာအမှတ် ၃၃၃၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကျော်မြင့် BDN-၀၆၇၀၂၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးကျော်မြင့် ဖြစ်ပြီး ဦးကျော်မြင့် ပါ-၃ ဦးထံမှ တရားရုံး(ကိုယ်စား) ဘိလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၇၇/၁၄(၆-၁-၁၄) နှင့် တရားမဇာရီမှုအမှတ် ၈/၂၀၁၄ (၁၇-၁-၁၄)တို့တင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ် ၇၂/၉၊ မြေကွက်တည်နေရာအမှတ် ၁၁/က၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်၊ မြေအမျိုးအစား၊မြေပိုင်မြေ၊ ဧရိယာ ၁ဒသမ ၁၉၁၈ဧက၏ တစ်စိတ်တစ်ဒေသ ၄၁/၄၂ x ၁၀၄/၁၀၆၊ အမည်ပေါက် EL ဘက်ဂီးယား၊ ဒေါ်သန်းတင်မြေအား အင်းစိန်မြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ် ၁၆/၂၀၁၄အရ တရားနိုင် ဦးနိုင်ဦးအား အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်အတွက် တရားမဇာရီမှုအမှတ် ၉/၂၀၁၄အရ(ဘိလစ်)ဒေါ်အုန်းသွင်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၄/၅၊ မြေကွက်အမှတ် ၉၅/က၊ မြေကွက်တည်နေရာအမှတ် ၉၅/က၊ ပတ္တမြားလမ်း၊ ၅/၅ရပ်ကွက်၊ ဒေါ်ကျင်မေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား တရားမကြီးမှု အမှတ် (၁၃/၃၁-၅-၂၀၁၃)နှင့် တရားမဇာရီမှုအမှတ်(၂၈/၂၂-၁၀-၁၃)တို့ကို တင်ပြ၍ ဘိလစ် ဒေါ်ငုဝါ ၁၂/လမန(နိုင်) ၀၂၉၆၃၃ မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် က/၄၈၊ မြေကွက်တည်နေရာအမှတ်၂၁၊ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ဒေါပုံမြို့နယ် (ဒေါ်သောင်းကြွယ်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းကြွယ်(မိခင်)နှင့် (ဖခင်)ဦးဝင်းမောင်တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးတင်ဦး ၁၁/ဂမန(နိုင်)၀၀၁၈၁၂၊ ဦးမြင့်ဦး ၁၂/ဒပန(နိုင်)၀၂၉၃၂၃၊ ဦးဝင်းမြင့် ၁၀/မလမ(နိုင်)၁၆၁၀၈၅၊ ဦးကျော်တင်ဝင်း ၁၂/ဒပန(နိုင်)၀၂၇၃၄၉၊ ဦးအေးသိန်း ၁၀/ခဆန(နိုင်)၀၂၆၀၅၇၊ ဒေါ်ခင်ရွှေဝင်း ၁၂/ဒပန(နိုင်)၀၂၈၉၃၉တို့ထံမှ GP(၂၄၃၁၃/၂၉-၁၁-၁၃၊ ၂၃၀၀၄/၁၅-၁၁-၁၃၊ ၂၂၉/၂၂-၁၁-၁၃၊ ၂၀-၁၁-၁၃)ဖြင့် ရရှိသူ ဦးဇော်ခိုင်မြင့် ၁၂/မဂတ(နိုင်)၀၀၅၀၃၆မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၊ မြေကွက်အမှတ် ၅၀/ခ၊ မြေကွက်တည်နေရာအမှတ် ၅၀/ခ၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ဒေါ်သက်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မွေးစားမိခင် ဒေါ်သက်တင်နှင့် မွေးစားဖခင် ဦးကျော်လှိုင်တို့ကွယ်လွန်သဖြင့် ဦးသန်းထွဋ် ၁၂/ပဇတ(နိုင်)၀၀၁၀၇၁ က ကိတ္တိမသားတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်း၊ မွေးစားစာချုပ် ၅၉၉၃/၀၅ (၂၈-၇-၀၅) တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၀၊ မြေကွက်အမှတ် ၂၂၊ မြေကွက်တည်နေရာအမှတ် ၂၂၊ ပြည်ထောင်စုလမ်း၊ (၅၀)ရပ်ကွက်၊ဒဂုံမြောက် ဦးဘမြင့် CH-၀၀၅၄၇၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘမြင့် ကွယ်လွန်သဖြင့် ဒေါ်စန်းနွယ် ၁၂/တမန(နိုင်) ၁၁၈၃၇၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

ပြည် မတ် ၂၆

မွေးမြူရေး၊ ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများအချိုးညီ တိုးတက်ပြောင်းလဲရေးနှင့် လုံခြုံချောမွေ့စွာခရီးသွားလာနိုင်ရေး၊ သောက်သုံးရေရရှိရေးတို့ကို ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် လယ်မကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် အာရှမျိုးဆက်သစ်ကုမ္ပဏီမှဖော်လုပ်သော တာကောက်၊ ကျောက်ကျင်းမ ကျောက်ချောလမ်းကို မတ် ၂၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ငါးခူအိုင်၊ ကင်းလည်၊ ညံတောကန်၊ အနောက်ကြို့ကုန်းလမ်း၊ လေးကြိုး-ကန်းနီလမ်း၊ ဗောဓိကုန်း- သဖန်းကိုင်းကျေးရွာဆက်လမ်း၊ သဖန်းကိုင်းကျေးရွာမှ ရွှေလေးဆည်အထိ လမ်းတံတားရေပြွန်များအတွက် ဖြည့်စွက်မြေများကျောက်များ စုဆောင်းခြင်း၊ တည်ဆောက်မှု အရှိန်မြှင့်တင်ခြင်းများ ပြုလုပ်လျက်ရှိရာ မကြာမီဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း အာရှမျိုးဆက်သစ်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစည်သူအောင်က ပြောသည်။

ဖောက်လုပ်ဆဲ လမ်းတံတား ရေပြွန်များ အရည်အသွေးစံချိန်မီရေးအတွက်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အနီးကပ်စီမံ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တစ်ချိန်တည်းမှာပင် ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေရရှိရေး လုပ်ငန်းများဖြစ်သည့် လယ်မ၊ တောင်လက်ကြီး၊ ကံရွာ၊ ဂုံမင်းခုံကျေးရွာများတွင် နှစ်လက်မစက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြည်မှ ပြောကြားသည်။ **ကိုကိုနေ**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း၌ မတ် ၂၄ ရက် နံနက်ပိုင်းက ကားအင်ဂျင်အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မတ် ၂၄ ရက် နံနက် ၁၁ နာရီ ၄၀ မိနစ်ခန့်က အင်းစိန်မြို့နယ်၊ ပြည်လမ်းအတိုင်း စော်ဘွားကြီးကုန်းဘက်မှ လေဆိပ်လမ်းဆုံဘက်သို့ အိန္ဒိယနိုင်ငံသား ဆန်းဂျေဂျေ (၄၂နှစ်) မောင်းနှင်လာသော Toyata DAMT အနက်ရောင်ယာဉ်သည် မင်းဓမ္မလမ်းမီးပွိုင့်အလွန်အရောက် အင်ဂျင်မှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် စော်ဘွားကြီးကုန်းအဝေးပြေးဝင်း၊ စည်ပင်သာယာကွပ်ကဲမှုရုံးမှ မီးသတ်ဘူးဖြင့် ပက်ဖျန်းမီးငြိမ်းသတ်ခဲ့ရသည်။ အဆိုပါယာဉ်မောင်းသူ ဆန်းဂျေဂျေကို ၎င်းယာဉ်အား မီးလောင်ကျွမ်းအောင် အသုံးပြုမောင်းနှင်ခဲ့သောကြောင့် အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

သံလွင်ချစ်သူ ခရီးသွားဝန်ဆောင်မှုနှင့် မွန်ပြည်နယ်အကြောင်း အလုပ်ရုံဆွေးနွေး

မော်လမြိုင် မတ် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ ရွှေမြင့်မိုရ်ထွန်း ဟိုတယ်ခန်းမဆောင်တွင် မတ် ၂၃ ရက် မွန်းလွဲတစ်နာရီခွဲက သံလွင်ချစ်သူအဆင့်မြင့်ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းမိတ်ဆက်အခမ်းအနားနှင့် မွန်ပြည်နယ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးတင်ထွန်းအောင်၊ သံလွင်ချစ်သူအဆင့်မြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဒေါ်ရီမွန်စုနှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်မြို့ပေါ်ရှိ ဟိုတယ် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ၊ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးဒေါက်တာမင်းနွယ်စိုးနှင့် ဝန်ကြီးဒေါက်တာလှဦးတို့က အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်မှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းကာ ဒေါ်ရီမွန်ဆုက ၎င်းတို့၏ အဆင့်မြင့်ခရီးသွား ဝန်ဆောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းမိတ်ဆက်စကားပြောကြားခဲ့သည်။

မွန်ပြည်နယ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက မွန်ပြည်နယ်ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြီး မွန်ပြည်နယ်အတွင်းရှိ ထင်ရှားသော စေတီ/ပုထိုးများ အဆောက်အအုံများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဒေသတို့ကိုအဖွဲ့ငယ်များစုဖွဲ့ကာ အပြန်အလှန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာအနီး သံဖြူဇရပ်-ဘုရားသုံးဆူ ခရီးသည်တင်ယာဉ်တိမ်းမှောက် လေးဦးဒဏ်ရာရ

မော်လမြိုင် မတ် ၂၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာအုပ်စု၊ အမှတ်(၃၀၅) အမြောက်တပ်ရင်းအနီး မော်လမြိုင်-သံဖြူဇရပ် -ရေး- ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် (၄၄/၅) ၌ မတ် ၂၃ ရက် နံနက် ၇ နာရီခန့်က သံဖြူဇရပ်မြို့နယ် ယာဉ်စည်ကမ်းထိန်းသိမ်းရေးယာဉ်လိုင်းမှ သံဖြူဇရပ်-ဘုရားသုံးဆူ ပြေးဆွဲလျက်ရှိသည့် အောင်မျိုးဦး (၂၁နှစ်) မောင်းနှင်လာသော တိုယိုတာနှစ်ခန်းတွဲ အမျိုးအစား၊ အဖြူရောင်ယာဉ်သည် တွိုင်ရော့ပြုတ်၍ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် မောင်အောင်ဇော်လတ်၊ မောင်ဘုန်းကျော်နိုင်၊ မောင်ရဲမင်းဦးနှင့် မသမီးတို့လေးဦးတွင် ဒဏ်ရာများရရှိ၍ သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံသို့တင်ပို့ကုသထားပြီး ၎င်းတို့လေးဦးအနက် မောင်အောင်ဇော်လတ်၊ မောင်ဘုန်းကျော်နိုင်နှင့် မသမီးတို့သုံးဦးသည် ဆေးဝါးဆက်လက်ကုသရန် လိုအပ်သဖြင့် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သံဖြူဇရပ်ရဲစခန်းမှ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(လ/၀၁၂)

မုဒုံမြို့နယ် ရွှေတိဂုံပုံတူ မာရဇိန်ဆုတောင်းပြည့်စေတီတော် ထီးတော်တင်ပွဲကျင်းပ

မော်လမြိုင် မတ် ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် ကွမ်တာကျေးရွာ ကွမ်တာကျောင်းဟောင်း ဘုန်းတော်ကြီးကျောင်းအတွင်း တည်ထားကိုးကွယ်သည့် ဉာဏ်တော်(၁၃)တောင် အမြင့်ရှိ ရွှေတိဂုံပုံတူ မာရဇိန်ဆုတောင်းပြည့်စေတီတော် ထီးတင်ပွဲအား မတ် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ထီးတော်တင်ပွဲသို့ မော်လမြိုင်မြို့နယ် ကတိုးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တအာဒိစ္စ၊ ကွမ်တာကျေးရွာ မဟာရင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဟိန္ဒနှင့် ပင့်သံဃာများကြွရောက်ကြပြီး မွန်

> **ရွှေတိဂုံ ပုံတူ မာရဇိန် ဆုတောင်းပြည့် စေတီတော်. . .**

ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး နိုင်လဝီအောင်၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ/သားများ၊ ဒေသခံ ရပ်မိရပ်ဖများတက်ရောက်ခဲ့ရာ စုစုပေါင်း ၆၀၀ ဦးခန့်ရှိကြောင်း သိရသည်။

ထီးတော်တင်ပွဲအား ဆရာတော် ဘဒ္ဒန္တမဟိန္ဒ၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် နိုင်လဝီအောင်နှင့် ဦးသက်ဝင်းတို့က ဖွင့်လှစ်ပေးပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

သတင်းတို

ဆင်သီရွာ မြောင်းကူးတံတားသစ်ဖွင့်

ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဒေသရှိ ဆင်သီရွာ မူလွန်ကျောင်းသွားလမ်းရှိ မြောင်းကူးတံတားသစ်ကိုသံကူကွန်ကရစ်သစ်သားတံတားအဖြစ် အစိုးရခွင့်ပြုငွေကျပ် သိန်း ၁၂၀ဖြင့် တည်ဆောက်ပေးခဲ့ပြီး ဖွင့်ပွဲကို မတ် ၂၃ တွင် ကျင်းပခဲ့ကြောင်းသိရသည်။ **သူ(ပုဏ္ဏားမီ)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်နေ
ဦးမောင်မောင်လှိုင်-ဒေါ်ဝါကျင့်တို့၏ သားငယ်
ကိုဇော်ထက်၏ ညီ

ဒေါက်တာထူးကျော်

M.B.,B.S (Mdy), CAMC (Jamaica), M.D (U.S.A)
Brooklyn Hospital Center, New York

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ
ဦးစံလင်း(ငြိမ်း-ညွှန်မှူး-စက်မှုဝန်ကြီးဌာန)-ဒေါ်တင်တင်ဝင်းတို့၏
တစ်ဦးတည်းသောသမီး

ဒေါက်တာအေးသီတာလင်း

M.B.,B.S (Ygn), M.D (U.S.A)
Presbyterian Intercommunity Hospital, Los Angeles, California

တို့သည် ၂၃-၃-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာထူးကျော်နှင့် ဒေါက်တာအေးသီတာလင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂င/၅၇၈၅ Toyota Hilux Surf S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွေး ၁၂/ပဇတ(နိုင်)၀၂၆၉၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

NATIONAL MANAGEMENT COLLEGE

ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Winner Computer Group တို့ပူးပေါင်း၍ အောက်ပါဒီပလိုမာသင်တန်း **အမှတ်စဉ်(၂၈)**ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - (က) Diploma in Information and Communication Technology(DICT)
(ခ) Diploma in Software Engineering (DSE)
(ဂ) Diploma in Hardware Engineering (DHE)
(ဃ) Diploma in Network Engineering (DNE)

၂။ **အနိမ့်ဆုံးပညာအရည်အချင်း** - တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆို/အောင်မြင်ပြီးသူများဖြစ်ရမည်။

၃။ **သင်တန်းကာလ** - (၁)နှစ် (Project အပါအဝင်)

၄။ **စတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ (Winner Computer Group) လေးထပ်ဆောင်၊ ကုန်သည်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်နန်းဝမ်းနလတ်ရှိန်တို့၏သား စိုင်းအဂ္ဂဘုန်း ၁၂/ကမတ(နိုင်)၀၇၄၃၇၁ သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများ၏ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအ၀၀ကို လုံး၀(လုံး၀) တာဝန်ယူမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်နန်းဝမ်းနလတ်ရှိန် ၁၃/တကန(နိုင်)၀၂၄၁၅၀

ပျောက်ဆုံးခြင်း

မော်လမြိုင်မြို့နေ မာမက်ဟာရှင် ၁၀/မလမ(နိုင်)၁၆၆၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် ၄၁၄၁၄၁ သည် ပျောက်ဆုံးကြောင်းနှင့် တွေ့ရှိသူများအကြောင်းကြားပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၂၅၅၈၀၇၈၈၆**

၁၇-၃-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှ
အများသိစေရန်ကြော်ငြာနှင့် ပတ်သက်၍
တရားလွှတ်တော်ရှေ့နေ ဦးလှရွှေ+
အထက်တန်းရှေ့နေ ဦးကျော်ကျော်ထိုက်တို့နှင့်

အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

လူကြီးမင်းနှင့် လူကြီးမင်းတို့၏မိတ်ဆွေများက နေပြည်တော် ပျဉ်းမနားမြို့၊ ဂုဏ်တန်မြောက်၊ အကွက်အမှတ် ၂၃၊ ဦးပိုင်အမှတ် ၄၉/က၊ ဧရိယာ ၀ဒသမ ၀၉ဧကရှိမြေကွက်မှာ ကျွန်မ ဒေါ်ခင်စန်းတင့်နှင့် အစ်ကို ဦးယူနွတ်(ခ)ဦးအောင်လွင်တို့နှစ်ဦး ဝယ်ယူပိုင်ဆိုင်ကြောင်းကို သိရှိဝန်ခံထားပြီးဖြစ်ပါသည်။ **အမွေဆိုင် ဝိုင်းခြံမြေမဟုတ်ပါ။** ကျွန်မနှင့်ကျွန်မအစ်ကို ပူးတွဲဝယ်ယူပိုင်ဆိုင်သည့်မြေ ဖြစ်ပါသည်။ မိမိတို့ဝယ်ယူခဲ့သည့် ဝိုင်းခြံမြေကို ၁၈-၈-၂၀၁၃ရက်တွင်ယောက်မဖြစ်သူဒေါ်မယ်ဒရန်ဘီ(ခ)ဒေါ်လှလှမြတ်နှင့်နှစ်ဦးသဘောတူခွဲဝေ၍ လက်ရောက်ရယူခဲ့ကြပါသည်။ ထိုစဉ်က သားအကြီးဆုံး ဦးအောင်မြတ်မိုးကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့သည် ကျွန်မနှင့် အမွေဆိုင်များမဟုတ်ကြပါ။ ဤဝိုင်းခြံမြေ ခွဲဝေပိုင်းခြားနိုင်ရန် မိသားစုစီမံခန့်ခွဲမှုပုံစံဖြင့် ၂၀၁၃ခုနှစ် တစ်နှစ်အတွင်း အကြိမ်ကြိမ်ညှိနှိုင်းပြီး သဘောတူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို လူကြီးမင်း၏ မိတ်ဆွေများကိုယ်တိုင် သိရှိကြပြီးဖြစ်ပါသည်။

ကျွန်မတို့၏ပိုင်ဆိုင်မှုကို နှစ်ဦးသဘောတူခွဲဝေပိုင်းခြားလက်ရောက်ရယူပြီးဖြစ်၍ မည်သူတစ်ဦးတစ်ယောက်၏ တားဆီးခြင်း၊ ကန့်ကွက်ခြင်းကိုမျှ လက်ခံရန်အကြောင်းမရှိပါကြောင်းနှင့် ဟန့်တားနှောင့်ယှက်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လူကြီးမင်း၏မိတ်ဆွေများ လက်ရှိနေထိုင်သည့် ပျဉ်းမနားမြို့၊ ဂုဏ်တန်မြောက်၊ အကွက်အမှတ် ၂၃၊ ဦးပိုင်အမှတ် ၄၈/င၊ ဧရိယာ ၀ဒသမ ၀၈၁ဧကရှိ ဝိုင်းခြံမြေကွက်မှာ ကျွန်မ၏ မိခင် ဒေါ်ပေါက်စ အမည်ပေါက်ဖြစ်၍ မိသားစုအမွေဆိုင် ဝိုင်းခြံဖြစ်ကြောင်း လူကြီးမင်းတို့နှင့်တကွ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းတင့်(မြေအမည်ပေါက်ပိုင်ဆိုင်သူ) ၉/ပမန(နိုင်)၀၁၅၁၃၇
အမှတ် ၉/၂၂၊ ဘုရားလမ်း၊ ရန်အောင်(၂)၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၈၃၀၀၇၁၀

ဓာတ်အားခပြောင်းလဲကောက်ခံမှုနှုန်းထားများ ရှင်းလင်း

နေပြည်တော် မတ် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လျှပ်စစ်ဓာတ်အားခ ပြောင်းလဲကောက်ခံမှုနှုန်းထားများ ရှင်းလင်းခြင်းကို ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ နေပြည်တော် ကောင်စီဝင်ဦးဖုန်းဇော်ဟန် တက်ရောက်ခဲ့သည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က လျှပ်စစ်ဓာတ်အားခ ပြောင်းလဲကောက်ခံခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ဇမ္ဗူသီရိမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းနှင့် မြို့နယ်အတွင်းရှိစက်မှု လုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး/ ဆယ်အိမ်မှူးများ၊ ဒေသခံပြည်သူများ အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

သတင်းတို

မီးကြွင်းမီးကျန်ကြောင့် မီးလောင်မှုဖြစ်ပွား

မကွေးတိုင်းဒေသကြီးဆိပ်ဖြူမြို့နယ် ချောင်းမကြီးကျေးရွာအုပ်စု တူရွှင်းမျောကျေးရွာတွင် နံနက် ၈ နာရီက မီးကြွင်းမီးကျန်ကြောင့် နေအိမ်များ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့ရာ (၁၈ ×၁၂)ပေ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း၊ သုံးပင်ပတ်လည်အိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ မီးစတင်လောင်ရာ တူရွှင်းမျောကျေးရွာနေသူ အိမ်ရှင် ဦးဇော်မင်း အသက် (၃၅နှစ်)၏ အိမ်မှ မီးလောင်ကျွမ်းမှုဖြစ်ခဲ့ရာ ဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားနှစ်စီး၊ မြို့နယ်သင်္ဂဟလူမှုကူညီရေးအသင်းမှ မီးသတ်ကား တစ်စီးတို့ဖြင့် သန္တေခြောက်ဦး၊ အရန်မီးသတ် ၁၅ ဦးနှင့်ကျေးရွာပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ဆိပ်ဖြူ)**

တွံတေး

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများသည် မတ် ၂၀ ရက်၊ ၂၂ ရက်နေ့များတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကျေးရွာများဖြစ်သော စမ်းရွာ၊ ပေါက်တော၊ လာကပုံနှင့် ကန်ဘဲ့ကျေးရွာများသို့ ဓာတ်အားခ နှုန်းထားများ တိုးမြှင့်ပြင်ဆင်ကောက်ခံရခြင်းနှင့်ပတ်သက်၍ ကျေးရွာအရောက် ကွင်းဆင်းရှင်းလင်းသည်။

အဆိုပါကျေးရွာများမှ လျှပ်စစ်မီးသုံးစွဲသူ ကျေးလက်ပြည်သူ ၄၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားခ နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက ကြို့ပင်ကောက်မြို့နယ်မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်မှ ဦးတင့်ဝေ အထွေထွေမန်နေဂျာ(စီမံခန့်ခွဲရေး)က လျှပ်စစ်ဓာတ်အားခယူနစ်အလွှာအလိုက် နှုန်းထားများ၊ ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ တစ်လသုံးစွဲယူနစ်များကို ၁-၅-၂၀၁၄ ရက်မှစတင်၍ မီတာဖတ်ရှုပြီးနောက်ပိုင်း ပေးချေရမည့် အခြေအနေများနှင့် ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ကောက်ခံခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ပြန်လည်မေးမြန်းဆွေးနွေးကြရာ ယင်းဆွေးနွေးတင်ပြချက်များအပေါ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်မှ ဦးတင့်ဝေ အထွေထွေမန်နေဂျာ(စီမံခန့်ခွဲရေး)နှင့် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမြင့်တို့က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၁၀၅)**

MoU ဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သော အလုပ်သမားများအရေး ဖြေရှင်းမှု အားနည်းနေဆဲ

မတ် ၂၁ ရက်က မဟာချိုင်ပန်းရန်လုပ်ငန်းခွင်သို့ MAT အဖွဲ့၏ စီမံမှုဖြင့် ခေတ္တပြောင်းရွှေ့ခံထားရသည့် MoU အလုပ်သမား ၂၂ ဦးအား တာဝန်ရှိသည့်ကုမ္ပဏီများက ကောင်မွန်စွာ ဖြေရှင်းခြင်းပြုရမည့်အစား ကိုယ်စားလှယ်က မြန်မာအလုပ်သမငယ်တစ်ဦးအား သောက်လက်စဘီယာဘူးဖြင့် ပစ်ပေါက်ခဲ့ကြောင်း MAT အဖွဲ့၏ မတ် ၂၄ ရက်က ပြောကြားချက်အရ သိရသည်။

မတ် ၂၃ ရက် ထိုင်းနိုင်ငံစံတော်ချိန် ည ၁၀ နာရီက ထိုင်း MoU ကုမ္ပဏီပိုင်ရှင်အမျိုးသမီး၏ ကိုယ်စားလှယ်ဆိုသူ ရောက်ရှိလာပြီး အလုပ်သမားများအား အလုပ်ပြောင်းရွှေ့ရန်ပြောဆိုခဲ့ရာ အသက် ၂၇နှစ်အရွယ် အလုပ်သမငယ်တစ်ဦးက ယခင်အလုပ်လုပ်ထားသည့် ရက်၂၀ အတွက် လုပ်အားခအား ရှင်းပေးပြီးမှ လိုက်ပါခဲ့မည်ဖြစ်ကြောင်း၊ ထမင်းစားစရာမရှိတော့ကြောင်း တောင်းပန်ပြောဆိုခဲ့သော်လည်း ကိုယ်စားလှယ်က ရိုင်းပျစွာ ပြန်လည်ပြောဆိုပြီး သောက်လက်စ ဘီယာဘူးနှင့် ပေါက်ခဲ့ကြောင်း အဆိုပါ အမျိုးသမီးက ပြောသည်။

"ကျွန်မတို့က ပြောင်းတဲ့နေရာကိုပဲလိုက်ရမှာပါ။ ဒါပေမယ့် ကျွန်မတို့ စားစရာမရှိဖြစ်နေတယ်လို့ ပြောတော့ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုပါတယ်။ သောက်နေတဲ့ဘီယာဘူးနဲ့ ပစ်ပေါက်တာခြေထောက်ကို ထိသွားပါတယ်။ အမျိုးသမီးတစ်ယောက်ကို မြန်မာကိုယ်စားလှယ်တစ်ဦးက အရမ်းဆိုးဆိုးရွားရွား ဆဲနေတာကြောင့် အခြားအလုပ်သမားတွေက မခံနိုင်တော့တဲ့အဆုံး ဝိုင်းအုံလာလို့ ရုန်းရင်းဆန်ခတ်ဖြစ်သွားတယ်။ ခဏကြာတော့ ထိုင်းရဲတပ်ဖွဲ့က ငါးဦးရောက်လာတယ်။ သူ့ဌေးက အလုပ်သမားတွေ ရန်ဖြစ်နေတယ်ဆိုလို့တဲ့။ သမီးက ဖြစ်ရပ်တွေကိုပြောပြတော့ သူတို့မနက်ကျရင် လာရှင်းပါမယ်။ ဒီမှာအေးဆေးနေကြဖို့ ရဲတွေက မှာသွားကြပါတယ်" ဟု ပြောခဲ့သည်။

မတ် ၁၄ ရက်ကလည်း မြန်မာအလုပ်သမားသံအရာရှိ ဦးကျော်ကျော်လွင်နှင့် အဖွဲ့တို့ ဇန်ကောက်မြို့ စမူပါကန်နယ်မြေ စွိုင်အာထယန်အရပ်တွင်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းသို့ လာရောက်ခဲ့စဉ်အခါက အလုပ်သမားတင်သွင်းသည့်ကုမ္ပဏီက စားစရိတ်ချေးငွေထုတ်မပေးခြင်းနှင့် စားစရာများဝယ်မပေးခြင်းတို့အား အမှန်အတိုင်းတင်ပြသည့် အလုပ်သမားကိုသန်းထိုက်စိုးကို မေဝင့်ကုမ္ပဏီနှင့် MoU အလုပ်သမားများအား ရန်ကုန်မြို့သို့ လာရောက်လက်မှတ်ထိုး ခေါ်ဆောင်ရာတွင် ပါဝင်ခဲ့သည့် ထိုင်းအမျိုးသမီး၏ ခင်ပွန်းဖြစ်သူက ပါးကိုရိုက်ခဲ့ကြောင်းလည်း သိရသည်။

ဇန်ကောက်မြို့ အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက " MoU အလုပ်သမားတင်သွင်းခြင်းနဲ့ပတ်သက်ပြီးတော့ ပြဿနာတွေကို အချက်အလက်အပြည့်အစုံနဲ့ မြန်မာ အစိုးရအာဏာပိုင်တွေကို ကျွန်တော်တင်ပြခဲ့တာ ကြာပါပြီ။ ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကိုလည်း ကျွန်တော်ကိုယ်တိုင် တင်ပြခဲ့ဖူးပါတယ်"ဟုပြောသည်။ လေးနှစ်ခန့်ကြာလာသည့် MoU လုပ်ငန်းစဉ်၏ အားနည်းချက်၊ အားသာချက်အား နှစ်နိုင်ငံ တာဝန်ရှိသူတို့စစ်ဆေးသင့်ကြောင်း ၎င်းက ပြောသည်။ **စိုးဝင်း(SP)**

စိန်စည်ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲ

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာ
၂။ အောင်လံမြို့၊ မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာ
၃။ လားရှိုးမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အေးချမ်းမြေရိပ်သာ စာသင်တိုက်တို့တွင် သင်္ကြန်အထူးတရားစခန်းပွဲများကို ၁၃-၄-၂၀၁၄ ရက်မှ ၂၂-၄-၂၀၁၄ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်၍ ဒုလ္လဘရဟန်း သာမဏေသီလရှင်ဝတ်၍သော်လည်းကောင်း၊ ယောဂီအဖြစ်ဖြင့်လည်းကောင်း၊ ၁၂-၄-၂၀၁၄ရက် မွန်းလွဲ ၂ နာရီအရောက် ကြွရောက်၍ တရားအားထုတ်နိုင်ပါသည်။

တရားဝင်ယောဂီသူတော်စင်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း အချိုပွဲ ရေမီးများဖြင့် လှူဒါန်းနိုင်ပါသည်။

ဝေယျာဝစ္စအဖွဲ့
မဟာစည်သြဝါဒခံစိန်စည်သာသနာ့ရိပ်သာ
ဗိုလ်မင်းရောင်လမ်း၊ (၄၈)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၅၁၂၃၀၀၃
၀၉-၄၂၁၀၇၀၂၄၀
၀၉-၄၃၁၇၀၉၄၉၊ ၀၉-၄၄၀၂၂၇၉၅၀၊
၀၉-၃၀၁၈၀၃၈၄၊ ၀၉-၃၀၁၈၀၄၆၀

မဟာနေဘုရင်ရုပ်ပွားတော်ကြီးအား အနေကဇာတင်ပွဲနှင့် သံဃိကဒါနဆွမ်းဆန်လောင်းလှူပွဲဖိတ်ကြားလွှာ

မော်ဘီဗောဓိရိပ်ငြိမ်တောရဆရာတော် ဘဒ္ဒန္တကုန္တာစရိယ(ဗုဒ္ဓေါရသ) ဦးဆောင်လှူဒါန်းအပ်သော ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အင်္ဂရမ်းအုပ်စု၊ မအူကုန်းကျေးရွာ၊ သစ္စာကုန်းမြေတွင် ပူဇော်လျက်ရှိသော မဟာနေဘုရင်(ဉာဏ်တော် ၁၈ပေ) စကျင်ရုပ်ပွားတော်ကြီးအား ဗုဒ္ဓါဘိသေကပူဇာနှင့် ဂန္ဓကုဋီကျောင်းတော်၊ သစ္စာဗောဓိကျောင်းတော်များလှူဒါန်းခြင်း၊ သံဃာတော်(၆၄)ပါးတို့အား သံဃိကဒါန ဆွမ်းဆန်စိမ်းလောင်းလှူခြင်းစသော ကောင်းမှုမင်္ဂလာပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို ကုသိုလ်အထူးဆည်းပူးရယူနိုင်ပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၇ရက် (၆-၄-၂၀၁၄)ရက် (တနင်္ဂနွေနေ့)

နေရာ - မဟာနေဘုရင်ရုပ်ပွားတော်ကြီး သစ္စာကုန်းမြေ မအူကုန်းရွာ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

အစီအစဉ် - (က) နံနက် ၈ နာရီမှ အနေကဇာတင်ပူဇော်မည်
(ခ) နံနက် ၉ နာရီ- တရားနာယူမည်။
(ဂ) မွန်းတည့် ၁၂ နာရီ- သံဃိကဒါန ဆွမ်းဆန်စိမ်းလောင်းလှူမည်။

ပျောက်ဆုံးကြောင်း

BEST AUTO Co., Ltd.၏ IDအမှတ် 755343 Hondafit ယာဉ်၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အောက်ပါဖုန်းနံပါတ် ၀၉-၇၃၀၈၃၈၀၉ သို့ ဆက်သွယ်ပေးပါရန်။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ် ၁၁၆နေ (၁)ဦးမြင့်စိုး၊ (၂)ဒေါ်ဖြူဖြူမြင့်၊ (၃)ဦးရန်နောင်စိုး၊ (၄)ဒေါ်စုရီဝင်း၊ (၅)ဦးချစ်ညီစိုး [မိမိကိုယ်တိုင်နှင့် (၂) (၃) (၄) (၅) တို့၏ အခွင့်ရကိုယ်စားလှယ် ဦးမြင့်စိုး]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၇)ရုံး၏ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၆၉၆ တွင် (၁)ဦးမြင့်စိုး၊ (၂)ဒေါ်ဖြူဖြူမြင့်၊ (၃)ဦးရန်နောင်စိုး၊ (၄)ဒေါ်စုရီဝင်း၊ (၅)ဦးချစ်ညီစိုး [မိမိကိုယ်တိုင်နှင့် (၂) (၃) (၄) (၅) တို့၏ အခွင့်ရကိုယ်စားလှယ်-ဦးမြင့်စိုး]က တရားလိုပြုလုပ်၍ (၁)ဦးသန်းဝင်း၊ (၂)ဒေါ်ညိုညိုရှင်၊ (၃)ဒေါ်လှလှဌေး(ကွယ်လွန်သူ ဒေါ်စိန်ရင်၏တရားဝင်ကိုယ်စားလှယ်)၊ (၄)ဒေါ်ဥမ္မာမေ(ကွယ်လွန်သူ ဦးစိုးညွန့်၏တရားဝင်ကိုယ်စားလှယ်)၊ (၅)ဒေါ်ထိပ်တင်စိန် (ကွယ်လွန်သူ ဒေါ်အေးအေးကြီး၏ တရားဝင်ကိုယ်စားလှယ်)၊ (၆)ဒေါ်ထိပ်တင်အေး၊ (၇)ဒေါ်ထိပ်တင်ထွေး၊ (၈)ဒေါ်ထိပ်တင်စိန်၊ (၉)ဦးအောင်အောင်၊ (၁၀)မခိုင်ဇာလွင်၊ (၁၁)ဒေါ်နန်းလုံ၊ (၁၂)မောင်မြတ်မောင်ရှင်၊ (၁၃)မောင်သက်မောင်ရှင်တို့အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ် ၁၁၆ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အရှေ့သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဘီ၊ ဦးပိုင်အမှတ် ၃၉-ဘီ၊ ဦးပိုင်အမှတ် ၆-အေ၊ ဧရိယာ ၂ ဒသမ ၀၁၁ ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်အနက်မှ မခွဲမစိတ်ရသေးသော ဧရိယာ ၁ ဒသမ ၃၄ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)နှစ်ထပ်တိုက်အိမ်တစ်လုံး၊ (၂)နှစ်ထပ်တိုက်ခံအိမ်တစ်လုံး၊ (၃)တစ်ထပ်တိုက်အိမ်တစ်လုံး၊ (၄)တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး၊ (၅)တိုက်တန်းလျားတစ်လုံးအစရှိသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ ပဋိညာဉ်အတိုင်း မြေကွက်နှင့် အဆောက်အအုံများ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မှတ်ပုံတင် ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုဖြင့် စွဲဆိုထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဌေးမောင် B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၆)
အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၆)၊ ရွှေသံလွင်လမ်း၊ နယ်မြေ(၄)၊ အိမ်အမှတ်(၈)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းလှိုင် ၁၃/လရန(နိုင်)၁၁၄၈၀၂ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမောင်မောင်ထွေး ၁၀/သထန(နိုင်)၁၂၉၃၀၉ ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းလှိုင်နှင့် ဦးမောင်မောင်ထွေးတို့မှာ အကြင်လင်မယားဖြစ်ခဲ့ကြသော်လည်း ဦးမောင်မောင်ထွေးသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းလှိုင်နှင့် မိသားစုဝင်များအပေါ် စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ ဂုဏ်သရေ ကျဆင်းစေရခြင်းတို့ဖြစ်ရအောင် အမျိုးမျိုးအဖုံဖုံ အကြိမ်ကြိမ်အခါခါ နှိပ်စက်ပြုမူခဲ့သည့်အပြင် ၎င်း၏ဇနီးအပေါ်တွင်လည်း လင့်ဝတ္တရားများ ကျေပွန်မှုလုံးဝမရှိဘဲ စွန့်ပစ်သွားပါသဖြင့် ယနေ့မှစ၍ ဦးမောင်မောင်ထွေးနှင့် ဒေါ်သင်းသင်းလှိုင်တို့သည် တရားဝင်ပြတ်စဲပြီးဖြစ်ကြောင်းနှင့် လင်မယားအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ကြောင်း နောက်နောင် ဦးမောင်မောင်ထွေး၏ လူမှုရေး၊ စီးပွားရေးတို့နှင့်ပတ်သက်၍ ဒေါ်သင်းသင်းလှိုင်မှ တာဝန်ယူဆောင်ရွက်မည် ပတ်သက်မည်မဟုတ်ကြောင်း၊ ပတ်သက်သူများ၏ တာဝန်သာဖြစ်ကြောင်း ဦးမောင်မောင်ထွေးနှင့်တကွ အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မင်းထွန်း
တရားလွှတ်တော်ရှေ့နေ(LL.B)
စဉ်-၈၃၈၅/၂၀၁၂
အမှတ် ၁၃၂၊ နယ်မြေ(၂/ခ)၊ ရပ်ကွက်(၁၁)၊ နမ္မတူလမ်း၊ လားရှိုးမြို့၊
ဖုန်း-၀၈၂၂၆၀၇၅၊ ၀၉-၅၂၆၃၄၂၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အင်းလေးတွင် လာမည့် နိုဝင်ဘာလအတွင်း လူစီးမီးပုံးပျံများပျံသန်းမည်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရန် စိတ်ဝင်စားမှုရှိသော ရှမ်းပြည်နယ်ရှိ အထင်ကရနေရာတစ်ခုဖြစ်သည့် အင်းလေးဒေသသို့ လာမည့်နိုဝင်ဘာလတွင် လူစီးမီးပုံးပျံများဖြင့် ပျံသန်းစီးနင်းနိုင်ရန် စီစဉ်နေကြောင်းပုဂ္ဂလိက လူစီးမီးပုံးပျံလုပ်ငန်းဆောင်ရွက်ပေးနေသောကုမ္ပဏီတစ်ခုမှ သိရသည်။

"လာမယ့် နိုဝင်ဘာလလောက်မှာ ခရီးသည်တွေအတွက် စတင်ပြီး ပျံသန်းပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ အနည်းဆုံးလူ လေးဦးဆံ့ မီးပုံးပျံတစ်လုံး အစပိုင်းပြေးဆွဲပေးမှာဖြစ်ပေမယ့် ခရီးသည်တွေရဲ့များမှုလည်းပြေးဆွဲရန် လေ့လာခဲ့ကြောင်း သိရသည်။

စမ်းသပ်ပျံသန်းမှုများအရ လူစီးမီးပုံးပျံအား အင်းလေးအိုင်ကြေးစားကုန်းရှိအားကစားကွင်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး ညောင်ရွှေမြို့ မော်တော်ဘုတ်ဆိပ်အနီး လယ်ကွင်းပြင်နှင့် ရွှေညောင်မြို့သို့သွားသော ကားလမ်းဘေးတွင် ပြန်လည်ဆင်းသက်နိုင်ရန် စီစဉ်ထားကာ အချိန်တစ်နာရီနီးပါးခန့် ကြာမြင့်နိုင်ပြီး ပုဂံတွင် လက်ရှိပျံသန်းနေသောမီးပုံးပျံများကဲ့သို့ပင် လိုက်ပါစီးနင်းပြီးပါက Certificate ထုတ်ပေးခြင်းနှင့် ရှန်ပိန်နှင့် အောင်ပွဲခံသည့် အစီအစဉ်များပါဝင်ကြောင်း သိရသည်။

လက်ရှိပျံသန်းနေသော မီးပုံးပျံကဲ့သို့ စီးနင်းပြီးပါက. . .

ကြိုက်နှစ်သက်မှုအရ နောက်ပိုင်းမီးပုံးပျံအရေအတွက်ကို တိုးချဲ့ပေးသွားမှာပါ"ဟု Oriental Ballooning ကုမ္ပဏီမှ Operation Manager ဒေါ်နီနီခိုင်က ပြောသည်။ လာမည့် နိုဝင်ဘာလအတွင်း အင်းလေးဒေသတွင် အောင်မြင်စွာပြေးဆွဲနိုင်ရန်အတွက် Oriental Ballone၏ တာဝန်ရှိသူများ အနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၃ ရက်အထိ အင်းလေးဒေသနှင့် ဖေဖော်ဝါရီလ ၁၄၊ ၁၅ ရက်နေ့တွင် ပင်းတယဒေသတို့တွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မီးပုံးပျံ Pilot များမှ စမ်းသပ်ပျံသန်းမှုနှင့် အခြားသောကုမ္ပဏီ

"နေထွက်တဲ့အပေါ် မူတည်တာဆိုတော့ မနက် ၆ နာရီ ၄၅ မိနစ်လောက်မှာ စထွက်နိုင်မယ်ထင်တယ်။ လေကြောင်းအခြေအနေကို Pilot တွေကလည်း လေ့လာထားပြီးဖြစ်ပါတယ်။ တစ်နေ့ကိုတစ်ကြိမ်ပဲပျံသန်းမှာပါ"ဟု ဒေါ်နီနီခိုင်က ပြောသည်။

လက်ရှိပုဂံဒေသတွင် ပြေးဆွဲနေသော လူစီးမီးပုံးပျံများစီးနင်းရာတွင် ကုမ္ပဏီ၏အစီအစဉ်ဖြင့် လာရောက်လည်ပတ်သော ခရီးသည်များထက် မိမိသဘောဖြင့် အလွတ်လာရောက်လည်ပတ်သူ ဦးရေကပိုများကြောင်း သိရသည်။

စိုးအောင်ဖေ

(၆၉) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို စက်ရေတွင်းတူး

စလင်း မတ် ၂၅

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးဖျားကျေးရွာအုပ်စု မြင်ခင်းသာကျေးရွာတွင် (၆၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃)က လှူဒါန်းငွေဖြင့် လေးလက်မ စက်ရေတွင်း သစ်တူးဖော်ပေးခဲ့သည်။ အဆိုပါ စက်ရေတွင်းသစ်ဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ အမှူ ဆောင်အရာရှိ ဦးနေမန်း၊ မြို့နယ်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးအေးဟန်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။ ယင်းစက်ရေတွင်းသည် အနက် ပေ ၅၀၀ ရှိ၍ ဂါလန် ၅၀၀၀ ဆံ့ ရေကန်၊ ရေစက်ရုံ၊ အင်ဂျင်လေမှုတ် စက်များပါဝင်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိ၍ ကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေရရှိပြီဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြော

နမ့်ခမ်း မတ် ၂၅

နမ့်ခမ်းမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြောပွဲကို နမ့်ခမ်းမြို့အမှတ် (၉)အောင်မင်္ဂလာရပ်ကွက်သာရေး နာရေးခန်းမ၌ မတ်၂၂ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ **(ယာပုံ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နမ့်ခမ်းစခန်းမှူး ဒုရဲမှူးခင်မောင်ညီက မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံနှင့် ဆိုးကျိုးအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(၁၇)မှ ရဲအုပ်အောင်မျိုးထွဋ်က လူကုန်ကူးမှုနှင့် လူမှောင်ခိုအကြောင်းကိုလည်းကောင်း၊ မူးယစ်အထူးတပ်ဖွဲ့ (၂၂) နမ့်ခမ်းလှုပ်ရှားတပ်ဖွဲ့စုမှ ရဲအုပ်စိုးအောင်က မူးယစ်ဆေးဝါးဖမ်းဆီး အရေးယူဆောင်ရွက်မှု အခြေအနေနှင့် ပြစ်မှုဆိုင်ရာအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၀၁၇)**

သတင်းတို

မြင်းခြံတွင် မီဒီယာသင်တန်းဖွင့်

မြင်းခြံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ မတ် ၂၄ ရက် နံနက်၉နာရီက ပြည်သူ့ဗဟိုပြု အများပြည်သူဝန်ဆောင်မှု မီဒီယာသင်တန်း အမှတ်စဉ်(၁/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်မှ ပြန်/ဆက်ဝန်ထမ်းများနှင့် မြို့နယ်သတင်းထောက်များ စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။လေးရက်ကြာကျင်းပမည်ဖြစ်သောအဆိုပါသင်တန်းတွင် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်နှင့် မီဒီယာလုပ်ငန်းများအကြောင်းကို သင်ကြားပို့ချမည်ဖြစ်သည်။

လင်းလက်ကြယ်(တောင်သာ)

အရက်မူးပြီး ကိုယ့်အိမ်ကိုယ်မီးရှို့မှုဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ကျောက်ကြီးမြို့နယ် မုန်းမြို့တွင် မတ် ၂၄ ရက် ညနေ ၅ နာရီက အရက်မူးသောင်းကျန်းကာ ကိုယ့်အိမ်ကိုယ်ပြန်မီးရှို့သဖြင့် နေအိမ်တစ်လုံး ဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကျောက်ကြီးမြို့နယ် မုန်းမြို့ အမှတ်(၄)ရပ်ကွက်နေသူ မောင်ဖြူသည် အရက်သောက်ပြီး နေအိမ်သို့ ပြန်လာကာ နေအိမ်ရှိပစ္စည်းများအား အိမ်အနှံ့လိုက်လံမီးရှို့ခဲ့ရာ မီးလောင်ခဲ့ပြီး ကျပ်တစ်သိန်းဖိုးခန့် ဆုံးရှုံးကာ အနီးပတ်ဝန်းကျင်မှ မီးကိုငြိမ်းသတ်ခဲ့ရသည်။ ထွက်ပြေးတိမ်းရှောင်သွားသည့် မောင်ဖြူအား ရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိသည်။

ဇော်ရှင်း(ဥသာ)

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး H&S Group က ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးနှင့် မျိုးဆက်သစ်ကလပ်အသင်းများ ဖိတ်ခေါ်ပြိုင်ပွဲ၊ နှစ်သစ်ကူး၊ အကြိုဝါသနာရှင်များပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ဖျော်ဖြေရေးကွင်း (၁) ၌ ဧပြီ ၆ ရက်၊ ၇ ရက် ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပထမနေ့ ငါးချီစိန်ခေါ်ပွဲများတွင် (၂၇) ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရ ထွန်းထွန်းမင်း(မုဒုံသား)နှင့် စိန်ခေါ်သူ ပထမတန်းလက်ဝှေ့ကျော်စောရန်ပိုင် (ဘီလပ်မြေစက်ရုံ)၊ ၂၀၁၃ ခုနှစ် ဒဂုံရွှေအောင်လံဆုရှင် လေးညို့ရှင် (သတ္တိ)နှင့် ရဲတံခွန် (အလင်းရောင်)၊ ရန်တိုင်းကျော်(ဝါဆို)နှင့် စောကျားလေး(ဘီလပ်မြေစက်ရုံ)၊ သားအသဲတစ်ပွင့်(မန္တလေး) နှင့် အားမာန် (T&T)တို့ ရေကုန်ရေခန်းထိုးသတ်မည့်ပွဲကောင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။ လေးချီစိန်ခေါ်ပွဲတွင် ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်)နှင့် ဖြူလေး (မုဒုံသား)၊ အထူးသုံးချီ စိန်ခေါ်ပွဲတွင် IANDIAMOND စောရဲဒင်း (သတ္တိ)နှင့် ဇော်ဇော် (အဖြူရောင်သွေးသစ်) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်အဖြစ် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်အသင်းများ ဖိတ်ခေါ်ယှဉ်ပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ တွံတေး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကလပ်အသင်းများမှ မျိုးဆက်သစ်ရွက်ပုန်းသီးလက်ဝှေ့သမားများ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဝင်ကြေးအခမဲ့ ဖြစ်သည့်အပြင် ထူးထူးခြားခြားတင်ဆက်မည့် ရိုးရာလက်ဝှေ့ဝါသနာရှင်များပွဲတော်ဖြစ်သည့်အတွက် ဝါသနာရှင်များကိုယ်တိုင် သဲအိတ်ထိုးကြည့်ခြင်း၊ အပျော်ဘယ်လက်အိတ်စွပ်ထိုးကြည့်ခြင်းများ ဝင်ရောက်ဆင်နွှဲနိုင်သည်။ နာမည်ကြီးရိုးရာလက်ဝှေ့သမားများနှင့်အတူ ဓာတ်ပုံရိုက်ခွင့်ရခြင်း၊ အမှတ်တရပျော်စရာအစီအစဉ်များပါဝင်ကာ စပွန်ဆာ ပါဝင်လိုသော ကုမ္ပဏီများဆက်သွယ်နိုင်ပြီးလက်မှတ်များကို ဖုန်း-၀၁-၂၄၉၁၁၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

တင်စိုး (မြန်မာ့အလင်း)

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈ နှင့်ဆက်သွယ်သည့်
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁

ဦးမောင်ကောင်း **နှင့်** ဒေါ်တင်လှိုင်
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၃၆၉/က နေ တရားရှုံး ဒေါ်တင်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၉ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မတ်လ ၂၄ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၄၈၂၊ မြေကွက် တည်နေရာ အမှတ် ၄၈၂၊ (၂)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးသိန်းရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းရွှေ N/RGN-၀၀၄၄၆၄ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

- Personal & Professional Management
- French/ Burmese for foreigners
- Basic English Grammar
- English for Specific Purpose-ESP
1. IELTS (Individual Skill or All Skills)
2. Spoken English
3. Business Writing
4. Business English
5. English for Marketing
6. English for HRM
7. English for Media
8. English for Law
9. English for IT
10. English for Nursing

DECENT MYANMAR
TRAINING SCHOOL
Language and Management
Trainings
29/B, Room 7, MyayNu St.,
MyayNiGown, Yangon
09-73232047, 09-256036523,
09-49213757
www.facebook.com/
decentmyanmartrainingschool

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
မြေတိုင်းရပ်ကွက် (၂၈)ရပ်ကွက်၊ အောင်သီရိ ၁လမ်း၊ မြေကွက်အမှတ် ၈၈၀၊
မြေအကျယ်အဝန်း ပေ(၄၁×၆၀)၊ စတုရန်းပေ ၂၄၆၀၊ ဧရိယာ
၀ဒသမ၀၅၆ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ
အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန့်ကွက်နိုင်ပါကြောင်း
အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ အိမ်မြေသည် ဒေါ်ကြိုင်ကြိုင် AA-၀၆၉၇၅၉ အမည်ပေါက်ဖြစ်ပြီး ၎င်းအိမ်မြေအား မူလအမည်ပေါက်ပိုင်ရှင်ထံမှ အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်ဇော်ဦး ၁၃/နတရ(နိုင်) ၀၀၂၃၈၄ ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်သူဇာငြိမ်း LL.B **အထက်တန်းရှေ့နေ**
အမှတ် ၇၇၉၊ စာဂ ၁၇လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မင်းလှမြို့နယ်တရားမရုံးတော်၌
၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

မန်နေဂျာ **နှင့်** ၁။ ဒေါ်ခင်သစ်ကျော်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဦးအေးလွင်
သာယာဝတီမြို့
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ တောင်ဘက်မြို့သစ် ၇ လမ်းနေ (၁)ဒေါ်ခင်သစ်ကျော်၊ (၂)ဦးအေးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တရားရုံး၏ ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်(၁၇) တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်င့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ အချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(သိန်းဌေး)
မြို့နယ်တရားသူကြီး၊ မင်းလှမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ် ၅၆၄၊ မြေကွက်တည်နေရာအမှတ် ၅၆၄၊ (၁၇)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးအောင်မင်း N/RGN-၀၀၄၄၁၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်မင်း ကွယ်လွန်သဖြင့် ဒေါ်လွင်လွင်ဦး ၁၂/မဂဒ(နိုင်)၀၅၅၉၈၂ က တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ခိုလုံလီရှောတိုင်းရင်းသားများထံသို့ ပန်ကြားချက်-

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ခိုလုံလီရှောတိုင်းရင်းသားအပေါင်းတို့-

သန်းခေါင်စာရင်းကောက်ယူရာတွင် လိုအပ်သည်များကို အပြည့်အဝပါဝင်ကူညီကြပါရန်နှင့် လူမျိုးအမည်တွင် ခိုလုံလီရှော(ခေါ်)လီရှောဟု မှန်ကန်စွာဖြေဆိုကြပါရန် ပန်ကြားအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်

Career Opportunities

A Freight Forwarding company in Myanmar is Looking for immediate appointment of the following positions:

Sales Executive: 2/3yrs. experience in sales with proven track record. Preferably well groomed & smart with good communication skill. Having experience in freight Forwarding & Shipping will be an advantage.

Operation Executive: 1/2 yrs. experience in Freight Forwarding/ Shipping Line. Should be computer literate & able to communicate with various parties.

Customer Service & Documentation Executive: 1/2 yrs. experience in Air/Ocean Customer service. Must have good communication skill & computer literate.

Warehouse Supervisor: 4/5 yrs. experience in warehouse management. Must have good communication skill. Proven record of monitoring inventory; loading and moving product within a Supply Chain facility.

Accounts Executive: Graduate in accounting with two yrs. experience in freight forwarding company. Must have good knowledge with excel & capable to communicate in English.

Above criteria for respective positions may be relaxed in case candidates fulfill our basic requirements. Please send your CV to nini@wacmyanmar.com or room no.901(9th floor), 224-226,Bo Ang Kyaw Street, Botahtaung Township, Yangon, Myanmar or call at 01-398515 no later than 05 April 2014.

တေးသံရှင် "ဝန(Zing)" သို့တောင်းပန်ခြင်း

တေးသံရှင် မေဖြူဖြူ၏ ၂၅-၃-၂၀၁၄ ရက်တွင် ထွက်ရှိမည့် **အချစ်ပန်းချီ**တေးစီးရီးတွင် မေဖြူဖြူနှင့်အတူ Featuring အဖြစ် ဝန (Zing) သီဆိုထားသော **နောက်ထပ်တစ်ခါ** သီချင်းအား ထည့်သွင်းရန် စီစဉ်ထားသော်လည်း မေဖြူဖြူအဝေးသို့ရောက်ရှိနေစဉ် စီစဉ်မှုအားနည်းသွားသည့်အတွက် မေဖြူဖြူတစ်ဦးတည်းသီဆိုထားခြင်းသာပါဝင်သွားပါသဖြင့် အနူးအညွတ်တောင်းပန်အပ်ပါသည်။ **တေးသံရှင် မေဖြူဖြူ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၁၃၉၊ အကျယ်အဝန်း ၀ဒသမ၀၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေ အမျိုးအစားမြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် (LL.B) စဉ်-၂၅၁၆၅

ဦးအေးမင်းသူ (LL.B) စဉ်-၂၆၁၉၉

ရှီးမဘဏ်ဥပဒေအကြံပေး၊ အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ယခင် အ·လ·က၊ ပ·ပ·န(အင်းတိုင်) (၁၉၆၈-၁၉၇၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (ဆဋ္ဌမ)အကြိမ်မြောက် အာစရိယပူဇော်ပွဲ

အနန္တောအနန္တငါးပါးတွင် အပါအဝင်ဖြစ်သည့် ဆရာသခင်ကျေးဇူးရှင်တို့အား စိတ်ရည်မှန်း၍ ကန်တော့ပန်းဆင်နေကြရသော သူငယ်ချင်းအပေါင်းတို့-

အခါအခွင့်ကြုံလေပြီ၊ ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက် ပူဇော်ကန်တော့ကြပါကုန်စို့-

ရက်စွဲ-၁၉-၄-၂၀၁၄ ရက် (စနေနေ့)၊ နေရာ-အ·ထ·က(အင်းတိုင်)

ဆက်သွယ်ရန်-

ကိုခင်မောင်ဝင်း	ဖုန်း-၀၉-၄၂၈၂၀၈၅၄၁	မပဂ္ဂီလွင်(အင်းတိုင်တပ်ဈေး)	ဖုန်း-၀၉-၇၃၁၄၉၀၇၂၁
ဦးသိန်းနိုင်	ဖုန်း-၀၉-၈၆၁၃၃၄၂	မဌေးဌေးလွင်(နေပြည်တော်)	ဖုန်း-၀၆၇-၄၂၀၈၇၄
ဦးဇော်ဝင်းသိန်း(ဇရပ်ကွင်း)	ဖုန်း-၀၉-၃၃၃၃၃၀၅၉	မရီရီမာ(လှိုင်းတက်)	
ဒု-အရာခံဗိုလ်တင်လှိုင်(အင်းတိုင်တပ်)	ဖုန်း-၀၉-၄၂၀၀၉၉၈၁၈	မကြူကြူမာ(နေပြည်တော်)	ဖုန်း-၀၉-၄၉၂၇၅၅၀၀
ဦးဝင်းရွှေ(ဇရပ်ကွင်း)	ဖုန်း-၀၉-၅၁၂၁၄၇၁	မအေးအေးမူ(အင်းတိုင်တပ်ဈေး)	ဖုန်း-၀၉-၃၁၄၇၄၅၁၉

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-အေ၁၊ မြေကွက်အမှတ် ၇၁-ဘီ/အက်ဖ်၊ ဧရိယာ ၀ဒသမ၂၀၀ဧကနှင့် စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-အေ၁၊ မြေကွက်အမှတ် ၇၁-ဘီ/ဂျီ၊ ဧရိယာ ၀ဒသမ၁၉၂ဧကရှိ ဦးကျော်သိန်း(ခ)ဦးကြူဟိန်း ၁၀/မလမ(ဧည့်)၀၀၀၀၀၈ အမည်ပေါက် မြေပိုင်မြေကွက်နှစ်ကွက်တည်ရှိရာ အရပ်ခေါ် အမှတ် ၃၂၀/ခ၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်ရှိ အဆောက်အအုံအပါအဝင် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ ဦးကျော်ဇောဝင်း ၁၂/လသန (နိုင်)၀၁၄၈၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းညွန့် (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ

ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ

အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၆၁၅၇



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၄၃၃၊ အကျယ်အဝန်း ၀ ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ဂရန်မြေ အမျိုးအစားမြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B စဉ်-၂၅၁၆၅

ဦးအေးမင်းသူ LL.B စဉ်-၂၆၁၉၉

ရှီးမဘဏ်ဥပဒေအကြံပေးအထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ပျောက်ဆုံးခြင်း

Edelle General Trading Co., Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ထ·သ·ကကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပေးပါရန်။ ဖုန်း-၀၉-၅၀၇၁၅၃၀၊ ၀၉-၄၅၀၀၄၉၀၃၀

အမှားပြင်ဆင်ခြင်း

၂၀၁၄ခုနှစ် မတ်လ ၂၃ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(က)ရှိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၆၅၁ ဟု ဖော်ပြထားချက်အား မြေကွက်အမှတ် ၆၈၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ် အထက၁၆ (ပဉ္စမတန်း(က))တွင် ပညာသင်ကြားနေသော မောင်အောင်ကောင်းထက်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်လတ် ဖြစ်ပါသည်။
ဦးခင်ဇော်လတ် ၁၄/ဟသတ(နိုင်)၂၀၄၅၉၂

အမည်ပြောင်း

မိုးမောက်မြို့နယ်၊ မြို့သစ်ရွာနေ ဦးလဝင်း၏သမီး မသည်းစုထွေး ၁/မမန(နိုင်)၀၃၅၃၈၀ အား မလင်းသီရိအောင်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၁၃၃၃ အမည်ပေါက် ဦးသန်းဆွေ ၁၂/ဒဂန(နိုင်)၀၂၀၀၃၅ ထံမှ ဝယ်ယူထားသူ ဒေါ်ယဉ်မျိုးစံမြင့် ၁၂/ဗဟန(နိုင်)၀၁၉၁၇၄ သည် မြေချပါမစ် မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၇၉၁၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဒေါ်ဟာလီမာ အမည်ပေါက် ပါမစ်မြေကွက်အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ယခု ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ထားထားခိုင် ၇/သကန(နိုင်)၁၀၆၆၉၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင် LL.B, D.B.L, D.M.L **ဒေါ်ဖြူဖြူခိုင် LL.B, D.B.L, D.M.L**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်ငြိမ်းချမ်းစုရည် LL.B

အထက်တန်းရှေ့နေ

အမှတ် ၂၇/ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၉၈၊ အမည်ပေါက် ဦးစိန်တင် ၁၂/လမန(နိုင်)၀၂၅၈၈၀၏ဇနီး ဒေါ်အေးမြသိန်း ၁၂/လမန(နိုင်)၀၂၁၀၉၅ သည် မြေချပါမစ်မိတ္တူမှန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၁၂၄၁၊ မြေကွက်တည်နေရာအမှတ် ၁၂၄၁၊ (၁၃၀) ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ကြည် ၁၂/မဂဒ(နိုင်) ၀၇၉၂၃၃ တရားရုံးကိုယ်စား ဘိလစ် ဒေါ်ရီရီလှ ၁၂/ဥကမ(နိုင်)၀၅၅၂၉၈က အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်

စည်ပင်သာယာရေးကော်မတီ

လူမှုရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
ဦးအဂ္ဂ(ခ)ဦးကျင်ဆောင်း(ခ)အပါကြီး
ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်ပိမြို့
ခိုင်ခိုင်မြဲမြဲ ဆေးဆိုးပန်းရိုက် ဖခင်ကြီး
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၈၊ မြောင်းကြီးလမ်း၊ ပထမထပ်နေ (ဦးစုဖရောင်း-ဒေါ်အေးတင်)တို့၏သား၊ (ဒေါ်ခင်စန်း)၏ခင်ပွန်း၊ ဦးခင်ဦး-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးစိန်ထွန်း)-ဒေါ်ခင်စီဝင်း၊ဦးတင့်နိုင်-ဒေါ်မြမြရီ၊ ဦးနေဝင်း-(ဒေါ်သန်းသန်းမြင့်)၊ ဦးနုမောင်-ဒေါ်ပြုံးပြုံးရီ၊ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်ထူး-ဒေါ် အေမီပိုင် (အထက-၃၊ ဗိုလ်တထောင်)၊ ဦးခင်မောင်ညို-ဒေါ်အေးအေးမော်၊ ဦးသန့်ဇော်-ဒေါ်စမ်းသီတာ၊ ဒေါ်ယဉ်ယဉ်စမ်းတို့၏ဖခင်ကြီး၊ မြေး ၂၀၊ မြစ် ခုနစ်ယောက်၊ တီ နှစ်ယောက်တို့၏အဘိုးသည် ၂၅-၃-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသန်းထွန်း
(ဒေးဒရဲ၊ သဲကုန်း)
အသက်(၈၁)နှစ်

(ဦးအောင်ဖေ-ဒေါ်လှရင်)တို့၏ သားကြီး၊ မောင်နှမ ရှစ်ယောက်တို့၏ အစ်ကိုကြီး၊ (ဦးဘိုးရင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၁၉၊ ပထမထပ်နေ ဒေါ်လှလှဝင်း၏ ခင်ပွန်း၊ ဦးဇာနည်ထွဋ်း-ဒေါ်ချောစန္ဒီစိုး၊ ဦးဝင်းနည်ထွဋ်း-ဒေါ်လွင်လွင်ခိုင်တို့၏ ဖခင်၊ မောင်ထူးမြတ်ဝင်းနီ၊ မဖူးမြတ်ဇာနည်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အောင်စေတီဆရာတော်ကြီး တံခွန်တိုင်တောရကျောင်းတိုက်
ဘဒ္ဒန္တဝဏ္ဏသာရ
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးဖြစ်သည့် အောင်စေတီဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏသာရ သက်တော်(၈၅)နှစ်၊ သိက္ခာတော် (၆၁)ဝါသည် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်) ၂၁-၃-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသည်။ ၂၁-၃-၂၀၁၄ရက်မှ ၂၇-၃-၂၀၁၄ရက်အထိ ခုနစ်ရက်တိုင်တိုင် အဆိုပါ ကျောင်းတိုက် ယာယီစံကျောင်းတော်တွင် အပူဇော်ခံထားရှိပြီး ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် တံခွန်တိုင်တောရကျောင်းတိုက်မှ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာရှိ အောင်မြေဗောဓိကုန်းတော်(ထမလုံ)သို့ ပင့်ဆောင်ပူဇော် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော်က တံခွန်တိုင်တောရ ကျောင်းတိုက်တွင် တရားတော်ဟောကြားပေးပါမည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစောဘသောင်း
အသက်(၈၄)နှစ်

ဆေးတက္ကသိုလ်-မန္တလေး၊ သားဖွားမီးယပ်ပညာဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)မှ ပါမောက္ခဒေါက်တာစောကလယ်ရူနှင့် ဒေါက်တာနော်မေရီဖောတို့၏ ဖခင် ဦးစောဘသောင်းသည် ၁၅-၃-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Royal Ruby Co., Ltd. မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဒေါက်တာဦးအောင်တင်(သမားတော်ကြီး)
ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)
M.B.,B.S (Rgn), M.R.CP (U.K), F.R.C.P (Edin)
အသက်(၈၃)နှစ်

ဗိုလ်မှူးချုပ်အောင်မျိုးထွန်း-ဒေါ်သီဂီဝင်းတို့၏ဖခင် ဒေါက်တာအောင်တင် (သမားတော်ကြီး) ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)သည် ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)မှ
သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အောင်မခိုင် (မြောက်ဦး)
အသက်(၈၀)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ငါးခြောက်ဈေးရပ်နေ (ဦးစံညိုအောင်-ဒေါ်ကြိုင်သာ)တို့၏သမီး၊ (ဒေါ်မိုးဒါဦး)၊ (ဦးရွှေဖိုးအောင်)-ဒေါ်စောညွန့်ဖြူ၊ ဒေါ်အောင်သာခိုင်တို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ပိုင်း၊ အမှတ် ၁၁၀/က၊ တပင်ရွှေထီးလမ်းနေ ဒေါ်ခိုင်စိန်ဦး၊ ဦးသာဇံအောင်-ဒေါ်ဦးညွန့်ခင်၊ ဦးသိန်းထွန်းအောင်၊ ဦးထွန်းအေးခိုင်-ဒေါ်ချိုချိုဝင်း၊ ဦးသန်းထွန်း-ဒေါ်မခင်ဝင်း၊ (ဦးအောင်သန်း)-ဒေါ်ဖြူဖြူခိုင်၊ ဦးစိန်ကျော် ဝင်း-ဒေါ်မခင်ရွှေ၊ ဦးမြသော်-ဒေါ်အေးခင်မြ၊ ဦးသာအေးဖေ-ဒေါ်ခင်မာဇော်၊ ဒေါ်စောအေးဖြူတို့၏မိခင်၊ မြေး ၁၆ယောက်တို့၏အဘောင်ရှင်၊ (ဦးမောင်သာဖေ၊ ကျောင်းဆရာ၊ ငြိမ်း)၏ဇနီးသည် ၂၅-၃-၂၀၁၄ရက် နံနက် ၉နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၄ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးမျိုးတင့်
(အငြိမ်းစား)ဓာတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး
အသက်(၈၅)နှစ်

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာဒေါ်အေးအေးတင့်၏ဖခင်သည် ၁၀-၃-၂၀၁၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ပါမောက္ခ/ဌာနမှူးနှင့် သားဖွားမီးယပ်ဆရာဝန်များ**

ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့

ဝမ်းနည်းကြေကွဲခြင်း
B.A (LAW), LL.B

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်စန်းမြင့်
အသက်(၇၈)နှစ်

ရေနံချောင်းမြို့၊ မြစိမ်းရောင် သူဌေးကုန်းရပ်၊ အမှတ် ၅၄၆ နေ (ဦးသုစိန်)၏ဇနီး၊ ဦးစိုးမင်း(Manager, N.P D Dept; ဝိစာရကုမ္ပဏီ)၊ ဦးအောင်ကျော်မင်း-မလှဲလှဲဝင်းတို့၏မိခင်၊ မောင်နိုင်ဝင်း၊ မောင်သက်မင်းဦး၊ မောင်ဟန်ဇေထွန်း၊ မောင်ဘုန်းပြည့်မင်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်စန်းမြင့် အသက်(၇၈)နှစ်သည် ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝိစာရအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်

ရဟန်းဒါယကာ
ဦးတင်လှ(ခ)ဦးဟောက်စိန်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ၁၄လမ်း၊ အမှတ် ၅၀၀ နေ (ဦးလီစူးစိန်-ဒေါ်ကြင်မြိုင်)တို့၏ သားငယ်၊ (ဦးတင်ညွန့်)-ဒေါ်ကျော့ကျော့မေ၊ ဦးခင်မောင်တင့်-ဒေါ်ဘီးကြူးတို့၏ ညီ/မောင်၊ ဦးမျိုးဝင်း-ဒေါ်လှလှမြိုင်၊ ဒေါ်မြင့်မြင့်အေး၊ ဦးတင်နိုင်ဝင်း-ဒေါ်နွယ်နီငွေး၊ မနီနီဝင်း၊ မခင်အေးဝင်း၊ ဦးလှထွေး-ဒေါ်ဝါဝါထွန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ ၁လမ်း၊ တိုက် ၂၁၊ အခန်း၂၀၆နေ ဦးတင်လှ(ခ)ဦးဟောက်စိန်သည် ၂၅-၃-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၁၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးအောင်ဝင်း
အသက်(၆၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၆-A နေ(ဦးလှရွှေ-ဒေါ်သောင်းကြည်)တို့၏ သား၊ ဒေါ်သန်းလှ၏ ခင်ပွန်း၊ ဦးစိုင်းနော်စိုင်း-ဒေါ်ရွှေရည်လဲ့ဝင်း၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နွယ်နီလှိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်ချိုသဲအောင်၊ ကိုကောင်းခန့်ဝင်းတို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ရက် ညနေ ၅ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

2/O ဦးလှမိုး အသက်(၄၆)နှစ် CDC-18369 သည် စပိန်နိုင်ငံ ALGECIRAS မြို့ ဆေးရုံပေါ်တွင် ၄-၃-၂၀၁၄ ရက်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

MIRACO MARINE CO.,LTD.

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်ဒေါ်သန်း (ကျားမာန်ဆေးလိပ်မိခင်ကြီး)
အသက်(၇၈)နှစ်

ရန်ကုန်မြို့ (FMI)ကန်ရိပ်သာလမ်းမ (L-၅၃)၊ မြင်းခြံမြို့၊ အမှတ်(၁၆) ရပ်ကွက်နေ ကျားမာန်ဆေးလိပ်ခုံ၏မိခင်ကြီး ဒေါ်ဒေါ်သန်းသည် ၂၃-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒေါ်တင်တင်ကြူး(မိသားစု)၊ မြင်းခြံမြို့**

အထူးကျေးဇူးတင်ရှိခြင်း
ဦးရန်လင်းဆွေ (ဦးစီးအရာရှိ)
ခန္တီးမြို့နယ် အခွန်ဦးစီးဌာနမှူး
အသက်(၄၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ လယ်တီရပ်ကွက်နေ ဦးဘကြဲ (စာတိုက်မှူး၊ အငြိမ်းစား) -ဒေါ်အေးအေးဝင်းတို့၏သားထွေး၊ မုံရွာမြို့၊ အလုံရပ်(စလွန်သာ)နေ ဦးစိန်လင်း-(ဒေါ်ညွန့်ရီ)တို့၏သားသမက်၊ ဦးအောင်ဝင်းခိုင်-ဒေါ်ဆွေဆွေဦး(မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တမူးမြို့)၊ ဒေါ်ဆွေဆွေအေး(တွဲဖက်မြို့နယ်တရားသူကြီး၊ ဖြူးမြို့)၊ ဒေါ်ဆွေဆွေငွေး (ဦးစီးအရာရှိ၊ စစ်ကိုင်းတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ မုံရွာမြို့)တို့၏မောင်၊ ဒေါ်ဝင်းဝင်းခိုင် (KKA ကုမ္ပဏီ၊ မန္တလေး)၏ခင်ပွန်း မသက်မြတ်နိုးဆွေ(ခ)ဆုရတနာထွန်း၏ဖခင်၊ ဦးရန်လင်းဆွေ အသက်(၄၂)နှစ်သည် ၂၀-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၄ရက်တွင် မုံရွာမြို့၊ မြို့မသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းလှိုင်
ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
အသက်(၆၅)နှစ်

မွန်ပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းလှိုင်သည် ၁၄-၃-၂၀၁၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မွန်ပြည်နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့်
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်မြိုင်(လက်ပံလှ)
အသက်(၇၄)နှစ်

ဦးအောင်ဆန်းဝင်း၊ဒေါ်မော်စီ(အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း)၊ ဦးမော်၊ဒေါ်စုစုမော်တို့၏မိခင် ဒေါ်ကြည်မြိုင်သည် ၂၀-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေပညာအခမဲ့သင်တန်း(ရန်ကုန်) သူ/သားများ

အမှတ်စဉ်(၇) - ဒေါ်အေးအေးမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ခိုင်ဝတ်ရည်၊ ဒေါ်ကလျာထွန်း
အမှတ်စဉ်(၁၀) - ဦးသီဟအောင်၊ ဦးမင်းမင်းဦး၊ ဒေါ်အေးချို၊ ဒေါ်မေသက်ထွန်း
အမှတ်စဉ်(၁၂) - ဒေါ်မာယဉ်အေး(လက်ကုန်)၊ ဒေါ်သင်းသင်းဦး၊ ဒေါ်သင်းသင်းအေး၊ မစန်းစန်းမိုး(စလင်း)၊ ဒေါ်ချိုချိုဝင်း၊ ဦးအောင်နိုင်ဦး (Yuri Gem & Jewellery)

---

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးဘိုမောင်ကြီး (Director, InnPauk Wa Co., Ltd.)
(၂၇-၃-၂၀၀၉)-(၂၇-၃-၂၀၁၄)

မိသားစုအပေါ်မှာ မေတ္တာကြီးမား၊ နွေးထွေးစွာဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့သော ပါပါ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ယနေ့ဆိုရင်(၅)နှစ်ပြည့်မြောက်ခဲ့သော်လည်း တစ်နေ့တစ်ရက်မှ မမေ့နိုင်ခဲ့ပါ။

ပါပါအတွက်ရည်စူး၍ ရဝိမဥ္ဇူ(ပါရမီ)စာသင်တိုက်၌ ဘုရားဆင်းတုတော်နှင့် ဘုရားကျောင်းဆောင်ရေစက်ချအလှူ၊ စစ်တွေမြို့ရွှေကရုဏာ စေတနာဆေးခန်း ဆောက်လုပ်ရန်အတွက် အလှူငွေ၊ ယနေ့ပြုလုပ်သောဆွမ်းဒါနနှင့် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သော ပြုလုပ်နေဆဲကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ ပါပါသာဓုခေါ်ဆိုနိုင်စေရန် အမျှ၊ အမျှ၊ အမျှ ပေးဝေပါသည်။

ဇနီး ဒေါ်မခင်နှင့်သားသမီး၊မြေးများ

ကိုကျော်စိုးမိုး(ခ)လုံးလုံး (သုဝဏ္ဏ)
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၆၅၊ အခန်း ၁ နေ (ဦးကျော်စိုး)-ဒေါ်ခင်မာရီ(ခ)ပဲပဲတို့၏သားလတ်၊ SHOJI KOGA-ဒေါ်ခင်မာကြည်(ခ) မီးမီးတို့၏တူသား၊ မောင်အောင်စိုးမိုး-မသီတာ ဇော်မင်း၊ မောင်ဝေဖြိုးနိုင်-မယဉ်ယဉ်ခိုင်တို့၏ ညီ/မောင်၊ မောင်ကျော်စိုးနောင်၏အစ်ကိုသည် ၂၅-၃-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းလှိုင်
ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
အသက်(၆၅)နှစ်

မွန်ပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းလှိုင်သည် ၁၄-၃-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်
တရားလွှတ်တော်တရားသူကြီးများ

အထူးဝမ်းနည်းကြေကွဲခြင်း

D/C ဦးနန္ဒကျော်(ခ)သားစိုး အသက်(၂၂)နှစ် CDC-73839 သည် စပိန်နိုင်ငံ ALGECIRAS မြို့ ဆေးရုံပေါ်တွင် ၃-၃-၂၀၁၄ ရက်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

MIRACO MARINE CO., LTD.

သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အထူးဝမ်းနည်းကြေကွဲခြင်း

ချန်ဟိုတီ

အသက်(၈၂)နှစ်

ကမ္ဘာကျော်ဆောက်လုပ်ရေး ဦးအောင်ထိန်နှင့် ဦးအောင်ခင်တို့၏ဖခင် အိုရီယန်တယ်လ်ထရေးဒင်းကုမ္ပဏီ၏ အစုရှယ်ယာဝင် ဦးချန်ဟိုတီသည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ၆-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အိုရီယန်တယ်လ်ထရေးဒင်းကုမ္ပဏီ
အစုရှယ်ယာဝင်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရှုတီ (ကျောက်တံတား)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကျန့်တိတ်အိတ်တိတ်လူငယ်အဖွဲ့၊ တွဲဖက်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ကမ်းရိုးတန်းသွား ရေယာဉ်ဥက္ကဋ္ဌ ဦးညဏ်ဝင်း-ဒေါ်အေးအေးမာ သုဓမ္မသိင်္ဂီ (သူရိယစန္ဒာဝင်းကုမ္ပဏီလီမိတက်)တို့၏မိခင် ဒေါ်ရှုတီသည် ၁၄-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ကျန့်တိတ်အိတ်တိတ် လူငယ်အဖွဲ့
လသာမြို့နယ်၊ ရန်ကုန်မြို့

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးလှထွန်း(ခ)လင်အရှောင်

Chairman (M.I.S.L Co.,Ltd.) & မန်းသီရိစာရေးကိရိယာ

ဦးလှထွန်းရေ ဒေါ်ပေါက်နဲ့ သမီးလေး၊ သားတွေ၊ မြေးတွေနဲ့ ခွဲခွာပြီး သံသရာခရီးရှည်ထွက်သွားခဲ့တာ ဒီနေ့ ၂၇-၃-၂၀၁၄ရက်မှာ (၁)နှစ်ပြည့်သွား ခဲ့ပါပြီ။

ငယ်ငယ်တုန်းက လက်ဖဝါးနုနုသေးသေးလေးတွေနဲ့ ထွေးပိုက်ပြုစု ပျိုးထောင်ပေးခဲ့တဲ့ သားလေးတွေနဲ့ သမီးလေးက အခုဆိုရင် ကျန်းမာကြံ့ခိုင် စွာနဲ့ ယုံကြည်မှု၊ ကြိုးစားမှု၊ ရိုးသားမှုဆိုတဲ့ အားအင်တွေအပြည့်နဲ့ ဒေါ်ပေါက် ကို ဖေးမလက်တွဲလို့ ဒို့သားအမိတွေ ဘဝခရီးလမ်းကို ဦးလှထွန်း မပါတော့ဘဲ ဆက်လျှောက်လှမ်းနေရပါပြီ။

ဒို့မိသားစုတွေ အဖေကြီးအတွက် ရည်စူးပြီး နေ့စဉ်ရက်ဆက် ပြုပြုသမျှ ကုသိုလ်ဒါနအားလုံးကို မြင့်မြတ်သောဘုံဌာနမှ ဦးလှထွန်း သာဓုခေါ်ပါနော် ဦးလှထွန်းနှင့်တကွ အားလုံးကြားကြားသမျှ အမျှ-အမျှ-အမျှ

ဇနီး	-	**ဒေါ်ခင်ခင်လှ(ခ)ဒေါ်ပေါက်**
သားကြီး	-	**ကိုသူ-မသြ**
သားလတ်	-	**ကိုသက်-ဆုမွန်**
သားငယ်	-	**ကိုညီ-တင်ဇာ**
သမီး	-	**သီရိ-ကိုယဉ်ကျော်သက်**
မြေး	-	**ရှင်မင်းသန့်၊ ကိုဟိန်း၊ ကိုလင်း၊ ဂူဂူ၊ ဖူးဖူး**

အထူးကျေးဇူးတင်လွှာ

အမှတ် ၂၅၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ တာမွေမြို့နယ်နေ ဦးမင်းအောင် အသက်(၅၆)နှစ်သည် ၂၄-၃- ၂၀၁၄ရက်တွင် ကွယ်လွန်သူ အတွက် အဘက်ဘက်မှ ကူညီပေးကြသော ဓမ္မဒူတတောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ဆရာတော် အရှင်ဆေကိန္ဒနှင့် ဒကာ၊ ဒကာမများ၊ ဆရာဝန်၊ ဆရာမများ သူနာပြုများနှင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား ကျန်ရစ်သူမိသားစုများက အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးထွန်းဦး

ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်

အသက်(၅၅)နှစ်

မိသားစုနှင့် ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦးသည် ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှ ခံစား နေရပါတယ်။ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေး ဝေပါတယ်။ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသော်-

ညီလေး
ဦးဝင်းနိုင်ဦး-ဒေါ်မြမြစိုး မိသားစု
မြတ်စတိုး၊ တောင်ပိုင်းရပ်ကွက်၊ ကျိုက်ထို

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါ်ဆွေဆွေအေး (တွဲဖက်မြို့နယ်တရားသူကြီး၊ ဖြူးမြို့နယ် တရားရုံး)၏ ချစ်လှစွာသောမောင်လေး ဦးရန်လင်းဆွေ(အခွန်ဦးစီးမှူး၊ ခန္တီးမြို့) အသက်(၄၂)နှစ်သည် ၂၀-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးညိုမြွေး (မြို့နယ်တရားသူကြီး၊ စဉ့်ကိုင်မြို့နယ်တရားရုံး)
ဒေါ်သန်းသန်းဆင့် (မြို့နယ်တရားသူကြီး၊ ဘုတလင်မြို့နယ်တရားရုံး)
ဒေါ်နှင်းကေသီဝင်း (တွဲဖက်မြို့နယ်တရားသူကြီး၊
လှိုင်သာယာမြို့နယ်တရားရုံး)
ဒေါ်ဇာနည်နှင်း (တရားလွှတ်တော်ရှေ့နေ)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးထွန်းဦး-ဒေါက်တာဒေါ်နုနုအောင်တို့၏ဖခင် ဦးစီ အသက် (၉၄)နှစ် တောင်ငူမြို့သည် ၂၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

Sandoz Company
မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးထွန်းဦး-ဒေါက်တာဒေါ်နုနုအောင်တို့၏ဖခင် ဦးစီ အသက် (၉၄)နှစ် တောင်ငူမြို့သည် ၂၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရပါ သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

RV-Telpha Co.,Ltd.
မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဗားကရာတောရကျောင်းတိုက်၊ ဒေါ်ငြိမ်းတင်ဇရပ်
ပဓာနနာယက ဆရာကြီး

ဒေါ်ပညာဝတီ

သက်တော်(၉၂)နှစ်၊ ဝါတော်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အမှတ် ၂၄၁၊ ဦးဝိစာရလမ်း၊ ဗားကရာတောရကျောင်းတိုက်၊ ဒေါ်ငြိမ်းတင်ဇရပ် နေ(ခမည်းတော် ဦးထွန်းပေါ်-မယ်တော် ဒေါ်ရွှေယုံ)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ အေးသိဒ္ဓိရပ်ကွက်နေ ဒေါ်ခင်လှ၏ညီမ၊ (ဒေါ်ဥတ္တမညာဏီ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ)၏အဒေါ်၊ ဗားကရာတောရကျောင်းတိုက်၊ ဒေါ်ငြိမ်းတင်ဇရပ် ပဓာနနာယကဆရာကြီး ဒေါ်ပညာဝတီသည် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက်) ၂၆-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၈-၃-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

တပည့်သီလရှင် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြကြည် (ပုသိမ်)

အသက်(၉၂)နှစ်

ပုသိမ်မြို့နေ (ဦးသာထင်-ဒေါ်မြ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးဘိုးလှိုင်-ဒေါ်ယုံ)တို့၏သမီးချွေးမ၊ (ဦးစိန်လှိုင်)၏ဇနီး၊ (ဦးတင်ကြီး)၊ (ဦးကြည်)တို့၏ ညီမ၊ (ဦးထွန်းလှိုင်)၊ ဦးခင်မောင်မြင့်-ဒေါ်မြင့်မြင့်ဝင်း (ကုန်းလမ်းသယ်ယူပို့ ဆောင်ရေး)၊ (ဦးသိန်းဟန်)တို့၏အစ်မ၊ ဒေါ်အေးအေးမြင့်(အထက-၅၊ ကမတ၊ ငြိမ်း)၊ ဒေါ်မေလွင်ဦး(အထက-၃၊ တ/ဥ၊ ငြိမ်း)၊ ဦးသန့်စင်၊ ဒေါ်ခင်ဆွေမြေး (ဆသရ)၊ ဒေါက်တာခင်ဆွေအေး(သွား/ဆေးတက္ကသိုလ်)တို့၏မိခင်၊ မောင် ဘုန်းစင်ကြယ်(ဆေး-၁)၏အဘွားသည် ၂၆-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။ (အမှတ် ၉/၁၊ စကားဝါလမ်း၊ ၁၄/၃ရပ်ကွက်၊ တ/ဥ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်မောင်အုန်း A.G.T.I (EP)

အငယ်တန်းလက်ထောက်အင်ဂျင်နီယာ
ပြည်တွင်း ရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးမြို့

အသက်(၄၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်နေ ဦးအုန်းငွေ (ရုံပိုင်ကြီး၊ ငြိမ်း၊ မြန်မာ့မီးရထား)-ဒေါ်ခင်မူတို့၏သား၊ ဦးမိုးကျော်(မြရတနာ ဆားရောင်းဝယ်ရေး)-ဒေါက်တာခင်ခင်အုန်းတို့၏မောင်၊ ဦးမြင့်ဦး(လ/ထ ညွှန် ကြားရေးမှူး၊ ရမည်းသင်းခရိုင် မြေစာရင်းဦးစီးဌာန)-ဒေါ်ငယ်ငယ်ထွေး(ခ) ဒေါ်ယဉ်ယဉ်အုံးတို့၏အစ်ကို၊ မငြိမ်းဆုချယ်၊ မနွေးသိမ့်ခင်၊ မောင်မင်းသုထယ် တို့၏ဦးလေး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျောက်ဖူးကုန်း(က)ရပ်ကွက်၊ အမှတ် ၂၊လမ်းထိပ်သစ်ရောင်းစက်ဝင်းနေ ဦးမောင်မောင်အုန်းသည် ၂၆-၃- ၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃- ၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မစောသန္တာထွေး(ခ)မသန္တာ

အသက်(၃၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၃/က၊ ရန်ပြေ ၂၁လမ်းနေ ဦးစောဦး-ဒေါ်စိန်စိန်သန်းတို့၏သမီး၊ ဦးမြမောင်-ဒေါ်သန်း ရီတို့၏ချွေးမ၊ ဒုတိယဗိုလ်မှူးကြီးမျိုးဦး(ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး)- မစောစန္ဒာဦး၊ အရာခံဗိုလ်စိုးလှိုင်-ဒေါ်မိုးသီတာဦးတို့၏ညီမ၊ မကျော့နန္ဒာသွေး ၏အစ်မ၊ မယမင်းဥမ္မာ၊ မောင်ကောင်းလွင်ခန့်တို့၏မိခင်၊ ဦးစိုးလွင်၏ဇနီးသည် ၂၆-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရ ကုသိုလ်အမျှပေးဝေခြင်း

ကိုမြတ်ပွင့်ထွေး(ခ)ကိုပွင့်

အသက်(၃၇)နှစ်

၂၇-၂-၂၀၁၄ရက်တွင် ဗန်းမော်မြို့၌ ကွယ်လွန်သွားသောသား ကိုမြတ် ပွင့်ထွေး(ခ)ကိုပွင့် ဗန်းမော်တက္ကသိုလ်၊ အား/ကာနည်းပြအားရည်စူး၍ ဖေဖေ မေမေနှင့်တကွ ကျန်ရစ်သူမိသားစုများက တစ်လပြည့်ဆွမ်းတရားနာပြီး နေ့စဉ် ပြုသော အလှူဒါနများအား ရောက်ရာဘုံဘဝမှ ကုသိုလ်အမျှရယူ သာဓုခေါ်ဆို နိုင်ပါစေရန် သားအတွက် ကုသိုလ်အမျှပေးဝေပါတယ်။

သား ကိုပွင့်ရေ ပြုပြုသမျှကုသိုလ် အမျှ-အမျှ-အမျှ ပေးဝေငပါတယ် သား…

ဖေဖေ ဦးထော်ပေါ-မေမေ ဒေါ်အသင့်
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြစိန် (သထုံ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်

အသက်(၈၇)နှစ်

လင်းစဒေါင်း၊ (၃)ရပ်ကွက်၊ ရာဇ မိရာဇ်လမ်း၊ အမှတ် ၇၊ ခြောက်လွှာနေ (ဦးထွန်းခင်)၏ဇနီး၊ ဦးဝင်းရှိန်-ဒေါ် စန်းတင့် (သထုံ ဒေါ်စန်းထမင်းဆိုင်၊ ထားဝယ်မြို့)၊ (ဦးအုန်းကျော်)-ဒေါ်ခင် မေစန်း (ဒုညွှန်မှူး၊ ငြိမ်း၊ ပင်စင်ဦးစီး ဌာန)၊ ဒေါ်ဝင်းငွေ(အထက-၂၊ ဒလ)၊ ဒေါ်သိန်းသိန်းစု၊ ဒေါ်ခင်စီမာ၊ (ဦးသန့် ဇင်)-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်ခင်ပြုံးဇင်တို့၏ မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက် ယောက်တို့၏ဘွားဘွားကြီးသည် ၂၆- ၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၃- ၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ် မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြမြသန်း @ Patricia

B.A Ed, B.Ed
အထက်တန်းပြ(ငြိမ်း)
အထက(၁)အလုံမြို့နယ်
အမ္ဗာရာမ ဆရာတော် ဦးနန္ဒ၏ ရဟန်းမယ်တော်
ဥက္ကဋ္ဌ၊ အမ္ဗာရာမ ယောဂီအဖွဲ့

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲ ကျော်စွာလမ်း၊ အမှတ် ၆၁နေ (ဦးစံ ပေါ်-ဒေါ်စံဝင်း)တို့၏သမီး၊ (ဦးအောင် မြင့်)-ဒေါ်တင်ရီ၊ (ဦးကျော်ထွန်း)-ဒေါ် သန်းရီ၊ ဦးကံအေး-ဒေါ်ခင်ခင်၊ (ဒေါက်တာမြင့်သိန်း - ဒေါ်ခင်ခင်ဦး)၊ ဦးကျော်ထင် - ဒေါ်သန်းသန်းနုတို့၏ ညီမ၊ဒေါက်တာဦးစံသာဟန်-ဒေါ်အေး အေးမြင့်တို့၏အစ်မ၊ တူ၊ တူမ ၂၇ ယောက်တို့၏အဒေါ်၊ မြေး ၃၅ယောက် တို့၏အဘွားသည် ၂၆-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁း၂၅နာရီတွင်ကွယ် လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါ သည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၄- ၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြမြ

အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့နေ (ဦးဘိုးကျောက်-ဒေါ် တင်မေ)တို့၏သမီး၊ (ဦးထန်ရွှေ)-ဒေါ် ခင်တင့်တို့၏ချွေးမ၊ ရန်ကုန်တိုင်းဒေသ ကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေ ရပ်ကွက်၊ စံပြ ၂လမ်း၊ အမှတ် ၈၀နေ (ဦးဝမ်)၏ဇနီး၊ (ဦးကျော်သန်း-ဒေါ် ငွေငွေ)၊ ဦးစံရီ(ခ)(ဦးစန္ဒိမာ)-ဒေါ် အေးစိန်၊(ဦးဝင်းကြိုင်-ဒေါ်စန်းရီ)တို့၏ ညီမ၊ ဦးအောင်ကြည်ဝင်း-(ဒေါ်ကူး ကူး)၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သန်းကြည် တို့၏အစ်မ၊ ဦးဆန်းဦး (E/E, PIL Co.,)-ဒေါ်ချောမေ၊ မောင်ကျော်သူရ တို့၏မိခင်၊ မောင်ယံဝေလင်း၊ မဘုန်း ဆင့်မွန်၊ မဖူးပွင့်အောင်တို့၏အဘွား သည် ၂၅-၃-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၄း၅၀နာရီတွင် ရန်ကုန်မြို့ ဗဟို စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ဗိုလ်တထောင် ကမ်းနားမှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၃- ၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၉နာရီအထိ သမ္မတကမ်းခြေရပ်ကွက်၊ စံပြ ၂လမ်း၊ အမှတ် ၈၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၃-၂၀၁၄ရက်ထုတ် ဤသတင်း စာ စာမျက်နှာ(၂၂)ပါ ဦးငွေအောင် (၅၉)နှစ် နာရေးကြော်ငြာတွင် ဒေါ်ခင် မြင့်ရီ(ဘေဘီ) (ACSI) Singapore ၏ခင်ပွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာ

ဦးလှရွှေ အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ် ၂၁၀/ခနေ (ဦးပိန်ဟောင်း-ဒေါ်သိန်းအေး)တို့၏သား၊ (ဦးကျော်မင်းဦး)၊ ဒေါ်မေယဉ်နွဲ့(ဗဟန်းမြို့နယ် ပညာရေးမှူး)၊ ဦးဇော်မင်းသိန်း၊ ဒေါ်ချောစုလှိုင်(အလကကျောင်းအုပ်၊ ပင်မိုဈေးကုန်း၊ ကလောမြို့နယ်)၊ ဦးရဲ မင်းထွန်း(အမက-၁၆၊ ကျောင်းအုပ်၊ မ/ဥက္ကလာ)၊ ဒေါ်အေးမိုးမိုး၊ မယွန်းမြတ် သူ(အထက-၃၊ မ/ဥက္ကလာ)၊ မခိုင်ဇင်ဇင်သန့်(အမက-၅၊ မ/ဒဂုံ)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ (ဒေါ်ရီရီ)၊ ဒေါ်ရီရီဆွေ၏ခင်ပွန်းသည် ၂၅-၃- ၂၀၁၄ရက်(အင်္ဂါနေ့)ည ၁၁း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးအောင်မြင့် (တပ်မတော်-ရေ၊ ငြိမ်း)

အသက်(၆၀)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အမှတ် ၄၁၊ မဏ္ဍိုင်လမ်းနေ (ဦးပိန်-ဒေါ်အုံးမြ)တို့၏သား၊ ဒေါ်စိန်မြင့်၏ခင်ပွန်း၊ ကိုချစ်ညီညီ (Uniteam Marine,2/O)-မသင်းဆုလတ်(မဆု မိတ္ထူ)၊ မလင်းလဲ့လဲ့စိုးလတ်(မလင်း)၊ ကိုဝေယံထွန်းပိုင်လတ်(Uniteam Marine)၊ မောင်ဖွဲ့ခန့်နောင်(အထက-၄၊ ပုဇွန်တောင်)တို့၏ဖခင်၊ မောင်ဝေဘုန်းမောင်(အထက-၅၊ ဗိုလ်တထောင်)၏ အဘိုးသည် ၂၆-၃-၂၀၁၄ရက် နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှမြင့်(ခ)

ဒေါ်ဘုတ်ဆုံ (ပခုက္ကူမြို့)

အသက်(၈၃)နှစ်

မြိုင်မြို့နယ်၊ စီလောင်ကျေးရွာနေ (ဦးပွင့် - ဒေါ်လုံး)တို့၏ သမီးကြီး၊ အမှတ် ၅၈၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစံလူ ၏ဇနီး၊ ဦးကျော်ငြိမ်း-ဒေါ်သောင်း သောင်းအေးတို့၏မိခင်၊ မြေး သုံး ယောက်တို့၏အဘွားသည် ၂၅-၃- ၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃း၁၅နာရီတွင် သင်္ဂြိုဟ်ပြီး ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား သိရှိစေရန် အကြောင်း ကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၃- ၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဘိုဝင်း

B.E (Mechanical)
C.D.C(4406)
အင်ဂျင်နီယာမှူးကြီး

အသက်(၆၆)နှစ်

ရွှေဘိုမြို့၊ကန့်ဘလူမြို့နယ်၊ ဇီးကုန်း နေ ကျောင်းအုပ်ဆရာကြီး ဦးဘကဲ- ဒေါ်အေးကျင်တို့၏ တစ်ဦးတည်းသော သား၊ အမှတ် ၁၀၃၇၊ ဝပ်ရှော့လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်-ဒေါ် တင်ကြည်တို့၏သားသမက်၊ ဒေါ် ကြည်ကြည်အေး(အလက-၄၊ အင်းစိန်၊ ကြို့ကုန်း)၏ခင်ပွန်း၊ မသန္တာဘိုဝင်း (PSA Co.,Ltd Singapore)၏ဖခင် သည် ၂၅-၃-၂၀၁၄ရက် ညနေ ၄နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃- ၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်စန်းတင့်

(မြန်မာစာကထိက၊
ဟင်္သာတ တက္ကသိုလ်)

အသက်(၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ မြို့၊ အမှတ် ၁၇၁၊ ပတ္တမြားလမ်းနေ (ဦးချစ်ထွန်း-ဒေါ်မြငြိမ်း)တို့၏ သမီး ကြီး၊ ဒေါ်ပြုံးပြုံးချို၊ ဦးကျော်ဇေယျ၊ ဒေါ်နုနုဝင်း (လက်ထောက်ကထိက၊ ကွန်ပျူတာ တက္ကသိုလ်၊ ဟင်္သာတ)၊ ဦးထွန်းအောင်ကျော် - ဒေါ်မာလာဦး တို့၏အစ်မကြီး၊ မသင်းသန်စု၊ မောင် မင်းခန့်ဘိုဘို၊ မအိန္ဒြေချောချောစံတို့၏ အဒေါ်သည်၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူး နေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန် သွားပါ၍ ၂၈-၃-၂၀၁၄ရက်(သောကြာ နေ့) မွန်းလွဲ ၂နာရီတွင် ဟင်္သာတမြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအပ်ပါ သည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်

(ဖိုမင်ကြီး၊ ငြိမ်း)
ဟင်းငုတ်ပင် ဓာတ်အားခွဲရုံ
(တောင်ငူမြို့)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၄၄ (ဒုတိယထပ်) နေ(ဦးတေ-ဒေါ်မကြီး)တို့၏သား၊ ဒေါ် သန်းမြင့်၏မောင်၊ (ဒေါ်ခင်တင့်)၏ ခင်ပွန်း၊ ကိုခင်မောင်ဦး၊ ကိုအောင် ကျော်မင်း-မနီနီထွန်း၊ မသစ်သစ်ထွန်း၊ ကိုထင်ကျော်အောင် - မမာမာထွန်း၊ ကိုကျော်ထက်လွင်-မမျိုးမမလင်းတို့၏ ဖခင်၊ မောင်ဇင်မင်းအုပ်ရှိန်၊ မောင် ရှိန်းသန့်မောင်၊ မဆုရတီထွန်းတို့၏ အဘိုးသည် ၂၅-၃-၂၀၁၄ရက် ညနေ ၃း၂၀နာရီတွင် ရန်ကုန်အနောက်ပိုင်း ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၃- ၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဘိုဝင်း

B.E (Mechanical)
C.D.C (4406)
အင်ဂျင်နီယာမှူးကြီး

အသက်(၆၆)နှစ်

ရွှေဘိုမြို့၊ကန့်ဘလူမြို့နယ်၊ဇီးကုန်း၊ ထန်းတပင်နေ ကျောင်းအုပ်ဆရာကြီး ဦးဘကဲ - ဒေါ်အေးကျင်တို့၏ တစ်ဦး တည်းသောသား၊ ဒေါ်ဝင်းကြည်၊ ဒေါ် ဝင်းညို၊ ဦးခင်မောင်သန်း၊ ဒေါ်ဝင်းရီ၊ ဦးမောင်မောင်-ဒေါ်မြဝင်း၊ ဒေါ်မေမေ ဝင်း၊ ဦးကျော်ရွှေ၊ ဒေါ်စိန်စိန်ဝင်း၊ ဒေါ်ခင်မာဝင်း၊ ဒေါ်ခင်မူဝင်း၊ ဒေါ် ခင်ကြည်တို့၏ အစ်ကို/မောင်သည် ၂၅-၃-၂၀၁၄ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကိုရဲထွန်းဝင်း(ခ)ဖိုးငယ်

အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် ၄၊ အခန်း ၃၀၁၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာနေ ဦးစိန်ဝင်း (စိုက်ပျိုးရေး၊ ငြိမ်း)-ဒေါ်ကြည်ရှင် (ရှင်မြင့်မိုရ်၊ မြေပဒေသာ)တို့၏သား ထွေး၊ဦးသန်းဇော်ဝင်း(နိုင်ငံခြားရေး)- ဒေါ်မြတ်မြတ်စိုး (ကျန်းမာရေးဦးစီး)၊ ဒေါ်အေးကြည်ဝင်း - ဦးတင်ထွဋ်လှိုင်၊ ဒေါ်တင်ဝင်းကြည် (YCDC၊ ဗဟို ပစ္စည်းထိန်း)၊ ဒေါ်မျိုးကြည်ဝင်း(ရှင် မြင့်မိုရ်၊ မြေပဒေသာ)တို့၏ညီ/မောင်၊ တူ သုံးယောက်တို့၏ ဦးလေးသည် ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက် ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေပြုရေးလုပ်ငန်းတွင် နိုင်ငံတော်နှင့်ပြည်သူများအတွက် စေတနာဖြင့်ဆောင်ရွက်ကြရမည်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **တာဝန်ထမ်းဆောင်မှု သက်တမ်းသုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ်** ယနေ့အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါမိန့်ခွန်းကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

အစည်းအဝေး၌ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကက နဝမပုံမှန်အစည်းအဝေး လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နှစ်စဉ် ယခုကာလအစည်းအဝေးသည် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့်လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များဖြစ်သည့် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုဘဏ္ဍာငွေ

စာမျက်နှာ ၇ ကော်လံ ၁

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဝါးတန်းအမှတ် (၆) ဆိပ်ခံဗောတံတားတွင် မတ် ၂၅ ရက် နံနက် ၁၁ နာရီက မြိတ်-ရန်ကုန် ပြေးဆွဲနေသော m.v ရတနာမင်းသင်္ဘောပေါ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ဒေသထွက် ရော်ဘာတုံး ၉၈၅ တုံး (၄၉) တန် ရောက်ရှိလာပြီး Mobile Team အဖွဲ့များ၏ စစ်ဆေးမှုကို ခံယူခဲ့သည်။

အဆိုပါ ရော်ဘာတုံးများကို ပြည်တွင်းရှိစက်ရုံများမှ ကုန်ချောပစ္စည်းအမျိုးမျိုးထုတ်လုပ်၍ ပြည်တွင်းသို့ ဖြန့်ဖြူးရောင်းချပြီး ပိုလျှံသောရော်ဘာများကို ပြည်ပသို့တင်ပို့ရောင်းချကြောင်း သိရသည်။ ယင်းရော်ဘာများကို ရှိုင်းနီးစတားကုမ္ပဏီနှင့် ဝင်းထွဋ်ထရေးဒင်းကုမ္ပဏီများသို့ ပို့ဆောင် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မလေးရှားလေယာဉ်ရှာဖွေရေးတွင်ပါဝင်သော လေယာဉ်၊ သင်္ဘောများက သဲလွန်စအသစ်များအပေါ် အထူးတလည် အာရုံစိုက်နေကြဆဲ

ကွာလာလမ်ပူ မတ် ၂၆

ဘာသာပြန် ကျော်သဲအိမ်

၁၈ ရက်ကြာ ပျောက်ဆုံးနေသော မလေးရှားလေယာဉ်ကို နိုင်ငံပေါင်းစုံမှ လေယာဉ်များ လှိုင်းကြမ်းသည့် ပင်လယ်ပြင်အတွင်း ဆက်လက်ရှာဖွေမှုများ ပြုလုပ်စဉ် လေယာဉ်အပိုင်းအစများဟုယူဆရသော အရာဝတ္ထုကြီးငယ် ၁၂၂ ခုအား အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ဂြိုဟ်တုပုံရိပ်များမှ တစ်ဆင့် တွေ့ရှိခဲ့ကြသည်။

မတ်လ ၈ ရက်နေ့က ပျက်ကျသွားသည်ဟုယူဆရသော ပျောက်ဆုံး မလေးရှားလေယာဉ်ရှာဖွေမှု အရှိန်မြှင့်တင်နေချိန်တွင် ဂြိုဟ်တုပုံရိပ်များမှ လေယာဉ်အပိုင်းအစဟု ယူဆရသော ထိုအရာဝတ္ထုပစ္စည်းများ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

မလေးရှား ပို့ဆောင်ရေးဝန်ကြီး ဟီရှန်မုဒ္ဒင်ဟူစိန်က ဩစတြေးလျ၊ တရုတ်နှင့် ပြင်သစ်ဂြိုဟ်တုများမှ ပျောက်ဆုံးလေယာဉ်အစိတ်အပိုင်းဟု ယူဆရသော သဲလွန်စလေးခုကို မိမိတို့ရရှိထားပြီးဖြစ်ကြောင်း၊ ယင်းသဲလွန်စများသည် ပျောက်ဆုံးလေယာဉ်နှင့်ဆက်နွှယ်ပတ်သက်မှုရှိ မရှိ အတည်ပြုနိုင်ရေးကိုသာ မဖြစ်မနေ ဆောင်ရွက်ရတော့မှာ ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁

ရေနောက်ကန်ရေများအား သောက်ရေသန့်အဖြစ်ပြောင်းလဲ၊ သောက်သုံးရေများလှူဒါန်းပွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် Trendy Myanmar Co.,Ltd. နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Metawater Co.,Ltd. တို့သည် ချိုးရေအဖြစ်သာ အသုံးပြုရရှိသော ရေနောက်ကန်များမှ ရေများကို ရေသန့်အဖြစ် ပြုပြင်ပြောင်းလဲပြီး သောက်သုံးရေများ လှူဒါန်းပွဲကို ဒလမြို့နယ်ရှိ ဗိုလ်ရန်ပြေရပ်ကွက်နှင့် ရာဇသင်္ကြန်ရပ်ကွက်တို့၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားကို အလျားပေ ၄၂၀၊ အနံပေ ၈၀၊ ရေအနက် ကိုးပေ၊ သိုလှောင်ရေပမာဏ ၁၀၈၀၀၀၀ ဂါလန်ရှိ ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ကန်ဘေး၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

Trendy Myanmar Co.,Ltd. မှ မန်နေဂျာ ဦးနိုင်လင်းဇော်က ခေတ်မီစက်ပစ္စည်းများပါ Moblie Truck ကားဖြင့် အဆိုပါရေကန်မှ ရေနောက်များကို ရေသန့်အဖြစ် ပြုပြင်ပြောင်းလဲပြီး ၇ ဒသမ ၄ PH ရှိရေသန့်များ ဖြစ်လာမှု၊ သောက်သုံးရေအဖြစ် အသုံးပြုနိုင်မှုများကို ရှင်းလင်းပြသသည်။

အဆိုပါရေကန်တွင် ရေနောက်ပါဝင်မှု ၀ ဒသမ ၄၂ ရာခိုင်နှုန်း၊ ဆိုဒီယမ်ပါဝင်မှု ၈၂ ရာခိုင်နှုန်းဖြစ်ပြီး ၇ ဒသမ ၄ PH ရှိ ရေသန့်များအဖြစ် ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။ ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေး

စာမျက်နှာ ၁၀ ကော်လံ ၁

သတင်းနှင့်ဓာတ်ပုံ ဇော်မင်းလတ်(ဒလ)

ယနေ့ မာတိကာ

အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်တို့တွေ့ဆုံပြီးနာရီအနည်းငယ်ကြာ မြောက်ကိုရီးယားတို့ ဒုံးကျည်စမ်းသပ်မှုပြုလုပ်ခဲ့ — စာမျက်နှာ-၁၁

ပညာရေးနှင့် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုအရ ယခုနှစ်မှ ၂၀၂၀အထိ ကလေးခြောက်သန်းအား သွားကျန်းမာရေး ပညာပေးမည် — စာမျက်နှာ-၁၂

ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ အမေရိကန်အခြေစိုက် Western Union မှတစ်ဆင့် ငွေလွှဲဝန်ဆောင်မှုပြုနိုင်ပြီ — စာမျက်နှာ-၁၃

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၃) ရက်သာ လိုတော့သည်

မိသားစုဘဝများ လုံခြုံဖို့ "Two Stars" သွပ်ပြား မိုးကြစို့...

TWO STARS
Full Hard Quality

